# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၆ ရက်၊ အင်္ဂါနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၀၆]


**မေတ္တာသည် အတ္တမဟုတ်**

မေတ္တာသည် စိတ်ရှည်တတ်၏။
မေတ္တာသည် ကျေးဇူးပြုတတ်၏။
မေတ္တာသည် ဂုဏ်ပြိုင်တတ်ခြင်းမရှိ။
မေတ္တာသည် ဝါကြွားတတ်ခြင်းမရှိ။
မေတ္တာသည် မာန်မာနထားခြင်းမရှိ။
မေတ္တာသည် မလျော်သော အကျင့်ကို မကျင့်။
မေတ္တာသည် ကိုယ်ကျိုးမရှာတတ်။

# ရွေးကောက်ပွဲများမှထွက်ပေါ်လာမယ့်ရလဒ်များကိုလည်း ပြည်သူများရဲ့ ဆန္ဒအမှန်အဖြစ် သဘောထားကြီးစွာလက်ခံနိုင်ကြဖို့ အရေးကြီး

**နိုင်ငံတော်သမ္မတပြောကြားသည့် ရေဒီယိုမိန့်ခွန်း**
**(၆-၁၀-၂၀၁၅)**

**မိဘပြည်သူများခင်ဗျား-**

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေများကို မိဘပြည်သူများထံ ရေဒီယိုကနေတစ်ဆင့် အသိပေးပြောကြားနေကျဖြစ်တဲ့အတိုင်း စက်တင်ဘာလအတွင်း မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုများကို ပြောကြားရခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ ပြည်သူလူထုတစ်ရပ်လုံး မျှော်လင့်နေတဲ့ ငြိမ်းချမ်းရေးဟာ မကြာခင်မှာဘဲ အဆင့်တစ်ဆင့်ကို တက်လှမ်းတော့မှာဖြစ်ပါတယ်။ သို့သော်လည်းပဲ အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့ စိုးရိမ်ပူပန်မှုတွေရှိနေတယ်လို့ ကြားသိရပါတယ်။ ဒါကြောင့်လည်း ပြီးခဲ့တဲ့ စက်တင်ဘာလ ၉ ရက်နေ့မှာ ကျွန်တော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ

*စာမျက်နှာ ၃ ကော်လံ ၁* ✻

**“လက်မှတ်ရေးထိုးဖို့ အဆင်သင့်မဖြစ်သေးတဲ့အဖွဲ့များကိုလည်း ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်လာနိုင်ဖို့ လမ်းကြောင်းဖွင့်၊ တံခါးဖွင့် ပြင်ဆင်ထားမှာဖြစ်”**



# မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရေး အမြင်ချင်းဖလှယ်

**နေပြည်တော် အောက်တိုဘာ ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ထိုင်းနိုင်ငံ ဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဒ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရေး၊ နှစ်နိုင်ငံဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု စသည့်ကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ရင်းနှီးစွာအမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဒေါက်တာသန်းအောင်၊ ဦးရဲထွဋ်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ပီစနု စူဗန်နာဂျတာလည်း တက်ရောက်သည်။ **(သတင်းစဉ်)**

## ယနေ့ ပတ်စရာ


တရုတ်၊ အိုင်ယာလန်၊ ဂျပန်သိပ္ပံပညာရှင်များ ၂၀၁၅ ဆေးပညာဆိုင်ရာနိုဘယ်ဆု ရရှိ — စာမျက်နှာ ၄

အပစ်ရပ်စာချုပ်လက်မှတ်ရေးထိုးပြီးပါက နိုင်ငံရေးဆွေးနွေးပွဲ စတင်ရန်အတွက် နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်ဆိုင်ရာ အလွတ်သဘောဆွေးနွေး — စာမျက်နှာ ၁၁

စက်တင်ဘာ ၁၉ ရက်က ပြန်လည်စတင်လိုက်သော မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်ရေးလမ်းအခြေအနေအရ ယခင်ထက်ကုန်စည်ဝင်ထွက်မှု ထက်ဝက်လျော့ — စာမျက်နှာ ၁၂





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ကျေးလက်ဖွံ့ဖြိုး မြို့ပြသာယာ

နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံအကျဆုံးသည် ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးပင်ဖြစ်ပါသည်။ ကျေးလက်ဖွံ့ဖြိုးရေးသည် အခြေခံအဆောက်အအုံများ ခေတ်မီတိုးတက်ရေး၊ ကျေးလက်နေပြည်သူများ၏ လူမှုဘဝမြင့်မားတိုးတက်ရေး၊ ကျေးလက်နေပြည်သူများ၏ အသိဉာဏ်ဖွံ့ဖြိုးရေး စသော အခြေအနေများအပေါ်တွင် မူတည်လျက်ရှိပါသည်။ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်သည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု၏ ပဓာနကျသော အခြေခံအုတ်မြစ်ဖြစ်ပါသည်။

ထို့ကြောင့်လည်း လက်ရှိနိုင်ငံတော်အစိုးရ လက်ထက်တွင် ကျေးလက်ဖွံ့ဖြိုးရေးကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပါသည်။ ကျေးလက်လမ်းတံတားများ ကောင်းမွန်ရေး၊ ရေ၊ မီးရရှိရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်ရေး၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးရေး စသော အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသများတွင် လမ်း၊ တံတားနှင့်ပတ်သက်၍ အရှိန်အဟုန်မြှင့်တည်ဆောက်ပေးနေကြောင်း၊ ရေပေးဝေရေးကဏ္ဍတွင် ရေရရှိရေးလုပ်ငန်း ၁၃၉၃၅ ခုဖြင့် ကျေးရွာပေါင်း ၁၂၇၅၁ ရွာအတွက် ဆောင်ရွက်နေကြောင်း၊ မီးလင်းရေးလုပ်ငန်းပေါင်း ၃၆၅၆၅၀ ဖြင့် ကျေးရွာ ၄၈၄၀ အတွက် တစ်နိုင်ငံလုံး မီးလင်းရေး၊ စီမံချက်ဖြင့် ဆောင်ရွက်နေကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ကျေးလက်အိမ်ရာဆောင်ရွက်ထားမှုကို ပြီးခဲ့သည့်နှစ်က ၅၄၃ ရွာ ဆောင်ရွက်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးရွာပေါင်း ၄၁၁ ရွာတွင် ဆောင်ရွက်ရန် လျာထားကြောင်း၊ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများဖြစ်သည့် ပန်းရန်သင်တန်း၊ အပ်ချုပ်သင်တန်း၊ ဆိုင်ကယ်ပြင်သင်တန်း၊ ဇီဝသဲရေအိုးပြုလုပ်နည်းသင်တန်း စသည်ဖြင့် ဖွင့်လှစ်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဘတ်ဂျက်ငွေကျပ် ၂၃၉၄ သန်းဖြင့် ဆက်လက်ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။

ဤကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်များသည် ကျေးလက်ဒေသများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသည်ကို သိသာထင်ရှားစွာ တွေ့မြင်ရမည်ဖြစ်ပါသည်။ ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းများကို နိုင်ငံတော်အပိုင်းက ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရုံမျှဖြင့် တိုးတက်လာမည်မဟုတ်ပါ။ ဒေသခံပြည်သူ များက တိုးတက်လိုစိတ်ပြင်းပြပြီး အမှန်တကယ် ကြိုးစားအားထုတ်ကြရန် လိုအပ်ပါသည်။ တစ်ဦးချင်း ထုတ်လုပ်မှုမြင့်လာမှသာ လူတစ်ဦးချင်း ဝင်ငွေတိုးတက်လာမည်ဖြစ်ပါသည်။ ကျေးရွာတစ်ရွာအနေဖြင့် ရေမီးပြည့်စုံပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ရန်ရေ အလုံအလောက်ရှိသည်ဆိုပါက ထိုကျေးရွာသည် စည်ပင်ဖွံ့ဖြိုးရန် သေချာနေပါသည်။ ဒေသခံပြည်သူများ၏ ကြိုးစားအားထုတ်မှုနှင့် လုံ့လပြုမှုအပေါ်တွင်သာ အဓိကကျမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတစ်ဝန်း ကျေးရွာများဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လာနိုင်သည်နှင့်အမျှ မြို့ပြများ၏ ဖွံ့ဖြိုးမှုသည်လည်း ရေမြင့်လျှင်ကြာမြင့်တယ်ဆိုသကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆


## နိုင်ငံရေးပါတီများ၏ ပြည်သူများသို့စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

နေပြည်တော် အောက်တိုဘာ ၅

ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားတိုးတက်ရေးပါတီ၊ အမျိုးသမီးပါတီ(မွန်)နှင့် ရခိုင်မျိုးချစ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို အောက်တိုဘာ ၆ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော်ရုပ်သံလိုင်း ၊ MWD (Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး အောက်တိုဘာ ၇ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။

(သတင်းစဉ်)

# မီးသတ်ဦးစီးဌာနရုံးဖွင့်ပွဲနှင့် မီးသတ်ယာဉ်များလွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

မုံရွာ အောက်တိုဘာ ၅

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နန္ဒဝန်ရပ်ကွက်တွင် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနရုံးဖွင့်ပွဲနှင့် မီးသတ်ယာဉ်များ လွှဲပြောင်းပေးအပ်ပွဲကို အောက်တိုဘာ ၅ ရက်က ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေး တက်ရောက် အမှာစကားပြောကြားပြီး မီးသတ်ယာဉ်များ သရုပ်ပြခြင်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ ထို့နောက် တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့ကမီးငြိမ်းသတ်ယာဉ် ၁၂ စီး၊မီးငြိမ်းသတ်ယာဉ် ၁၀ စီးတို့နှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို စစ်ကိုင်း၊ မုံရွာ၊ ယင်းမာပင်နှင့်ရွှေဘို၊ ကသာနှင့် ကလေးခရိုင်တို့မှ တာဝန်ခံများသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်းတွင် မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၊ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထောက်ပံ့ထားသည့် မီးသတ်ယာဉ် ၂၁၅ စီး၊ ရေသယ်ယာဉ် ၉၇ စီး၊ မီးသတ်စက်ယာဉ် ၂၉ စီး၊ အထောက်အကူပြုယာဉ် ၁၁ စီး၊ အုပ်ချုပ်မှုယာဉ် ငါးစီး စုစု ပေါင်း ၃၅၇ စီးတို့ကို တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၏ အချက်အချာနေရာ များတွင် ဖြန့်ခွဲထားရှိကြောင်း သိရသည်။

(ဖိုးချမ်း-မုံရွာ)

ထင်သာမြင်သာပြုပြင်စရာ

## အောက်ခြေပြတ်ဆက်သွယ်ရေးတိုင် အန္တရာယ်ရှိနေ

ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက် အောက်ကြည့်မြင်တိုင်လမ်း အိမ်အမှတ် (၆၆၁) ဘေး ဖြတ်လမ်းထောင့်တွင် စိုက်ထူထားသော ဆက်သွယ်ရေး သံတိုင်မှာ နှစ်ပေါင်းကြာမြင့်ခဲ့ပြီဖြစ်သည်။

တိုင်၏ အောက်ခြေတစ်ဝက်ကျော်မှာ ပြတ်တောက်ပျက်စီးနေပြီး တိုင်တစ်ခုလုံးမှာ လူနေအိမ်ဘက်သို့ ယိုင်ကျလျက်ရှိသည်။ ထို့အပြင် တိုင်၏ ထိပ်ဖျားပိုင်းမှာ အိမ်၏ လျှပ်စစ်ဓာတ်ကြိုးလိုင်းများဖြင့် ထိနေသည့်အတွက် လျှပ်စစ်မီးအန္တရာယ် အချိန်မရွေးဖြစ်ပေါ်လာနိုင်ပြီး ထိုဖြတ်လမ်းမှဖြတ်သန်းသွားလာနေသော ရပ်ကွက်သူ ရပ်ကွက်သားများအတွက် အန္တရာယ်ရှိပါသဖြင့် အမြန်ဆုံး လာရောက်ပြင်ဆင်ဆောင်ရွက်ပေးနိုင်ရန် ရပ်ကွက်သူ ရပ်ကွက်သားများက ဆန္ဒရှိနေပါကြောင်း ထင်သာမြင်သာ ကဏ္ဍမှတစ်ဆင့် တင်ပြလိုက်ရပါသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၅-၁၀-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၃၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၆၉၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၇ |
| ဥရောပ | တစ်ယူရို | ၁၄၄၇·၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၈·၂၄ |
| ထိုင်း | တစ်ဘတ် | ၃၅·၂၆၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၉·၆၀၁ |
| တရုတ် | တစ်ယွမ် | ၂၀၂·၃၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၀·၄၉ |

ခင်ရတနာ-စုစည်းသည်။

၂၈-၉-၂၀၁၅ မှ ၂-၁၀-၂၀၁၅ ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၆၃၃ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၅၇၄ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (မြန်မာနိုင်ငံစက်သုံးဆီအသင်း)

# မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့အနာဂတ်တွေ ဖန်တီးပေးနိုင်ဖို့ တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိ

*❋ ရှေ့ဖုံးမှ*

ခေါင်းဆောင်များနဲ့ နေပြည်တော်မှာ တွေ့ဆုံပြီး အစိုးရအနေနဲ့ နိုင်ငံရေးအာမခံချက်တွေနဲ့ပတ်သက်ပြီး ဆောင်ရွက်ပေးနိုင်မယ့်ကိစ္စများကို ရှင်းပြခဲ့ပြီး ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ အလေးအနက်ပြောချင်တာကတော့ **NCA** ဟာ ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်းမှာ စာချုပ်စာတမ်းတစ်ခုထက် ပိုပါတယ်။ ပြည်ထောင်စုအစိုးရဘက်က ကိုယ်စားလှယ်များနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရဲ့ ကိုယ်စားလှယ်များဟာ လပေါင်းများစွာ အချိန်ယူပြီး စာတစ်ပိုဒ်ချင်း၊ တစ်လုံးချင်းကို အကျေအလည် ဆွေးနွေးသဘောတူခဲ့ကြတာဖြစ်တဲ့အတွက် ဒီစာချုပ်ဟာ ယုံကြည်မှုတည်ဆောက်ခြင်းဆိုတဲ့ တန်ဖိုးတစ်ခုဖြစ်ပါတယ်။

NCA ရဲ့ အဓိက ရည်မှန်းချက်သည်ပင်လျှင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆက်လက်အကောင်အထည်ဖော်ဖို့ တံခါးတစ်ချပ် ဖွင့်လှစ်ခြင်းဖြစ်ပါတယ်။ NCA လက်မှတ်ရေးထိုးရေးအတွက် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့ အဆင်သင့်မဖြစ်သေးတာ၊ အချိန်ယူပြီး လိုအပ်နေတာတွေရှိတယ်ဆိုတဲ့ ပြောဆိုချက်များကိုလည်း ကြားသိရပါတယ်။ ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ကတော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ထဲမှာ မည်သူ့ကိုမျှ ချန်ထားခဲ့လိုခြင်းမရှိပါဘူး။ ပြီးခဲ့တဲ့ ပြည်ထောင်စုနေ့မှာ အစိုးရ၊ လွှတ်တော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ နိုင်ငံရေးပါတီများဟာ ရွေးကောက်ပွဲမတိုင်မီ NCA ကို လက်မှတ်ရေးထိုးပြီး ဆက်လက်အကောင်အထည်ဖော်သွားကြဖို့ ကတိပြုချက်မှာ လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ NCA မှာ လက်မှတ်ရေးထိုးဖို့ အဆင်သင့်ဖြစ်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနဲ့ လက်မှတ်ရေးထိုးပြီး ဆက်လက်အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။ လက်မှတ်ရေးထိုးဖို့ အဆင်သင့်မဖြစ်သေးတဲ့ အဖွဲ့များကိုလည်း ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်လာနိုင်ဖို့ လမ်းကြောင်းဖွင့်၊ တံခါးဖွင့်ပြင်ဆင်ထားမှာဖြစ်တဲ့အကြောင်းလည်း အသိပေးပြောကြားလိုပါတယ်။

မကြာမီက ကြုံတွေ့ခဲ့ရတဲ့ ရေကြီးနစ်မြုပ်မှု သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်ကြုံတွေ့ပြီးတဲ့အခါ ဒီဘေးဒဏ်အတွင်း ပျက်စီးဆုံးရှုံးမှုများ ကို ပြန်လည်ထူထောင်ရေးဆိုတဲ့ ကိစ္စရပ်များဟာလည်း ကြီးမားတဲ့စိန်ခေါ်မှုဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်ကြောင့် တစ်နေ့တည်း၊ တစ်ရက်တည်းနဲ့ ပျက်စီးသွားတဲ့ ပျက်စီးဆုံးရှုံးမှုများရှိခဲ့သော်လည်း ပြန်လည်ထူထောင်ကုစားနိုင်ဖို့ဆိုရင် အချိန်ကာလတစ်ခုကနေ နှစ်ပေါင်းများစွာ ကြာမြင့်သွားတဲ့အထိ ရှိတတ်ပါတယ်။ ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံတွေကို နိုင်ငံတကာ အကူအညီတွေအပါအဝင် အမြန်ဆုံး ပိုမိုသာလွန်ကောင်းမွန်တဲ့အခြေအနေဖြစ်အောင် လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

သို့သော်လည်း ဘေးအန္တရာယ်ကြောင့် မိသားစုများ၊ မိတ်ဆွေများနဲ့ မိမိချွေးနဲ့စာနဲ့ ရှာဖွေစုဆောင်းထားတဲ့ မြတ်နိုးဖွယ်ရာများ ဆုံးရှုံးခဲ့ရလို့ နာကျင်ခံစားရတဲ့ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်မှုများကတော့ ချက်ချင်း ပြန်လည်တည်ဆောက်လို့ မရနိုင်ပါဘူး။ ဒါကြောင့်လည်း ပြီးခဲ့တဲ့ လများအတွင်းက ကြုံတွေ့ခဲ့ရတဲ့ ရေကြီးရေလျှံမှု ဘေးအန္တရာယ်တွေအတွက် ကယ်ဆယ်ထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးတွေ မည်မျှပင် လုပ်ဆောင်နေစေကာမူ သမ္မတတာဝန်ကို ယူထားတဲ့ ကျွန်တော့်အနေနဲ့ ရေဘေးသင့်ပြည်သူများထံ ကိုယ်တိုင်တွေ့ဆုံအားပေးရမယ်လို့ ခံယူပြီး အချိန်ယူသွားရောက်တွေ့ဆုံလျက်ရှိပါတယ်။

စက်တင်ဘာ ၂၃ ရက်နေ့မှာလည်း ချင်းပြည်နယ် ဟားခါးမြို့နဲ့ တီးတိန်မြို့ကို သွားရောက်ပြီး ဒေသခံများနဲ့ တွေ့ဆုံအားပေးစကားပြောကြားခဲ့သလို လိုအပ်တဲ့ ကူညီထောက်ပံ့မှုများကိုလည်း ပေးအပ်ခဲ့ပါတယ်။ ကျွန်တော်သွားရောက်ခဲ့တဲ့ နေရာတိုင်းမှာ ရုပ်ပိုင်းဆိုင်ရာတွေ၊ လူမှုစီးပွားဘဝတွေနဲ့ ဒေသလိုအပ်ချက်တွေ ပြန်လည်ထူထောင်ရေး အစီအမံများနဲ့ပတ်သက်ပြီး ပြည်သူများကို ကျွန်တော်ကိုယ်တိုင် ရှင်းလင်းပြောကြားပြီး အားပေးစကားများ ပြောကြားခဲ့ပါတယ်။ စက်တင်ဘာ ၂၄ ရက်နေ့မှာလည်း ကမ္ဘာ့ဘဏ်နဲ့ပူးပေါင်းဆောင်ရွက်တဲ့ ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးဆိုင်ရာ ဘေးလွန်ကာလလိုအပ်ချက်များ ဆန်းစစ်ချက်အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ပြီး ဘက်စုံမဟာဗျူဟာများကို ဆွေးနွေးခဲ့ကြပါတယ်။

တိုင်းပြည်တစ်ပြည်ရဲ့ သုခုမသဘင်ပညာဟာ ထိုတိုင်းပြည်နဲ့ ထိုတိုင်းပြည်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ လူ့အဖွဲ့အစည်းရဲ့ သဘာဝအတွေးအခေါ်နဲ့ အမျိုးသားကြွန်အင်လက္ခဏာတွေကို လေ့လာနိုင်တဲ့ အကောင်းဆုံး အရာတစ်ခုဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံနဲ့တစ်နိုင်ငံ မိတ်ဖွဲ့ကြတဲ့အခါ တစ်နိုင်ငံက အခြားတစ်နိုင်ငံရဲ့ သုခုမအနုပညာကို လေ့လာပြီး အကဲဖြတ်ကြတာဖြစ်တဲ့အတွက် တိုင်းပြည်ရဲ့ သံတမန်လို့လည်း ဆိုနိုင်ပါတယ်။ ဒီကနေ့ အောင်မြင်တိုးတက်တဲ့နိုင်ငံတွေဟာ သူတို့နိုင်ငံရဲ့ ပုံရိပ်ကိုမြှင့်တင်ဖို့နဲ့ သူတို့ရဲ့ယဉ်ကျေးမှုတန်ဖိုးတွေ ကမ္ဘာကိုဖြန့်ချိဖို့အတွက် ရုပ်ရှင်၊ ဂီတနဲ့ သဘင်ကို ကောင်းကောင်းအသုံးချနေကြတာက သက်သေပဲဖြစ်ပါတယ်။

လွန်ခဲ့တဲ့နှစ်အတွင်းက ကျွန်တော်နဲ့ ရုပ်ရှင်၊ ဂီတနဲ့ သဘင်ပညာရှင်များတွေ့ဆုံတဲ့ပွဲမှာ နိုင်ငံတော်အနေနဲ့ လိုအပ်တဲ့ကိစ္စရပ်တွေ ပံ့ပိုးကူညီပေးဖို့ မေးမြန်းခဲ့ပါတယ်။ ရုပ်ရှင်ရိုက်ကူးရေးမှာလိုအပ်တဲ့ စတူဒီယိုများအတွက် မြေနေရာများချထားပေးဖို့ စီစဉ်ဆောင်ရွက်မှုများရှိသလို မန္တလေးမြို့မှာကဲ့သို့ ယခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့မှာ ရန်ကုန်မြို့မှာ မြန်မာ့အနုပညာ ဗဟိုဌာန အဆောက်အအုံဆောက်လုပ်ဖို့ ပန္နက်စိုက်ထူပေးခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ အနုပညာရှင်များရဲ့ စွမ်းပကားကို တိုင်းပြည်တည်ဆောက်ရေးနဲ့ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ တွေးခေါ်ဆင်ခြင်နိုင်မှု တိုးတက်မြင့်မားရေးဆိုတဲ့နေရာမှာ ထိရောက်စွာ အကျိုးပြုစေချင်တဲ့ ဆန္ဒရှိပါတယ်။ အနုပညာရှင်များကိုလည်း ပြည်သူအများနဲ့သက်ဆိုင်တဲ့ ပြည်သူ့အနုပညာရှင်များအဖြစ် တိုင်းပြည်နဲ့ လူ့အဖွဲ့အစည်းအတွက် အလွန်အရေးကြီးတဲ့ မိမိတို့ရဲ့ အနုပညာရဲ့အခန်းကဏ္ဍကို လေးစားတန်ဖိုးထားပြီး လက်တွေ့ကျသော ပြုမူဆောင်ရွက်မှုများနဲ့ တိုင်းပြည်ရဲ့အနာဂတ်ကို ဖန်တီးကြပါလို့လည်း တိုက်တွန်းပြောကြားအပ်ပါတယ်။

လာမယ့် နိုဝင်ဘာမှာ ၂၀၁၅ အထွေထွေရွေးကောက်ပွဲများ ကျင်းပတော့မှာဖြစ်ပါတယ်။ ရွေးကောက်ပွဲကာလဖြစ်တဲ့အတွက် ပြည်သူလူထုအနေနဲ့လည်း မိမိတို့ရဲ့ဆန္ဒများ၊ လိုလားချက်များနဲ့ အနာဂတ်အတွက် စိတ်အားတက်ကြွမှုတွေဖြစ်ပေါ်နေမှာကိုလည်း ကျွန်တော့်အနေနဲ့ နားလည်သိရှိပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့လည်း မဲစာရင်း မှားယွင်းနေခြင်းများကို ပြုပြင်နိုင်ဖို့နဲ့ ပြည်သူများ မဲပေးခွင့်မဆုံးရှုံးရအောင် ကြိုးပမ်းဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်။ ပြည်သူများရဲ့ အရေးကြီးတဲ့ ဆန္ဒမဲပေးပိုင်ခွင့်မဆုံးရှုံးရအောင် ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်နဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ကြတဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းအသီးသီးရဲ့ ကြိုးပမ်းဆောင်ရွက်မှုကိုလည်း အလေးအနက် အသိအမှတ်ပြုအပ်ပါတယ်။ မဲဆွယ်စည်းရုံးရေးကာလများနဲ့ ရွေးကောက်ပွဲကျင်းပချိန် ကာလတွေမှာ အရပ်ဘက်လူ့အဖွဲ့အစည်းများရဲ့ လေ့လာစောင့်ကြည့်မှုတွေ ရွေးကောက်ပွဲကော်မရှင်နှင့် ပူးပေါင်းမှုတွေဟာ တရားမျှတပြီး လွတ်လပ်တဲ့ ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အထူးအရေးကြီးပါတယ်။

ပြည်သူများအနေဖြင့်လည်း မဲစာရင်းများ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်များကို အသိပေးကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ပြည်သူတို့ရဲ့ ပူးပေါင်းပါဝင်မှုအားနဲ့ ပိုမိုပြည့်စုံမှန်ကန်တဲ့ မဲစာရင်းများ ပေါ်ထွက်လာရေးကို ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ မဲစာရင်းနဲ့ပတ်သက်ပြီး ပေါ်ပေါက်နေတဲ့ လိုအပ်ချက်များကို ဖြေရှင်းနိုင်ဖို့အတွက် မဲဆန္ဒရှင်ပြည်သူများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ပါတယ်။ အုပ်ချုပ်ရေးကဏ္ဍ ကနေ ဆောင်ရွက်ပေးနိုင်မယ့်ကိစ္စရပ်များကို အစိုးရအနေနဲ့ ဆောင်ရွက်သွားမှာဖြစ်ကြောင်းလည်း ပြောကြားလိုပါတယ်။

၂၀၁၅ ရွေးကောက်ပွဲများဟာ ကျွန်တော်တို့နိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အလွန်အရေးပါတဲ့ အလှည့်အပြောင်းဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ အစဉ်ရပ်တည်ပြောကြားခဲ့ပါတယ်။ မဲစာရင်းကိစ္စအပါအဝင် ရွေးကောက်ပွဲဆိုင်ရာ အတွေ့အကြုံအားနည်းမှု စတဲ့စိန်ခေါ်မှုများရှိနေသည့်တိုင်အောင် ဒီရွေးကောက်ပွဲများဟာ ပြည်သူ့ဆန္ဒကို အခိုင်အမာထင်ဟပ်မယ့် ရွေးကောက်ပွဲများဖြစ်မယ်လို့ ယုံကြည်ပါတယ်။ ဒီလိုပြည်သူတွေရဲ့ဆန္ဒမှန်ကို ကိုယ်စားပြုနိုင်ဖို့အတွက် ဒီရွေးကောက်ပွဲများမှာ ပါဝင်ယှဉ်ပြိုင်ကြတဲ့ နိုင်ငံရေးပါတီများနဲ့ ကိုယ်စားလှယ်လောင်းများမှာလည်း များစွာတာဝန်ရှိပါတယ်။ ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် အစွမ်းကုန် ကြိုးပမ်းကြတဲ့နည်းတူ လိုက်နာရမယ့် ဥပဒေ၊ နည်းဥပဒေ၊ ကျင့်ဝတ်များကို လိုက်နာကြဖို့နဲ့ အပြန်အလှန်လေးစားမှုရှိရှိ ယှဉ်ပြိုင်ကြဖို့ လိုအပ်ပါတယ်။ ရွေးကောက်ပွဲများမှ ထွက်ပေါ်လာမယ့် ရလဒ်များကိုလည်း ပြည်သူများရဲ့ ဆန္ဒမှန်အဖြစ် သဘောထားကြီးစွာ လက်ခံနိုင်ကြဖို့ အရေးကြီးကြောင်း တိုက်တွန်းလိုပါတယ်။

ပြည်သူများအနေနဲ့လည်း ဒီရွေးကောက်ပွဲများရဲ့ အရေးပါမှုကို သိရှိနားလည်ပြီး မိမိတို့မဲပေးရွေးချယ်မယ့် ကိုယ်စားလှယ်လောင်းများရဲ့ အရည်အချင်း၊ အရည်အသွေး၊ အကျင့်စာရိတ္တ၊ စိတ်ရင်းစေတနာနဲ့ ရည်မှန်းချက်များကို လက်တွေ့ကျကျ စဉ်းစားချင့်ချိန်ပြီး ဆန္ဒမဲပေးကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။

ကျွန်တော်တို့အစိုးရ စတင်တာဝန်ယူစဉ်ကတည်းက ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့တဲ့အနက် အစိုးရအုပ်ချုပ်ရေးယန္တရား တိုးတက်ကောင်းမွန်ရေးကို အလေးထားဆောင်ရွက်ခဲ့ပါတယ်။ ပြည်သူ့ကိုယ်စားလှယ်တွေနဲ့ ဖွဲ့စည်းထားတဲ့ လွှတ်တော်နဲ့ အစိုးရများသာမက မြို့နယ်အဆင့်မှာလည်း မြို့မိ၊ မြို့ဖတွေ ပါဝင်တဲ့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနဲ့ စည်ပင်သာယာရေးကော်မတီများကို ဒီမိုကရေစီကျင့်စဉ်များနဲ့အညီ ရွေးချယ်ဖွဲ့စည်းပြီး ပြည်သူပါဝင်သော အုပ်ချုပ်မှုစနစ်ဖြစ်အောင် စတင်ပုံဖော်နိုင်ခဲ့ပါတယ်။

အစိုးရဝန်ထမ်းများအဖြစ်ကနေ ပြည်သူ့ဝန်ထမ်းများအဖြစ် ပြည်သူအပေါ်မှာ တာဝန်သိမှု၊ တာဝန်ယူမှုများနဲ့ စေတနာနဲ့ ဝန်ဆောင်မှုပေးဖို့ ရည်ရွယ်ပြီး စုပေါင်းရုံးများဖွင့်လှစ်တဲ့အစီအစဉ်ကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ အခုလို ပြည်သူ့ဝန်ထမ်းများ လေ့ကျင့်ပျိုးထောင်ခြင်း၊ ဝန်ထမ်းလစာများ တိုးမြှင့်ခြင်းနဲ့ နေထိုင်လုပ်ကိုင်မှုများအဆင်ပြေဖို့ ဆောင်ရွက်တဲ့နည်းတူ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနဲ့ စည်ပင်သာယာရေးကော်မတီများကိုလည်း ပူးပေါင်းဆောင်ရွက်မှုနဲ့ပတ်သက်ပြီး လေ့ကျင့်ပျိုးထောင်ပေးခဲ့ပါတယ်။

လာမယ့် ငါးနှစ်အတွင်းမှာ မြို့နယ်၊ မြို့ပြအုပ်ချုပ်ရေးများကို အစိုးရအုပ်ချုပ်ရေးကနေ ပြည်သူများက ရွေးချယ်ပေးတဲ့ ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းတဲ့ Township Council, City Council များအဖြစ် ဖွဲ့စည်းပြီး ဌာနဆိုင်ရာများနဲ့ အုပ်ချုပ်မှုအစား ပြည်သူ့အုပ်ချုပ်မှုယန္တရားအဖြစ် အသွင်ပြောင်းလဲဖွဲ့စည်းနိုင်အောင် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဖြည့်စွက်ပြင်ဆင်သွားဖို့ ရည်ရွယ်ထားပါတယ်။ 'ပြည်သူ့အုပ်ချုပ်ရေးယန္တရား' ဖြစ်မှသာလျှင် ပြည်သူများရဲ့ လူမှုစီးပွားလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မှာလည်း ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရအောင်၊ ပြည်သူများရဲ့ စီးပွားရေး ပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင်၊ ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့အနာဂတ်တွေ ဖန်တီးပေးနိုင်ဖို့ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့အကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

မိဘပြည်သူများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ။

## သံတောင်ကြီးမြို့နယ် ဥသျှစ်ကုန်းကျေးရွာ၌ မြေငှားဂရန်ထုတ်ပေး

**သံတောင်ကြီး အောက်တိုဘာ ၅**

ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့နယ် စီပင်ကြီးကျေးရွာအုပ်စု ဥသျှစ်ကုန်းကျေးရွာ၌ မြေငှားဂရန်ထုတ်ပေးခြင်း အခမ်းအနားကို အောက်တိုဘာ ၃ ရက် မွန်းလွဲ ၂ နာရီက စီပင်ကြီးကျေးရွာ အလယ်တန်းကျောင်းဆောင်အတွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစောခရစ္စတိုဖာနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မိုးဝင်းတို့က တက်ရောက်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြေငှားဂရန်များကို စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ပေးအပ်ရာ ဒေသခံ ဥသျှစ်ကုန်းကျေးရွာသူ ကျေးရွာသားများက လက်ခံရယူခဲ့ကြသည်။ **(ယာပုံ)**

အဆိုပါ ဥသျှစ်ကုန်းကျေးရွာသည် ကရင်ပြည်နယ်၌ ပထမဦးဆုံး မြေငှားဂရန်စတင်ထုတ်ပေးသော ကျေးရွာဖြစ်ကြောင်း သိရသည်။

**(၄၁၀)**



## ၂၀၁၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနား ဟားခါး၌ကျင်းပ

**ဟားခါး အောက်တိုဘာ ၅**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ကျရောက်သော ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ချင်းပြည်နယ် ဟားခါးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်ကြွမ်ဘိခ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ပညာရေးမှူး ဒေါ်ဝင်းကြည်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ကာတွန်း၊ ဆောင်းပါးပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဟောက်ခင်ခမ်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

# ရုရှား၏ လေကြောင်းချီတိုက်ခိုက်မှုများ အရှေ့အလယ်ပိုင်းကို ကယ်တင်ရာရောက်ဟု အာဆတ်ပြော



**မက်ဒရစ် အောက်တိုဘာ ၅**

မော်စကိုက ဆီးရီးယားနိုင်ငံတစ်ဝန်း အိုင်အက်စ် စစ်သွေးကြွများကို ပစ်မှတ်ထားတိုက်ခိုက်နေပြီဟု ပြောဆိုပြီး တစ်ရက်အကြာ ရုရှားနိုင်ငံက ဆီးရီးယားစစ်ပွဲတွင် အောင်မြင်စွာ ပါဝင်ဆောင်ရွက်လာနိုင်ခြင်းသည် ဆီးရီးယားနှင့် အရှေ့အလယ်ပိုင်းဒေသ ပျက်စီးယိုယွင်းနေမှုများကို ကယ်တင်ရာရောက်ကြောင်း ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်က ပြောဆိုလိုက်သည်။

ဆီးရီးယားနှင့်အီရတ်တွင် အနောက်အုပ်စုနှင့် အာရပ်တို့က တစ်နှစ်ကြာ လေကြောင်းတိုက်ခိုက်မှုသည် အကြမ်းဖက်ဝါဒကို အားပေးရာရောက်ပြီး တပ်သားသစ်များစုဆောင်းနေကြောင်း၊ သို့သော်လည်း ဆီးရီးယား၊ ရုရှား၊ အီရန်နှင့်အီရတ်ညွန့်ပေါင်းအဖွဲ့က အမှန်တကယ်ရလဒ်ကောင်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်လိမ့်မည်ဖြစ်ကြောင်း အာဆတ်က ထပ်လောင်းပြောဆိုလိုက်သည်။

"ဒီကိစ္စက ပျက်စီးယိုယွင်းနေတဲ့ ဒေသတစ်ခုလုံးကို အောင်မြင်အောင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါဟာ နိုင်ငံတစ်နိုင်ငံ နှစ်နိုင်ငံတည်းနဲ့လုပ်လို့ရတဲ့ ကိစ္စမဟုတ်ပါဘူး"ဟု တနင်္ဂနွေနေ့က အီရန်ရုပ်မြင်သံကြားနှင့် အင်တာဗျူးရာ၌ ၎င်းကပြောဆိုလိုက်သည်။

ဆီးရီးယားအနောက်ပိုင်းတွင် အခြေစိုက်သည့် ရုရှားဂျက်လေယာဉ်များက အိုင်အက်စ်အခြေစိုက်စခန်းများကို ပစ်မှတ်ထားတိုက်ခိုက်နေပြီဟု မော်စကိုက အတည်ပြုခဲ့ပြီး ရက်ပိုင်းအကြာ အာဆတ်က ပြောဆိုလိုက်သည်။ **(ရိုက်တာ)**

# တရုတ်တောင်ပိုင်း မူဂျီဂေးမုန်တိုင်းဝင်ရောက်မှု အနည်းဆုံး ခုနစ်ဦးသေဆုံး ၂၂၃ဦးဒဏ်ရာရ



**ကွမ်ကျိုး အောက်တိုဘာ ၅**

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ်သို့ တနင်္ဂနွေနေ့က မူဂျီဂေးတိုင်ဖွန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ရာ အနည်းဆုံး ခုနစ်ဦးသေဆုံးပြီး ၂၂၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

တိုင်ဖွန်းမုန်တိုင်း မူဂျီဂေးကြောင့် ကျိကျန်းမြို့၌ လေဆင်နှာမောင်း ဖြစ်ပေါ်ခဲ့ပြီး သေဆုံးဒဏ်ရာရအရေအတွက်များပြားခဲ့ကြောင်း၊ ယင်းမြို့တွင် ရေအများဆုံးလွှမ်းခဲ့ပြီး ဆက်သွယ်ရေးနှင့်ဓာတ်အားလိုင်းများ ပြတ်တောက်သွားခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

လေဆင်နှာမောင်းကြောင့် နန်းချွမ်း၊ ရှိကျီတို့ကိုအထိများခဲ့ပြီး နေအိမ်အများအပြားပျက်စီးကာ လူသုံးဦးသေဆုံး၊ အခြား ၁၃၄ ဦး ဒဏ်ရာရခဲ့သည်။ တနင်္ဂနွေနေ့ မွန်းလွဲပိုင်းက ဖိုရှန်းမြို့ ခရိုင်သုံးခုသို့ ဝင်ရောက်ခဲ့ကာ သုံးဦးသေဆုံး၊ ၈၉ ဦးဒဏ်ရာ ရခဲ့ကြောင်း ဒေသခံအစိုးရက ပြောသည်။ **(ဆင်ဟွာ)**

# တာလီဘန်လက်မှ ကွန်ဒုဇ်မြို့အားလုံးကိုပြန်သိမ်း ဈေးဆိုင်များပြန်ဖွင့်ပြီဟု ဒေသခံများပြော

**ကဘူးလ် အောက်တိုဘာ ၅**

အာဖဂန်အစိုးရတပ်များအနေဖြင့် ကွန်ဒုဇ်မြို့တစ်ခုလုံးကို တနင်္လာနေ့တွင် ထိန်းချုပ်လိုက်ပြီဖြစ်၍ လွန်ခဲ့သောသီတင်းပတ်က တာလီဘန်တို့လက်အောက်ကျရောက်ခဲ့ပြီးနောက် အဆိုပါ မြို့လယ်ရှိ ဆိုင်ခန်းများကို ပထမဆုံးအကြိမ်အဖြစ် ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ရဲတပ်ဖွဲ့နှင့် ဒေသခံများက ပြောကြားသည်။

တိုက်ပွဲသံမကြားရသည်မှာ ရှစ်ရက်ခန့်ရှိပြီဖြစ်ကြောင်း၊ နေအိမ်အပြင်ဘက်ထွက်၍ အစားအသောက်များဝယ်ယူရန် ဖြစ်နိုင်ပြီဖြစ်ကြောင်းဖြင့်လည်း ဒေသခံများက ပြောသည်။

အာဖဂန်တပ်ဖွဲ့ဝင်များက အိုင်အက်စ်အကြမ်းဖက်သမားများကို တစ်အိမ်တက်ဆင်းရှာဖွေမှုများ ဆက်လက်ပြုလုပ်နေဆဲဖြစ်ကြောင်း တာလီဘန်များနှင့် အစိုးရတပ်များတိုက်ပွဲများဖြစ်ပွားရာ မြို့လယ်ကိုထိန်းချုပ်နိုင်ပြီဖြစ်၍ ပုံမှန်ဖြစ်နေပြီဖြစ်ကြောင်း ကွန်ဒုဇ်ဒေသခံတစ်ဦးဖြစ်သူ အဗ္ဗဒူလ်ဂါဖုယားက ပြောသည်။ "ဒီမြို့မှာ အခန်းတွေနဲ့မိလ္လာတွေထဲမှာ သေဆုံးနေတဲ့ ရုပ်အလောင်းတွေ ဆိုးဆိုးရွားရွားအနံ့တွေထွက်နေဆဲပါ။ ဒေသအစိုးရက တစ်ခုခုလုပ်ဖို့လိုပါတယ်"ဟု ၎င်းကပြောသည်။ **(ရိုက်တာ)**

# ဂွာတီမာလာ မြေပြိုမှု သေဆုံးသူ ၁၀၇ ဦးအထိရှိလာ

**ဂွာတီမာလာ အောက်တိုဘာ ၅**

ဂွာတီမာလာ အီးကမ်ဘရေးကျေးရွာအနီး မြေပြိုမှုကြောင့် သေဆုံးသူအရေအတွက် ၁၀၇ ဦးအထိ ရှိလာကြောင်း အစိုးရက တနင်္ဂနွေနေ့တွင် ကြေညာသည်။ အဆိုပါမြေပြိုမှုဖြစ်ပွားရာအနီး ယာယီစခန်း၌ ရုပ်အလောင်း ၁၀၇ ဦးအထိရှိကာ မိသားစုဝင်များက ၉၆ ဦးအထိ အတည်ပြုနိုင်ခဲ့ပြီဖြစ်ကြောင်း ဂွာတီမာလာပြည်သူ့ရေးရာဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

ယင်းမြေပြိုမှုကြောင့် နေအိမ် ၁၂၅ လုံး မြေအောက်ရောက်ခဲ့ပြီး လူပေါင်း ၆၀၀ ကျော် ပျောက်ဆုံးခဲ့ရာမှ ကယ်ဆယ်ရေးအဖွဲ့က ရှာဖွေမှုများပြုလုပ်လျက်ရှိသည်။ **(ဆင်ဟွာ)**

# တရုတ်၊ အိုင်ယာလန်၊ ဂျပန် သိပ္ပံပညာရှင်များ ၂၀၁၅ ဆေးပညာဆိုင်ရာနိုဘယ်ဆုရရှိ



**စတော့ဟုမ်း အောက်တိုဘာ ၅**

ယနေ့သတင်းထုတ်ပြန်ချက်များအရ အိုင်းရစ်ပြည်ဖွား ဝီလီယံကမ့်ပဲလ်၊ တရုတ်နိုင်ငံမှ တူယူယူနှင့် ဂျပန်နိုင်ငံမှ ဆာတိုရှိအိုမူရာတို့ သုံးဦးကို ဇီဝကမ္မဗေဒ သို့မဟုတ် ဆေးပညာနိုဘယ်ဆုပူးတွဲချီးမြှင့်ခဲ့ကြောင်း ဆွီဒင်နိုင်ငံ ကာရိုလင်စကာ သိပ္ပံ၊ နိုဘယ်ဆုချီးမြှင့်ခြင်းအခမ်းအနားက**(ယနေ့)**အောက်တိုဘာ ၅ ရက် နံနက် ၁၁ နာရီ ၃၀မိနစ်တွင် ကြေညာခဲ့သည်။

ယခုနှစ် နိုဘယ်ဆုရှင်များကို အောက်တိုဘာ ၅ ရက်မှစတင်၍ ကြေညာခဲ့သည်။ ဇီဝကမ္မဗေဒ သို့မဟုတ် ဆေးပညာတွင် နိုဘယ်ဆုရရှိသူများကို ပထမဆုံးကြေညာခဲ့သည်။ ရူပဗေဒပညာရပ်တွင် နိုဘယ်ဆုရရှိသူများကို အောက်တိုဘာ ၆ ရက်တွင် ကြေညာလိမ့်မည်ဖြစ်သည်။ ထို့ပြင် ဓာတုဗေဒပညာရပ်တွင် နိုဘယ်ဆုရရှိသူများကို အောက်တိုဘာ ၇ ရက်တွင် လည်းကောင်း၊ ငြိမ်းချမ်းရေး နိုဘယ်ဆုရရှိသူများကို အောက်တိုဘာ ၉ ရက်တွင် လည်းကောင်း အသီးသီးကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။


စီးပွားရေးဆိုင်ရာ နိုဘယ်ဆုရရှိသူများကို အောက်တိုဘာ ၁၂ ရက်တွင် ကြေညာပေးသွားမည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ရေးသားဖော်ပြခဲ့သည်။ စာပေနိုဘယ်ဆုရှင်များကို လာမည့်ကြာသပတေးနေ့တွင် ကြေညာမည်ဟု ခန့်မှန်းရသော်လည်း အစဉ်အလာအားဖြင့် ရက်အတိအကျကြိုတင်ကြေညာခြင်းမရှိကြောင်း သိရသည်။

စတော့ဟုမ်းရှိ နိုဘယ်ဆုပြတိုက်တွင် ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်နေကြောင်း သိရသည်။ ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်များမှလွဲ၍ အခြားနိုဘယ်ဆုရှင်အားလုံးကို စတော့ဟုမ်းရှိ နိုဘယ်ဆုပြတိုက်တွင် ဖော်ပြကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။ မျက်နှာသစ်နိုဘယ်ဆုရှင်များ၏ ဓာတ်ပုံများကို အဆိုပါနေရာ၌ ပြသရန် အလုပ်သမားများက ကြိုတင်နေရာချမှုများပြုလုပ်နေသည်။

နိုဘယ်ဆုရွေးချယ်ရေး ကော်မတီက နိုဘယ်ဆုရှင်များ၏ သတင်းအချက်အလက်များကို ထုတ်ပြန်ကြေညာခြင်းမပြုသေးပေ။ သို့သော်လည်း နိုဘယ်ဆုရပညာရှင် သို့မဟုတ် နိုဘယ်ဆုရအဖွဲ့ စုစုပေါင်း ၂၇၀ ထဲမှ ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

နော်ဝေငြိမ်းချမ်းရေးသုတေသနအင်စတီကျူ့ အော်စလိုက ဂျာမန်ဝန်ကြီးချုပ် အိန်ဂျလာမာကယ်ကို ဥရောပသို့ ဒုက္ခသည်များ ဝင်ရောက်မှုအပေါ် ၎င်း၏ကြိုးစားလုပ်ဆောင်ချက်နှင့်ပတ်သက်ပြီး အကြိုက်ဆုံးနံပါတ်တစ်အဖြစ် ဖော်ပြထားသည်။

စတုတ္ထမြောက်နေရာတွင် ဖော်ပြထားသည့်အဖွဲ့မှာ ဂျပန်ငြိမ်းချမ်းရေးအဖွဲ့ဖြစ်ပြီး နိုဘယ်စာပေဆုနှင့်ပတ်သက်ပြီး ဂျပန်ဝတ္ထုရေးဆရာ ဟာရူကီမူရာကာမီ ဖြစ်မည်ဟု ရေပန်းစားလျက်ရှိသည်။ **(အင်န်အိတ်ချ်ကေ)**



# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဒိုအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ထိုင်းနိုင်ငံ ဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဒို ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာလာစေရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ရင်းနှီးစွာ ဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဦးကျော်ကျော်ဝင်း၊ ဦးဟံစိန်၊ ဦးသန့်ရှင်း၊ ဒေါက်တာဝင်းမြင့်၊ ဒေါ်စန္ဒာခင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ပီစနု စူဗန်နာဂျတာလည်း တက်ရောက်သည်။ **(သတင်းစဉ်)**



# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ထိုင်းနိုင်ငံ ဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဒိုမင်းသမီးအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် အောက်တိုဘာ ၅

**ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဒိုမင်းသမီး ဦးဆောင်မှုဖြင့် ထိုင်းပြည်သူများက လှူဒါန်းသည့် သွေးဝန်ဆောင်မှုလှုပ်ရှားယာဉ် ပေးအပ်လှူဒါန်းပွဲကို ယနေ့ညနေ ၆ နာရီခွဲတွင် Park Royal Hotel ပိတောက်ဆောင်မျက်နှာစာ ယာယီမဏ္ဍပ်၌ကျင်းပသည်။**




အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဒုတိယဝန်ကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး၊ ထိုင်း-မြန်မာ ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဒိုမင်းသမီးက သွေးဝန်ဆောင်မှု လှုပ်ရှားယာဉ် လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းအား ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဒိုမင်းသမီးက သွေးဝန်ဆောင်မှု လှုပ်ရှားယာဉ်သော့ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဒိုမင်းသမီးတို့သည် အဖွဲ့ဝင်များနှင့်အတူ စုပေါင်း၍မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီးနောက် သွေးဝန်ဆောင်မှုလှုပ်ရှားယာဉ်ပေါ်သို့ တက်ရောက်၍ ကြည့်ရှုလေ့လာကြသည်။

ယခုကဲ့သို့ သွေးဝန်ဆောင်မှု လှုပ်ရှားယာဉ် လှူဒါန်းရခြင်းမှာ ထိုင်း-မြန်မာ ချစ်ကြည်ရေး အစွန့်ရှည်စေရန်၊ မြန်မာနိုင်ငံ၌ သွေးလှူဘဏ်လုပ်ငန်းများ တိုးတက်လာစေရန်နှင့် သွေးလှူရှင်များ ပိုမိုများပြားလာစေရန်ရည်ရွယ်၍ လှူဒါန်းခြင်းဖြစ်ပြီး အဆိုပါ သွေးဝန်ဆောင်မှု လှုပ်ရှားယာဉ်သည် အရှည်ပေ ၄၀၊ အနံ ရှစ်ပေရှိ ဟီးနိုးအမျိုးအစားယာဉ်ဖြစ်ပြီး လူခြောက်ဦး တစ်ပြိုင်တည်းသွေးလှူဒါန်းနိုင်သော ယာဉ်ဖြစ်ကာ အဆင့်မြင့်နည်းပညာများ တပ်ဆင်ထားသည့် သွေးဝန်ဆောင်မှုယာဉ်ဖြစ်ကြောင်း သိရသည်။

ညပိုင်းတွင် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ထိုင်းဘုရင့်သမီးတော်မဟာချက်ကရီသီရိဒ္ဒိုမင်းသမီး ဦးဆောင်သော အဖွဲ့အား နေပြည်တော်ရှိ Park Royal Hotel၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(ဝဲပုံ)** **(သတင်းစဉ်)**

# ထိုင်းနိုင်ငံဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဒို ထိုင်း-မြန်မာချစ်ကြည်ရေးကျောင်းသို့ သွားရောက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် ထိုင်းနိုင်ငံဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဒိုသည် ယနေ့နံနက် ၈ နာရီခွဲတွင် ပျဉ်းမနားမြို့ သပြေလှရပ်ကွက်ရှိ အမှတ်(၁၅) အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိကြသည်။

မဟာချက်ကရီ သီရိဒ္ဒိုမင်းသမီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူလေးများက ကြိုဆိုကြသည်။

ထို့နောက် ၂၀၁၃ ခုနှစ်တွင် ကျရောက်သည့် ထိုင်း-မြန်မာသံတမန်ရင်းနှီးချစ်ကြည်ဆက်ဆံရေး (၆၅) နှစ်မြောက် အထိမ်းအမှတ်အဖြစ် ထိုင်းနိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံရှိ ထိုင်းလူမျိုး အဖွဲ့အစည်းများ ပူးပေါင်း၍ ထောက်ပံ့ပေးအပ်လှူဒါန်းသည့် နှစ်ထပ်ကျောင်းဆောင်သစ်သို့ရောက်ရှိပြီး ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီးက ကျောင်းသမိုင်းအကျဉ်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသား ကျောင်းသူလေးများအား စာအုပ်စာတမ်းနှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ပြီး ကျောင်းသား ကျောင်းသူလေးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် စီစဉ်ထားသည့် အခန်းအတွင်း လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ကျောင်းသားကျောင်းသူလေးများ ပညာသင်ကြားနေမှုကို ကြည့်ရှုလေ့လာပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ကျောင်းသားကျောင်းသူလေးများ သောက်သုံးနိုင်ရန် သောက်သုံးရေသန့်စက် တပ်ဆင်ထားမှုကို ကြည့်ရှုလေ့လာသည်။

ထို့နောက် ထိုင်း-မြန်မာ ချစ်ကြည်ရေး ကလေးကစားကွင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကလေးကစားကွင်းအတွင်း ကျောင်းသားကျောင်းသူလေးများ ကစားနေမှုကို ကြည့်ရှုသည်။ **(ယာပုံ)**

ယင်းနောက် ကျောင်းဝင်းအတွင်း၌ သပြေပင်ကို အမှတ်တရစိုက်ပျိုးပေးပြီး ဟင်းသီးဟင်းရွက်စိုက်ခင်းကို ကြည့်ရှုလေ့လာသည်။

ထိုမှတစ်ဆင့် မဟာချက်ကရီသီရိဒ္ဒိုမင်းသမီးနှင့်အဖွဲ့သည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသို့ရောက်ရှိကြရာ ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်ကြည်နှင့် တာဝန်ရှိသူများက မော်ကွန်းတိုက်နောက်ခံသမိုင်းအကျဉ်းကို ရှင်းလင်းတင်ပြပြီး မော်ကွန်းပြခန်း၊ မှတ်တမ်း၊ မော်ကွန်းထိန်းသိမ်းခန်းများနှင့် သုတေသီအထောက်အကူပြုခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် အမျိုးသားပြတိုက်သို့ရောက်ရှိကြပြီး သမိုင်းမတင်မီခေတ်ပြခန်း၊ သမိုင်းတင်ခေတ်၊ ကျောက်ခေတ်လယ်ပြခန်း၊ အနုသုခုမပြခန်းများသို့ လှည့်လည်ကြည့်ရှုလေ့လာရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ **(သတင်းစဉ်)**



# ပညာရေးကဏ္ဍမြှင့်တင်နိုင်ရေး၊ ဆရာ ဆရာမများ အရည်အသွေးမြှင့်မားစေရေးနှင့် သက်သာချောင်ချိရေး အလေးပေးဆောင်ရွက်




ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနား၌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဂုဏ်ထူးဆောင် ပညာရှင်ဆရာကြီး ဆရာမကြီးများ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၅

**ဆရာများ၏ ဂုဏ်ကျေးဇူးကို ဖော်ထုတ်ချီးမြှင့်ရန်၊ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာနှင့်အညီ ကျေးဇူးရှင် ဆရာ ဆရာမများအား လေးစားတန်ဖိုးထား တတ်စေရန်နှင့် ဆရာ ဆရာမများ၏ အရည်အသွေး၊ စွမ်းရည်နှင့် စိတ်ဓာတ်တို့ မြှင့်တင်နိုင်ရန် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားသည်။** (ယာပုံ)

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဦးဌေးအောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ ဂုဏ်ထူးဆောင် ပညာရှင်ဆရာကြီး ဆရာမကြီးများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားကို နေပြည်တော် ကောင်စီနယ်မြေမှ ဆရာမများက "ယနေ့ခေတ် တို့ဆရာ" သီချင်းဖြင့် သီဆိုဖွင့်လှစ်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက အောက်တိုဘာ ၅ ရက်ကို ကမ္ဘာ့ဆရာများနေ့ အဖြစ်နိုင်ငံတကာက အသိအမှတ်ပြုပြီးနောက် ၁၉၉၄ ခုနှစ်မှစတင်၍ နိုင်ငံအလိုက် အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့ပါကြောင်း၊ နိုင်ငံတော်အတွက် မျိုးဆက်သစ်လူငယ် လူရွယ်များကို ပြုစုပျိုးထောင်ရသည့် ဆရာ ဆရာမများ၏ ကြိုးပမ်းမှု၊ ဆရာ ဆရာမများ မရှိမဖြစ် အရေးပါမှုကို အသိအမှတ်ပြုသည့်အနေဖြင့် ကမ္ဘာ့ဆရာများနေ့ကို နိုင်ငံအသီးသီးက ကျင်းပကြခြင်းဖြစ်ပါကြောင်း၊ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် မူလအစကတည်းက ဆရာဂုဏ်၊ ဆရာကျင့်ဝတ်၊ ဆရာ့စိတ်ဓာတ်စသည့် အရည်အသွေးကောင်းများနှင့် ပြည့်စုံသည့် ဆရာ ဆရာမများကို အနန္တဂိုဏ်းဝင် ကျေးဇူးရှင်များအဖြစ် ကြည်ညို လေးစားတန်ဖိုးထားခဲ့ကြပါကြောင်း၊ ဆရာ ဆရာမများကို ကျောင်းသူကျောင်းသားများ၏ စံနမူနာပြုထိုက်သူများအဖြစ် ဂုဏ်ပြုသည့် အစဉ်အလာများလည်း ရှိပြီးဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် လူစွမ်းအားအရင်းအမြစ်နှင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးပါကြောင်း၊ အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအား အရင်းအမြစ်ရရှိရန် အရည်အသွေးရှိသည့် ပညာရေးစနစ်နှင့် စွမ်းရည်ပြည့်ဝ ထက်မြက်သည့် ဆရာ ဆရာမများ လိုအပ်ပါကြောင်း၊ ၂၀၁၅ ကမ္ဘာ့ပညာရေးဖိုရမ်က သဏ္ဍာရာဇ် ၂၀၃၀ ပညာရေးလုပ်ငန်းစဉ် မူဘောင်(၇)ရပ် ချမှတ်ခဲ့ပါကြောင်း၊ ထိုလုပ်ငန်းစဉ်များတွင် ဆရာ ဆရာမများ အရည်အသွေးမြှင့်တင်ရေး လုပ်ငန်းသည်လည်း အပါအဝင်ဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍ မြှင့်တင်နိုင်ရေး၊ ဆရာဆရာမများ အရည်အသွေး မြှင့်မားလာစေရေးနှင့် သက်သာချောင်ချိရေးများကိုလည်း အလေးပေး ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ နှစ်စဉ်တိုးတက်လာသည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၏ အင်အားအချိုးညီမျှစေရန် ဆရာ ဆရာမများကို လုံလောက်စွာ ဖြည့်ဆည်းခန့်ထားရမည်ဖြစ်ပါကြောင်း။






ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဂုဏ်ထူးဆောင်ဆရာမကြီး တစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အဆင့်မြင့် ပညာကဏ္ဍတွင် လွတ်လပ်သည့် သင်ကြားသင်ယူမှုနှင့် လွတ်လပ်သည့်စီမံခန့်ခွဲမှုစနစ်ကို ကျင့်သုံးသွားမည်ဖြစ်ပါကြောင်း၊ ဗဟိုချုပ်ကိုင်မှုမထားဘဲ တက္ကသိုလ်တစ်ခုချင်းစီအလိုက် သီးခြားရေးဆွဲသည့် ပဋိညာဉ်ပါပြဋ္ဌာန်းချက်များအတိုင်း တက္ကသိုလ်ကောင်စီကို ဒီမိုကရေစီနည်းလမ်းတကျ အဖွဲ့ဝင်များရွေးချယ်၍ စီမံခန့်ခွဲသွားကြရမည်ဖြစ်ပါကြောင်း။

ယခုနှစ် ကမ္ဘာ့ဆရာများနေ့၏ ဆောင်ပုဒ်ဖြစ်သည့် "လူ့အဖွဲ့အစည်း စဉ်ဆက်မပြတ်တိုးတက်ရေး ဆရာစွမ်းရည်မြှင့်တင်ပေး" ဟူသည့် ဆောင်ပုဒ်၏ အနှစ်သာရသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သည့် လူ့အဖွဲ့အစည်းများ တည်ဆောက်နိုင်ရန် ဆရာဆရာမများ၏ အရည်အသွေးနှင့် လုပ်ပိုင်ခွင့်များ မြှင့်တင်ပေးရန်လိုအပ်နေသည်ကို ဖော်ပြနေပါကြောင်း၊ လက်ရှိတာဝန်ထမ်းဆောင်နေကြသည့် ဆရာဆရာမများအနေဖြင့် ဂုဏ်ထူးဆောင်ဆရာကြီး ဆရာမကြီးများကို စံနမူနာထား၍ ဆရာဖြစ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို မြတ်သည့် သမ္မာအာဇီဝလုပ်ငန်းအဖြစ် ခံယူကာ မြန်မာ့လူ့အဖွဲ့အစည်း



လူသား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ထူးချွန်သူများဖြစ်ရန် ကြိုးပမ်းကြရမည် ဖြစ်ပါကြောင်း၊ သင်ကြားမှုနှင့် သင်ယူမှုကို လေးစားတန်ဖိုးထားတတ်သူများဖြစ်ရုံသာမက ဘဝတစ်သက်တာသင်ယူသူ၊ မိမိကိုယ်ကိုယ် အစဉ်လေ့ကျင့်ပျိုးထောင်သူများဖြစ်ရန် ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ကမ္ဘာ့ဆရာများနေ့ သဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီက ဖတ်ကြားသည်။ **(အောက်ဝဲပုံ)**

ယင်းနောက် မြန်မာနိုင်ငံ ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ အမျိုးသားကော်မရှင်အထွေထွေအတွင်းရေးမှူး ဒေါက်တာ ဒေါ်လွင်လွင်စိုးက ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်ကြသည့် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်နှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်တို့မှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားပြီး နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေး၊ ဂုဏ်ထူးဆောင် ဆရာကြီး ဒေါက်တာသန်းဦးက ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ဂုဏ်ပြုစကား ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ၂၀၁၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဆရာကြီး ဆရာမကြီးများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်က ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင် ဆရာကြီး ဆရာမကြီး ကိုးဦးနှင့် ထူးချွန်ဆရာ ဆရာမ ခုနစ်ဦး၏ ဆောင်ရွက်ခဲ့မှု မှတ်တမ်းများကို ရှင်းလင်းတင်ပြပြီး ပညာရှင်ဆရာမကြီး ဒေါက်တာဒေါ်ရီရီမြင့်က ဝမ်းမြောက်ပီတိစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ၂၀၁၅ ခုနှစ် ကမ္ဘာ့ဆရာ



များနေ့အထိမ်းအမှတ် ထူးချွန်ဆရာ ဆရာမများနှင့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိကြသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အခြေခံပညာ ကျောင်းသား ကျောင်းသူများက ရည်မှန်းချက်ပန်းတိုင် တေးသီချင်းဖြင့် သရုပ်ဖော်တင်ဆက်သည်။

**(သတင်းစဉ်)**

# ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် ပြည်သူ့အကျိုးစီးပွားဖော်ဆောင်



နေပြည်တော် အောက်တိုဘာ ၅

**မိမိတို့၏ အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် တိုက်စွမ်းရည်၊ တိုက်စွမ်းအားရှိရန်လိုကြောင်း၊ တိုက်စွမ်းရည်မြင့်မားစေရန် လေ့ကျင့်ရေးဖြင့် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ တစ်ဆက်တည်း မိမိနယ်မြေဒေသအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် ပြည်သူ့အကျိုးစီးပွားဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ အနာဂတ်ရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရေးတွင် တပ်မတော်အနေဖြင့် အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်ရင်း တပ်မတော်၏ဂုဏ်ကို ဖော်ဆောင်ရန်တိုက်တွန်းကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက် ၉ နာရီ မိနစ် ၂၀ တွင် မော်လမြိုင်တပ်နယ်ရှိ အောင်ဆန်းခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံစဉ်ပြောကြားသည်။**

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးဝင်း၊ မော်လမြိုင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လက်ရှိကာလတွင် တပ်မတော်အနေဖြင့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ကြောင်း၊ ယနေ့ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းကို လျှောက်လှမ်းနေချိန်တွင် တပ်မတော်အနေဖြင့် ဥပဒေအရပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကိုသာ ထမ်းဆောင်နေကြောင်း၊ မူလရှိပြီးသား စစ်စည်းကမ်းကောင်းမွန်မှုနှင့် အမိန့်နာခံမှုအပေါ်အခြေခံပြီး ပေးအပ်ထားသည့် တာဝန်များကို မှန်မှန်ကန်ကန် ထမ်းဆောင်လျက်ရှိခြင်းကြောင့် ပြည်သူက အသိအမှတ်ပြုခြင်းခံရကြောင်း၊ အလားတူ ပညာရည်မြှင့်တင်ရေးလုပ်ငန်းများ၊ ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုလည်း စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းလုပ်ငန်းရပ်များတွင် တပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် မှန်မှန်ကန်ကန် ပါဝင်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ တပ်မတော်၏မူဝါဒဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများသည် မိမိတို့ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များပင်ဖြစ်ကြောင်း၊ တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပညာရေးကျောင်းနှင့် တပ်မတော် အခြေခံပညာအထက်တန်းကျောင်းအတွက် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စာကြည့်တိုက်သုံး စာအုပ်၊ စာစောင်၊ မဂ္ဂဇင်းများနှင့် မိသားစုဝင်ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များကိုပေးအပ်ရာအရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးက လက်ခံရယူသည်။ **(အပေါ်ပုံ)**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက အရှေ့တောင်တိုင်း စစ်ဌာနချုပ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရန်ပုံငွေအတွက် ထောက်ပံ့ငွေများပေးအပ်ရာ တိုင်းမှူး၏ဇနီးက လက်ခံရယူသည်။

၎င်းနောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန်ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်က စားသောက်ဖွယ်ရာများကို လည်းကောင်း၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက အားကစားပစ္စည်းများကို လည်းကောင်း ပေးအပ်ကြသည်။

**(မြဝတီ)**

# ပညာရေးကဏ္ဍမြှင့်တင်နိုင်ရေး တည်ငြိမ်အေးချမ်းမှုရရှိရန်လိုအပ်သဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးရရှိအောင် ဝိုင်းဝန်းကြိုးပမ်းလုပ်ဆောင်နေ

**နေပြည်တော် အောက်တိုဘာ ၅**

လူတစ်ဦး၊ ဒေသတစ်ခု၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအားဖြင့် အတန်းပညာရေးမြင့်မားရန် မဖြစ်မနေလိုအပ်ကြောင်း၊ ပညာတတ်များ ပေါ်ကြွယ်ဝရန် လိုအပ်ကြောင်း၊ ထို့အတူ စည်းနှင့်ကမ်းနှင့် နေထိုင်လုပ်ကိုင်တတ်သည့် အလေ့အကျင့်လည်းပိုမိုလိုအပ်ကြောင်း၊ အမျိုးသားစည်းကမ်းကအစ စာသင်ကျောင်းကဟုလည်း ဆိုကြကြောင်း၊ မိမိတို့အနေဖြင့် ပညာသင်ကြားရေးနှင့်ပတ်သက်၍ အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်းဖြင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့ နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ မွန်ပြည်နယ်ရှိ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများအတွက် ကွန်ပျူတာများ ပေးအပ်လှူဒါန်းခြင်းနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနား၌ ပြောကြားသည်။ **(အောက်ပုံ)**




အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးဝင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက မွန်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပညာရေးကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် တည်ငြိမ်အေးချမ်းမှုရရှိရန်လိုအပ်ကြောင်း၊ သို့ဖြစ်၍ ပြည်ထောင်စုငြိမ်းချမ်းရေးရရှိအောင် ဝိုင်းဝန်းကြိုးပမ်းလုပ်ဆောင်နေကြောင်း၊ အောက်တိုဘာ ၁၅ ရက်တွင် NCA လက်မှတ်ရေးထိုးရန် သဘောတူဆောင်ရွက်လျက် ရှိကြောင်း၊ တပ်မတော်အနေဖြင့် ယင်းလုပ်ငန်းရပ်များအောင်မြင်ပြီး ခိုင်ခိုင်မာမာဖြစ်စေရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ တိုင်းပြည်တစ်ခုတွင်နိုင်ငံရေး၊ စီးပွားရေးနှင့်ကာကွယ်ရေးဆိုသည့် မောင်းနှင်အား သုံးခုရှိကြောင်း၊ ပြည်နယ်အတွင်း ကုန်ထုတ်လုပ်မှုများအားမှန်ကန်သည့်လမ်းကြောင်းမှ ဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း၊ ခေတ်မီသည့်အတတ်ပညာ၊ နည်းပညာနှင့် ကုန်ထုတ်စွမ်းအားများမြှင့်တင်နိုင်ရန် ပညာတတ်များပေါ်ကြွယ်ဝရန်လိုအပ်သဖြင့် ပညာရည်မြှင့်တင်ရေးကဏ္ဍကို အလေးထားဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပညာသင်ကြားရန်၊ အလုပ်လုပ်နိုင်ရန်အတွက် ကျန်းမာရေးမှာလည်း အရေးကြီးကြောင်း၊ တပ်မတော်အနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်ပေးလျက်ရှိကြောင်း၊ လိုအပ်ချက်ရှိသော ပြည်နယ်များအတွက်လည်း အမြဲအဆင့်သင့်ရှိကြောင်း။

နိုင်ငံရေး မောင်းနှင်အားနှင့်ပတ်သက်၍ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးသည် မရှိမဖြစ်သည့် လိုအပ်ချက်တစ်ချက် ဖြစ်သကဲ့သို့ တစ်ဖက်မှ နိုင်ငံရေးလုပ်ဆောင်သူများသည် စည်းကမ်းနှင့်အညီလုပ်ဆောင်ရန်လိုအပ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်တွင် လူတိုင်းသည် ဥပဒေနှင့်အညီ လွတ်လပ်စွာပြောဆိုလုပ်ကိုင်ခွင့်ရှိကြောင်း၊ ဥပဒေကျော်လွန်လုပ်ကိုင်ပါက ထိခိုက်နိုင်ပြီး ဥပဒေနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးအတွက် တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ (၆)ချက်နှင့်အညီ ဆောင်ရွက်နေကြောင်း၊ တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးအတွက် အမြဲတံခါးဖွင့်ထားကြောင်း၊ ကာကွယ်ရေးမောင်းနှင်အားနှင့် ပတ်သက်၍ တပ်မတော်မှ နိုင်ငံတော်ကာကွယ်ရေးနှင့် တိုင်းရင်းသား လက်နက်ကိုင်ပဋိပက္ခများကို အကြောင်းပြ၍ အင်အားတိုးချဲ့နေသည်ဟု ပြောဆိုမှုများရှိကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူလူထု၏အသက်၊ အိုးအိမ် စည်းစိမ်ကိုကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူ့အကျိုးစီးပွားဖော်ဆောင်ရန်သာ လုပ်ဆောင်နေကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် သင့်တင့်သည့်ကာကွယ်ရေးစွမ်းပကားရှိရန် တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ အင်အားကြီးနိုင်ငံများ အထင်အမြင်သေးစွာ ပြုမူပြောဆိုခြင်းမခံရစေရေး တည်ဆောက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မွန်ပြည်နယ်ရှိ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသောကွန်ပျူတာ ၁၀ လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ ဗလာစာအုပ် ဒါဇင် ၃၀၀၀၊ ဒေသဖွံ့ဖြိုးရေးအတွက် လှူဒါန်းငွေကျပ်သိန်း ၃၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် အလှူရှင်ကုမ္ပဏီ လီမိတက်မိသားစုများက စုစုပေါင်း လှူဒါန်းငွေကျပ်သိန်းပေါင်း ၁၄၀၀၊ ကွန်ပျူတာအစုံ ၁၄၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

အခမ်းအနား အပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအားရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။ **(မြဝတီ)**

# ဒီမိုကရေစီအစိုးရလက်ထက်တွင် တန်ဖိုးနည်း၊ တန်ဖိုးသင့်နှင့် အကျိုးတူအိမ်ရာ စုစုပေါင်း ၃၆၀၅၉ ခန်းကို ဖြည့်ဆည်းတည်ဆောက်ပေးနိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၅**

လက်ရှိ ဒီမိုကရေစီအစိုးရအဖွဲ့ တာဝန်ယူစဉ် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ် စက်တင်ဘာလအထိ လေးနှစ်တာကာလအတွင်း တိုင်းဒေသကြီး/ပြည်နယ်များ၌ ပြည်ထောင်စုအစိုးရရန်ပုံငွေဖြင့် ဝန်ထမ်းအိမ်ရာများ၊ လှည့်ပတ်ရန်ပုံငွေဖြင့် ဝင်ငွေနည်းပြည်သူများနှင့် နိုင်ငံဝန်ထမ်းများအတွက် တန်ဖိုးနည်းနှင့် တန်ဖိုးသင့်အိမ်ရာများကို နိုင်ငံတော်၏ မူဝါဒတစ်ရပ်အနေဖြင့် အဓိကထား တည်ဆောက်ပေးခဲ့ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များဖြင့်လည်း အကျိုးတူအိမ်ရာများကို ဖော်ဆောင်ခဲ့ရာ စုစုပေါင်း အိမ်ခန်းပေါင်း ၃၆၀၅၉ ခန်းကို ဖြည့်ဆည်းတည်ဆောက်ပေးနိုင်ခဲ့ကြောင်း ယနေ့ ကျင်းပသည့် မြို့ပြနှင့် အိမ်ရာလိုအပ်ချက်များအား ခေတ်အလိုက်ဖြည့်ဆည်းဆောင်ရွက်ပေးမှု ညှိနှိုင်းအစည်းအဝေးမှ သိရသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးကျော်လွင်တို့ တက်ရောက်ခဲ့ကြပြီး အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ပြည်သူများ၏ အခြေခံ လိုအပ်ချက်များဖြစ်သည့် စားရေး၊ နေရေးနှင့် ဝတ်ရေးတို့တွင် နေထိုင်ရေးသည် အဓိကအရေးကြီးသည့် လိုအပ်ချက်ဖြစ်လာကြောင်း၊ ထို့ကြောင့် အိမ်ရာစီမံကိန်းများနှင့် မြို့ပြစီမံကိန်းများ ရေးဆွဲဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသခံ ပြည်သူများ၊ ပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်းပြီး Master Plan ရေးဆွဲဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရှိသော မြို့ပြစီမံကိန်းနှင့် အိမ်ရာစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထိုသို့ ရေးဆွဲဆောင်ရွက်ရာတွင် အနာဂတ်တွင် ဖြစ်ပေါ်ပြောင်းလဲလာမည့် အခြေအနေများနှင့် တိုးတက်လာမည့် လူဦးရေကိုလည်း ထည့်သွင်းစဉ်းစားပြီး စနစ်တကျ ရေးဆွဲဆောင်ရွက်ရန် ဆွေးနွေးပြောကြားသည်။ **(အပေါ်ပုံ)**



ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က အိမ်ရာကဏ္ဍဖွံ့ဖြိုးရေးအတွက် ဦးတည်ချက် (၄)ရပ် ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းတို့မှာ နိုင်ငံသားများတွက် သင့်လျော်ကောင်းမွန်ပြီး ဝယ်ယူနိုင်စွမ်းရှိသော အိမ်ရာများကို ရေရှည်ရှင်သန်စေနိုင်သော နည်းလမ်းများဖြင့် ဖြည့်ဆည်းဆောင်ရွက်ရေး (Adequate and affordable housing for People)၊ အိမ်ရာပိုင်ဆိုင်ခွင့်အတွက် အထောက်အပံ့ဖြစ်စေမည့် ငွေကြေးစနစ် (Housing Finance Mechanism) အကောင်အထည်ဖော်ရေး၊ ဆောက်လုပ်ရေးကဏ္ဍ Construction Industry ကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု ပိုမိုပါဝင်စေပြီး အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေးနှင့် ဆောက်လုပ်ရေးနည်းပညာသစ်များ ထွန်းကားရေးနှင့် အိမ်ရာအမှန်တကယ် လိုအပ်သူများ ရရှိအောင် စနစ်တကျဖြန့်ဖြူးခြင်း၊ Proper Housing Delivery System အကောင်အထည်ဖော်ရေး တို့ဖြစ်ကြောင်း။

ဆောက်လုပ်ရေး ဝန်ကြီးဌာန အနေဖြင့် တန်ဖိုးနည်းအိမ်ရာများကို ရန်ကုန်တိုင်းဒေသကြီးတွင် သာမက အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ပါ တည်ဆောက်ခဲ့ပြီး ဝန်ထမ်းအိမ်ရာနှင့် ပြည်သူ့အငှားအိမ်ရာများကိုလည်း ဝင်ငွေနည်းပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် ပြည်ထောင်စုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိကြောင်း၊ ပြည်သူများ၏ လူမှုစီးပွားရေးအခြေခံ လိုအပ်ချက်ဖြစ်သော "စားဝတ်နေရေး" အရေး(၃)ပါးတွင် အဓိကအရေးပါသော နေရေးအတွက် ဝင်ငွေနည်းပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် အဓိကထား၍ တန်ဖိုးနည်းအိမ်ရာများ၊ ဝန်ထမ်းအိမ်ရာများနှင့် ပြည်သူ့အငှား အိမ်ရာများကို မူဝါဒချမှတ်ကာ တည်ဆောက်ပေးလျက်ရှိကြောင်း။

၂၀၁၁-၂၀၁၅ ဒီမိုကရေစီအစိုးရလက်ထက်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဝန်ထမ်းအိမ်ရာ စုစုပေါင်း ၂၅၉၆ ခန်းနှင့် တန်ဖိုးသင့်အိမ်ရာစုစုပေါင်း ၇၁၃၆ ခန်းကို တည်ဆောက်ပေးနိုင်ခဲ့ပြီး တန်ဖိုးနည်းအိမ်ရာ စုစုပေါင်း ၂၀၂၉၈ ခန်းနှင့် အကျိုးတူအိမ်ရာစုစုပေါင်း ၆၀၂၉ ခန်းတို့ကိုလည်း တည်ဆောက်ပေးလျက်ရှိကြောင်း။

၂၀၁၅-၂၀၁၆ ခုနှစ်တွင် ပြည်သူ့အငှားအိမ်ရာ ၅၁၅၆ ခန်း၊ ဝန်ထမ်းအိမ်ရာ ၁၈၃၀ ခန်း၊ တန်ဖိုးနည်းအိမ်ရာ ၁၁၁၆၀ ခန်း၊ တန်ဖိုးသင့်အိမ်ရာ ၆၈၂၉ ခန်းနှင့် တန်ဖိုးမြင့်အကျိုးတူအိမ်ရာ ၄၃၈၂ ခန်း စုစုပေါင်း ၂၉၃၅၇ ခန်းကို ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြသည်။

အိမ်ရာကဏ္ဍတွင် နှစ် ၂၀ နှစ်ရှည် ဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်အထိ အိမ်ရာယူနစ်တစ်သန်းကို တိုင်းဒေသကြီး၊ ပြည်နယ်များ၏ မြို့တော်များနှင့် ဖွံ့ဖြိုးမှုအလားအလာရှိသည့် မြို့ကြီး ၈၁ မြို့၌ တည်ဆောက်ရန် ရည်မှန်းထားသည်။

မျှော်မှန်းအုပ်စုအနေဖြင့် ဝင်ငွေနည်းပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ဦးစားပေးအဆင့်အဖြစ် သတ်မှတ်ပြီး ဝင်ငွေအဆင့်အတန်းပေါ်မူတည်၍ တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာများ တည်ဆောက်ရောင်းချသွားမည်ဖြစ်ပြီး အိမ်ခန်းဝယ်ယူသူများအတွက် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်နှင့် ချိတ်ဆက်၍ အိမ်ရာငွေချေးစနစ် (Mortgage Loan)ဖြင့် ရှစ်နှစ် အရစ်ကျပေးချေသောစနစ် ကျင့်သုံးရန် လျာထားသည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာန အနေဖြင့် ၁၉၈၈ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသအနှံ့အပြားတွင် မြို့ပေါင်း ၉၉ မြို့၏ မြို့ပြစီမံကိန်းများနှင့် မြို့တိုးချဲ့ရေးစီမံကိန်းများ ရေးဆွဲဆောင်ရွက်ခဲ့ရာတွင် အိမ်ရာကွက်ပေါင်း တစ်သိန်းခန့် ပါဝင်သည်။

၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း မြို့ပေါင်း ၅၆ မြို့အတွက် မြို့ပြစီမံကိန်းများ ရေးဆွဲပြီးဖြစ်သည့်အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လိုအပ်ချက်အရ မြို့ပေါင်း ၂၂ မြို့တွင်လည်း မြို့ပြစီမံကိန်းများ ရေးဆွဲဆောင်ရွက်ခဲ့သည်။

**(သတင်းစဉ်)**

**အိမ်ရာလိုအပ်ချက်များအား အစိုးရခေတ်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမှု အခြေပြစာရင်းချုပ်**

| စဉ် | အစိုးရခေတ်ကာလ | အငှားအိမ်ရာ | | အရောင်းအိမ်ရာ | | | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | ပြည်သူ့အငှား အိမ်ရာ | ဝန်ထမ်းအိမ်ရာ | တန်ဖိုးနည်း | တန်ဖိုးသင့် | တန်ဖိုးမြင့် (အကျိုးတူ) | | |
| ၁ | ပါလီမန်မှတော်လှန်ရေးကောင်စီခေတ် (၁၉၅၁-၁၉၆၂) | ၆၆၀၁ | - | - | - | - | ၆၆၀၁ | |
| ၂ | တော်လှန်ရေးကောင်စီမှ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်(၁၉၆၂-၁၉၈၈) | ၃၃၉၃ | ၇၆၃၇ | - | - | - | ၁၁၀၃၀ | |
| ၃ | တပ်မတော်အစိုးရခေတ် (၁၉၈၉-၂၀၁၀) | - | ၇၃ | ၃၄၄၈ | ၄၅၆၅၅ | ၂၄၇၃ | ၅၁၆၄၉ | |
| ၄ | ဒီမိုကရေစီအစိုးရခေတ်(၂၀၁၁-၂၀၁၅) | - | ၂၅၉၆ | ၂၀၂၉၈ | ၇၁၃၆ | ၆၀၂၉ | ၃၆၀၅၉ | ၆၅၄၁၆ |
| ၅ | ဒီမိုကရေစီအစိုးရခေတ်(၂၀၁၅-၂၀၁၆) | ၅၁၅၆ | ၁၈၃၀ | ၁၁၁၆၀ | ၆၈၂၉ | ၄၃၈၂ | ၂၉၃၅၇ | |
| | **စုစုပေါင်း** | **၁၅၁၅၀** | **၁၂၁၃၆** | **၃၄၉၀၆** | **၅၉၆၂၀** | **၁၂၈၈၄** | **၁၃၄၆၉၆** | |

**တိုင်းဒေသကြီး/ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ အိမ်ရာလိုအပ်ချက်များအား အစိုးရခေတ်အလိုက်ဖြည့်ဆည်းဆောင်ရွက်ပေးမှုအခြေပြဇယား**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ | ၁၉၅၁-၁၉၆၂ | | ၁၉၆၂-၁၉၈၈ | | ၁၉၈၉-၂၀၁၀ | | | | | ၂၀၁၁-၂၀၁၅ | | | | | ၂၀၁၅-၂၀၁၆ | | | | | စုစု ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | အငှားအိမ်ရာ | | အငှားအိမ်ရာ | | အငှားအိမ်ရာ | | အရောင်းအိမ်ရာ | | | အငှားအိမ်ရာ | | အရောင်းအိမ်ရာ | | | အငှားအိမ်ရာ | | အရောင်းအိမ်ရာ | | | |
| | | ပြည်သူ့ အငှား အိမ်ရာ | ဝန်ထမ်း အိမ်ရာ | ပြည်သူ့ အငှား အိမ်ရာ | ဝန်ထမ်း အိမ်ရာ | ပြည်သူ့ အငှား အိမ်ရာ | ဝန်ထမ်း အိမ်ရာ | တန်ဖိုး နည်း | တန်ဖိုး သင့် | တန်ဖိုး မြင့် (အကျိုး တူ) | ပြည်သူ့ အငှား အိမ်ရာ | ဝန်ထမ်း အိမ်ရာ | တန်ဖိုး နည်း | တန်ဖိုး သင့် | တန်ဖိုး မြင့် (အကျိုး တူ) | ပြည်သူ့ အငှား အိမ်ရာ | ဝန်ထမ်း အိမ်ရာ | တန် ဖိုး နည်း | တန် ဖိုး သင့် | တန်ဖိုး မြင့် (အကျိုး တူ) | |
| ၁ | ကချင်ပြည်နယ် | - | - | - | ၂၀၂ | - | - | - | - | - | - | ၂၉၆ | - | - | - | ၄၈ | ၃၂ | - | - | - | ၅၈၈ |
| ၂ | ကယားပြည်နယ် | - | - | - | ၂၂၆ | - | - | - | - | - | - | ၆၄ | - | - | - | ၄၈ | ၆၀ | - | - | - | ၃၉၈ |
| ၃ | ကရင်ပြည်နယ် | - | - | - | ၁၁၄ | - | - | - | - | - | - | ၇၂ | - | - | - | ၇၂ | ၁၁၄ | - | - | - | ၃၇၂ |
| ၄ | ချင်းပြည်နယ် | - | - | - | ၂၇၈ | - | - | - | - | - | - | ၃၂ | - | - | - | ၂၄ | ၃၂ | - | - | - | ၃၆၆ |
| ၅ | မွန်ပြည်နယ် | ၂၀၀ | - | - | ၃၄၄ | - | - | - | - | - | - | ၅၆ | - | - | - | ၆၄ | ၁၂၈ | - | - | - | ၇၉၂ |
| ၆ | ရခိုင်ပြည်နယ် | - | - | - | ၃၇၆ | - | - | - | - | - | - | ၁၂၄ | - | - | - | ၇၂ | ၁၂၄ | - | - | - | ၆၉၆ |
| ၇ | ရှမ်းပြည်နယ် | - | - | - | ၇၉၃ | - | - | - | - | - | - | ၃၄၈ | - | - | - | ၁၂၀ | - | - | - | - | ၁၂၆၁ |
| ၈ | စစ်ကိုင်းတိုင်းဒေသကြီး | - | - | - | ၇၁၂ | - | - | - | - | - | - | ၂၈၄ | - | - | - | ၂၄၀ | ၅၉၂ | - | ၄၄၀ | - | ၂၂၆၈ |
| ၉ | တနင်္သာရီတိုင်း ဒေသကြီး | - | - | - | ၃၆၂ | - | - | - | - | - | - | ၃၂၈ | - | - | - | ၄၈ | ၇၂ | - | - | - | ၈၁၀ |
| ၁၀ | ပဲခူးတိုင်းဒေသကြီး | ၁၀၀ | - | - | ၆၀၄ | - | - | - | - | - | - | ၂၄ | - | - | - | ၁၁၂ | ၁၆၄ | - | - | - | ၁၀၀၄ |
| ၁၁ | မကွေးတိုင်းဒေသကြီး | - | - | - | ၃၇၁ | - | - | - | - | - | - | ၁၁၂ | ၂၈၈ | ၄၈ | - | ၁၀၄ | ၄၈ | - | - | - | ၉၇၁ |
| ၁၂ | မန္တလေးတိုင်းဒေသကြီး | ၁၉၉ | - | - | ၂၀၅၁ | - | - | - | - | - | - | ၈၂၀ | - | ၆၀၈ | ၄၅ | ၁၉၀၄ | ၄၄၀ | - | ၈၀၀ | - | ၆၈၆၇ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၆၁၀၂ | - | ၃၃၉၃ | ၆၉၇ | - | ၇၃ | ၃၄၄၈ | ၄၅၆၅၅ | ၂၄၇၃ | - | - | ၁၉၃၇၄ | ၅၉၉၆ | ၅၉၈၄ | ၂၁၆၀ | - | ၁၁၁၆၀ | ၅၅၈၉ | ၄၃၈၂ | ၁၁၆၄၈၆ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | - | - | - | ၄၉၇ | - | - | - | - | - | - | ၃၆ | ၆၃၆ | ၄၈၄ | - | ၁၄၀ | ၂၄ | - | - | - | ၁၈၁၇ |
| | **စုစုပေါင်း** | **၆၆၀၁** | | **၃၃၉၃** | **၇၆၃၇** | | **၇၃** | **၃၄၄၈** | **၄၅၆၅၅** | **၂၄၇၃** | | **၂၅၉၆** | **၂၀၂၉၈** | **၇၁၃၆** | **၆၀၂၉** | **၅၁၅၆** | **၁၈၃၀** | **၁၁၁၆၀** | **၆၈၂၉** | **၄၃၈၂** | **၁၃၄၆၉၆** |
| | **အစိုးရခေတ်ကာလအလိုက် စုစုပေါင်းအခန်းအရေအတွက်** | **၆၆၀၁** | | **၁၁၀၃၀** | | **၅၁၆၄၉** | | | | | **၃၆၀၅၉** | | | | | **၂၉၃၅၇** | | | | | **၁၃၄၆၉၆** |

# ရေဘေးသင့်ဒေသများရှိ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်းများအတွက် ဆွမ်းဆန်တော်နှင့် အလှူငွေများလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၅**

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ အဆိုပါဓမ္မရိပ်သာ ပဓာန နာယကဆရာတော် ဒေါက်တာဘဒ္ဒန္တ စန္ဒသိရီက နိုင်ငံတော်သံဃမဟာနာယကကျောင်းဆောင် မြန်မာမှုများ ပြုပြင်ရန်အတွက် အလှူတော်ငွေကျပ် သိန်း ၁၅၀ နှင့် ရှမ်းပြည်နယ် ကလောမြို့ ဓမ္မရောင်ခြည် မဟာစည်သာသနာ့ရိပ်သာ အထွေထွေအသုံးပြုရန်အတွက် အလှူငွေကျပ်သိန်း ၅၀ ပေးအပ်လှူဒါန်းပွဲသို့တက်ရောက်၍ အလှူငွေများကို လက်ခံရယူသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ညနေ ၄ နာရီ တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည့် ဇီဝိတဒါနသံဃာ့ ဆေးရုံကြီး(ရန်ကုန်)မှ နိုင်ငံတစ်ဝန်း ရေဘေးသင့်ဒေသများရှိ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်းများအတွက် ဆွမ်းဆန်တော်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ ဇီဝိတဒါနသံဃာ့ ဆေးရုံကြီး(ရန်ကုန်)အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အလှူပစ္စည်းနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့အခမ်းအနားတွင် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)မှ အနယ်နယ်အရပ်ရပ်ရှိ ရေဘေးသင့်ဒေသ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများအတွက် ဆွမ်းဆန်တော်အိတ် ၅၀ နှင့် ငွေကျပ်သိန်း ၁၀၀ ကို သာသနာရေးဝန်ကြီးဌာနမှတစ်ဆင့် ပေးအပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

သာသနာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတစ်ဝန်း ရေဘေးသင့်ဒေသများဖြစ်သည့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးများရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများအတွက် ဆွမ်းဆန်တော်၊ သင်္ကန်း၊ ပရိက္ခရာ၊ ရဟန်းအသုံးအဆောင်ပစ္စည်းများနှင့်အလှူငွေသိန်း ၃၁၂၀ လှူဒါန်းပြီးဖြစ်သည်။ ရေဘေးသင့်ဒေသများနှင့်အတူ ကျေးလက်ဒေသ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့လည်း ဆက်လက်လှူဒါန်းသွားရန် စီစဉ်လျက်ရှိပြီး မကြာမီ ဧရာဝတီတိုင်းဒေသကြီးသို့ သွားရောက်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**




သံတွဲ-ဂွလမ်းမိုင် (၂၆/၆-၂၆/၇) ကြား တံတားအမှတ် (၈/၂၇) အရှည်ပေ ၁၀၀ ပျက်စီးနေသည်ကို တွေ့ရစဉ်။ (ဆောက်လုပ်ရေး)



သံတွဲ-ဂွလမ်းမိုင် (၂၆/၆-၂၆/၇) ကြား တံတားအမှတ် (၈/၂၇) အရှည်ပေ ၁၁၀ ရှိ ဘေလီတံတားဆောင်ရွက်ပြီး၍ ယာဉ်များ ဖြတ်သန်းနေသည်ကို တွေ့ရစဉ်။ (ဆောက်လုပ်ရေး)

**ဒီမိုကရေစီအစိုးရတာဝန်ယူစဉ် ၂၀၁၁-၂၀၁၅ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်မှု**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့/အိမ်ရာအမည် | အခန်းအရေအတွက် |
|---|---|---|---|
| ၁။ | ကချင်ပြည်နယ် | ဝန်ထမ်းအိမ်ရာ | ၂၉၆ |
| ၂။ | ကယားပြည်နယ် | ဝန်ထမ်းအိမ်ရာ | ၆၄ |
| ၃။ | ကရင်ပြည်နယ် | ဝန်ထမ်းအိမ်ရာ | ၇၂ |
| ၄။ | ချင်းပြည်နယ် | ဝန်ထမ်းအိမ်ရာ | ၃၂ |
| ၅။ | မွန်ပြည်နယ် | ဝန်ထမ်းအိမ်ရာ | ၅၆ |
| ၆။ | ရခိုင်ပြည်နယ် | ဝန်ထမ်းအိမ်ရာ | ၁၂၄ |
| ၇။ | ရှမ်းပြည်နယ် | ဝန်ထမ်းအိမ်ရာ | ၃၄၈ |
| ၈။ | စစ်ကိုင်းတိုင်းဒေသကြီး | ဝန်ထမ်းအိမ်ရာ | ၂၈၄ |
| ၉။ | တနင်္သာရီတိုင်းဒေသကြီး | ဝန်ထမ်းအိမ်ရာ | ၃၂၈ |
| ၁၀။ | ပဲခူးတိုင်းဒေသကြီး | ဝန်ထမ်းအိမ်ရာ | ၂၄ |
| ၁၁။ | မကွေးတိုင်းဒေသကြီး | ဝန်ထမ်းအိမ်ရာ | ၁၁၂ |
| ၁၂။ | မန္တလေးတိုင်းဒေသကြီး | ဝန်ထမ်းအိမ်ရာ | ၈၂၀ |
| ၁၃။ | ဧရာဝတီတိုင်းဒေသကြီး | ဝန်ထမ်းအိမ်ရာ | ၃၆ |
| | စုစုပေါင်း | | ၂၅၉၆ |

**ဒီမိုကရေစီအစိုးရတာဝန်ယူစဉ် ၂၀၁၁-၂၀၁၅ ခုနှစ်အတွင်း တန်ဖိုးနည်းအိမ်ရာစီမံကိန်းများဆောက်လုပ်မှု**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့/အိမ်ရာအမည် | အခန်းအရေအတွက် |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | လှိုင်သာယာမြို့နယ်ရွှေလင်ပန်း တန်ဖိုးနည်းအိမ်ရာ | ၁၇၆၈ |
| ၂။ | ရန်ကုန်တိုင်းဒေသကြီး | မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံ(၁၄)ရပ်ကွက် တန်ဖိုးနည်းအိမ်ရာ | ၆၂၀ |
| ၃။ | ရန်ကုန်တိုင်းဒေသကြီး | အခြားအိမ်ရာ | ၁၆၉၈၆ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့ ဥမ္မာဒန္တီ တန်ဖိုးနည်းအိမ်ရာ | ၆၃၆ |
| ၅။ | မကွေးတိုင်းဒေသကြီး | ချမ်းမြေ့သာယာ တန်ဖိုးနည်းအိမ်ရာ | ၂၈၈ |
| | စုစုပေါင်း | | ၂၀၂၉၈ |

**ဒီမိုကရေစီအစိုးရတာဝန်ယူစဉ် ၂၀၁၁-၂၀၁၅ ခုနှစ်အတွင်း တန်ဖိုးသင့်အိမ်ရာစီမံကိန်းများဆောက်လုပ်မှု**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့/အိမ်ရာအမည် | အခန်းအရေအတွက် |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အင်းဝတန်ဖိုးသင့်အိမ်ရာ | ၆၇၆ |
| ၂။ | ရန်ကုန်တိုင်းဒေသကြီး | ရွှေပြည်သာမြို့နယ် တန်ဖိုးသင့်အိမ်ရာ | ၄၀၀ |
| ၃။ | ရန်ကုန်တိုင်းဒေသကြီး | လှိုင်သာယာမြို့နယ် ထီးလှိုင်ရှင် တန်ဖိုးသင့်အိမ်ရာ | ၅၇၆ |
| ၄။ | ရန်ကုန်တိုင်းဒေသကြီး | အခြားအိမ်ရာစီမံကိန်း | ၄၃၄၄ |
| ၅။ | မန္တလေး တိုင်းဒေသကြီး | မြရည်နန္ဒာ တန်ဖိုးသင့်အိမ်ရာ | ၆၀၈ |
| ၆။ | ဧရာဝတီ တိုင်းဒေသကြီး | ပုသိမ်မြို့ မနောသုခ တန်ဖိုးသင့်အိမ်ရာ | ၄၈၄ |
| ၇။ | မကွေးတိုင်းဒေသကြီး | ချမ်းမြေ့သာယာတန်ဖိုး သင့်အိမ်ရာ | ၄၈ |
| | စုစုပေါင်း | | ၇၁၃၆ |

**ဒီမိုကရေစီအစိုးရတာဝန်ယူစဉ် ၂၀၁၁-၂၀၁၅ ခုနှစ်အတွင်း အကျိုးတူအိမ်ရာစီမံကိန်းများဆောက်လုပ်မှု**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့/အိမ်ရာအမည် | အခန်းအရေအတွက် |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | ဗိုလ်တထောင်မြို့နယ် (၅၁)လမ်း အိမ်ရာစီမံကိန်း | ၅၂၆ |
| ၂။ | ရန်ကုန်တိုင်းဒေသကြီး | လင့်လမ်းအိမ်ရာစီမံကိန်း | ၁၂၀ |
| ၃။ | ရန်ကုန်တိုင်းဒေသကြီး | မြောက်ဥက္ကလာပမြို့နယ် ခေမာသီလမ်းမကြီးနှင့် အမယာလမ်းထောင့် အိမ်ရာစီမံကိန်း | ၁၆၀ |
| ၄။ | ရန်ကုန်တိုင်းဒေသကြီး | အခြားအိမ်ရာစီမံကိန်း | ၅၁၇၈ |
| ၅။ | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့စိတ္တရမဟီအိမ်ရာစီမံကိန်း | ၄၅ |
| | စုစုပေါင်း | | ၆၀၂၉ |

# ရေကြီးနစ်မြုပ်လယ်ယာမြေများ ပြန်လည်စိုက်ပျိုးနိုင်ရေးစိုက်ပျိုးစရိတ်ပေးအပ်



**ဇလွန် အောက်တိုဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ရေဘေးသင့်ဒေသများရှိ ရေကြီးနစ်မြုပ် လယ်ယာမြေများ ပြန်လည်ထူထောင်စိုက်ပျိုးနိုင်ရေး အတွက် ဇလွန်ဧရာအထူးပြုကုမ္ပဏီမှ စိုက်ပျိုးစရိတ်ထောက်ပံ့ငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ ၄ ရက်က ဇလွန်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဆန်းဝင်းနှင့် ဇလွန်ဧရာအထူးပြုကုမ္ပဏီ ဒါရိုက်တာ ဦးဝင်းမောင်တို့က အမှာစကားပြောကြားကာ ဇလွန်ဧရာအထူးပြုကုမ္ပဏီ ဒါရိုက်တာက မြို့နယ်အထောက်အကူပြုကော်မတီ ဦးနိုင်ဦးအား ရေဘေးသင့်ဒေသများရှိ ရေကြီးနစ်မြုပ်လယ်ယာများ ပြန်လည် စိုက်ပျိုးနိုင်ရေးအတွက် အလှူငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းသည်။

ဇလွန်မြို့နယ်တွင် ရေကြီးနစ်မြုပ်ခံရသောတောင်သူ ၁၁၅ ဦးကို အစေ့ချစိုက်ပျိုး လယ်တစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀ ဖြင့် လယ် ၂၅၉ ဧကကိုလည်းကောင်း၊ သားတက်ခွဲစိုက်ပျိုးလ ယ်တစ်ဧကလျှင် ငွေကျပ် ၄၁၂၀၀ နှုန်းဖြင့် ၁၁၇ ဧကကိုနေ့ချင်းပြီး ပေးအပ်လှူဒါန်းကြောင်း သိရသည်။

**ငွေသန်း(ပြန်/ဆက်)**

**ရေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး**

# ဒီမိုကရေစီအစိုးရ တာဝန်ယူစဉ် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ဆောက်လုပ်ခဲ့သော အိမ်ရာစီမံကိန်း အချို့၏ မှတ်တမ်းဓာတ်ပုံများ



မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ စိတ္တရမဟီဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပြီးစီးမှုအခြေအနေ။



ချင်းပြည်နယ် ဟားခါးမြို့၌ ဆောက်လုပ်ပြီးစီးသွားသော ဝန်ထမ်းအိမ်ရာများ။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မှ အင်း၀ တန်ဖိုးသင့်အိမ်ရာများ။





ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်မှ ထီးလှိုင်ရှင် တန်ဖိုးသင့်အိမ်ရာစီမံကိန်း။



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပြီးစီးမှု။



## မြို့ရွာဖွံ့ဖြိုးမှုအခြေပြု အမျိုးသားနယ်မြေ ဒေသဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း




ကယားပြည်နယ် ဘော်လခဲမြို့ မြို့ပြစီမံကိန်းအဆိုပြုပုံစံ



ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှ ဝန်ထမ်းအိမ်ရာများ။

# အပစ်ရပ်စာချုပ်လက်မှတ်ရေးထိုးပြီးပါက နိုင်ငံရေးဆွေးနွေးပွဲ စတင်ရန်အတွက် နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်ဆိုင်ရာ အလွတ်သဘောဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၅**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပြီးပါက နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရန်အတွက် နိုင်ငံရေးမူဘောင်ဆိုင်ရာ အလွတ်သဘော ဆွေးနွေးပွဲကို ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပခဲ့သည်။ **(ယာပုံ)**




နိုင်ငံရေး မူဘောင်ဆိုင်ရာ အလွတ်သဘော ဆွေးနွေးပွဲသို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီ ၅၆ ခုကို ကိုယ်စားပြုသည့် ညီညွတ်သော တိုင်းရင်းသားများ မဟာမိတ်အဖွဲ့ (UNA)၊ အမျိုးသားဒီမိုကရက်တစ်ပါတီ-မြန်မာ (NDF)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)၊ ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့(PNLO)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)၊ ချင်းအမျိုးသားတပ်ဦး (CNF)၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)၊ ကရင်စည်းလုံးရေးနှင့် ငြိမ်းချမ်းရေးကော်မတီ (KNU/ KNLA-PC)၊ EBO Myanmar ၊ ဗေဒါအင်စတီကျူ၊ PPIC နှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန (MPC)တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ကရင်အမျိုးသားအစည်းအရုံး (KNU) အထွေထွေအတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်းက "ဒါဟာ အပစ်အခတ်ရပ်စဲပြီးရင်သွားရမယ့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုအတွက် အခြေခံကျတဲ့ ဆောင်ရွက်ချက်တစ်ခုဖြစ်ပါတယ်။ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုကို ဆောင်ရွက်နိုင်မယ့် ပထမဦးဆုံးခြေလှမ်းပါပဲ။ NCA ရေးထိုးပြီးရင် ဆောင်ရွက်ရမယ့် နိုင်ငံရေးဆွေးနွေးပွဲတွေကို သတ်မှတ်ထားတဲ့ ရက်အတောအတွင်းမှာ ဆောင်ရွက်နိုင်ဖို့အတွက် သက်ဆိုင်ရာအစုအဖွဲ့တွေနဲ့ ကြိုတင်ညှိနှိုင်းထားကြတဲ့ သဘောမျိုးဖြစ်ပါတယ်။ တစ်ဖွဲ့ချင်းအနေအထားအရ ဆွေးနွေးကြတာပါ" ဟု ဆွေးနွေးပွဲအပေါ် သုံးသပ်သည်။

ဆွေးနွေးပွဲတွင် NCA လုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးဆွေးနွေးပွဲများအတွက် နိုင်ငံရေးဆွေးနွေးပွဲ ပူးတွဲမူဘောင်ပေါ်ပေါက်ရေး၊ နိုင်ငံရေးဆွေးနွေးပွဲဖြစ်စဉ်အတွက်လမ်းပြမြေပုံမူကြမ်း၊ အလွတ်သဘောဆွေးနွေးပွဲများမှ ရရှိထားသည့် ဘုံနားလည်မှုများနှင့်အခြေခံမူများ၊ နိုင်ငံရေးဆွေးနွေးပွဲတွင်အသုံးပြုမည့် ဆုံးဖြတ်ချက်ချခြင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဘုံနားလည်မှုများနှင့် အခြေခံမူများအား အတည်ပြုခဲ့ကြပြီး ရှေ့ဆက်လုပ်ဆောင်သွားမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) မှ အတွင်းရေးမှူး ဒေါ်စောမြရာဇာလင်းက " NCA လက်မှတ်ရေးထိုးပြီးနောက် ရက်ပေါင်း ၆၀ အတွင်းမှာ နိုင်ငံရေးမူဘောင် ရေးဆွဲရမှာကိုး။ အဓိကက နိုင်ငံရေးပါတီတွေနဲ့ ကြိုတင်ညှိနှိုင်းတဲ့သဘောပေါ့။ ဒီနေ့ဆွေးနွေးပွဲမှာ ပါတီတွေက ကိုယ်စားပြု တက်ရောက်မှုတွေရှိပေမယ့် အင်အားနည်းတယ်။ ရွေးကောက်ပွဲအတွက် အချိန်အများကြီး ပေးနေရလို့ဖြစ်မယ်" ဟု နိုင်ငံရေးပါတီများ တက်ရောက်မှုနည်းပါးခြင်းအပေါ် သုံးသပ်သည်။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် အစိုးရ ကိုယ်စားလှယ်များသည် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၄ ရက်က နိုင်ငံရေးမူဘောင်ရေးဆွဲရေးအတွက် ခုနစ်ကြိမ်မြောက်အဖြစ် အလွတ်သဘောတွေ့ဆုံခဲ့ကြသည်။

ချင်းအမျိုးသားတပ်ဦး (CNF) မှ အဓိပတိကောင်စီဝင်ဖြစ်သူ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းက "နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ဆိုတာနိုင်ငံရေး ပါတီတစ်ခုက ငါတို့ အာဏာရလာရင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအတွက် ဘယ်လိုပေါ်လစီချမှတ်မလဲ။ ဘယ်လိုအကောင်အထည် ဖော်မလဲဆိုတဲ့ ရေတိုနိုင်ငံရေးစီမံကိန်းမျိုးမဟုတ်ဘဲနဲ့ အနှစ် ၆၀ ပြည်တွင်းစစ်ကိုရပ်စဲပြီး ကျွန်တော်တို့ တိုင်းပြည်အေးချမ်းသာယာဖို့ တိုးတက်ဖို့ တိုင်းရင်းသားလူမျိုးအားလုံး အတူလက်တွဲနေထိုင်နိုင်မယ်ဆိုတဲ့ အရင်းခံပြဿနာကို ဖြေရှင်းဖို့က ပိုအရေးကြီးတယ်လို့ ကျွန်တော် ပြောချင်ပါတယ်"ဟု နိုင်ငံရေးမူဘောင်နှင့် စပ်လျဉ်းပြီး သုံးသပ်သည်။

**သတင်း-ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်**
**ဓာတ်ပုံ-ဖိုးထောင်**

---

# ကိုးမြို့နယ်အထင်ကရ ဆင်အကဖြင့် ဖိတ်ခေါ်နေသော ကျောက်ဆည်မြို့ ဆင်လှူပွဲတော်

**ကျောက်ဆည် အောက်တိုဘာ ၅**

မြန်မာနိုင်ငံရှိ ရိုးရာဆင်ပွဲတော်များ၌ အထင်ရှားဆုံးနှင့် အစည်ကားဆုံးပွဲတော်ကြီးအဖြစ် သက်တမ်းကြာမြင့်စွာ ကျင်းပလာခဲ့သည့် ကျောက်ဆည်မြို့ သီတင်းကျွတ်ဆင်လှူပွဲတော်ကြီး အစဉ်အလာမပျက် ကျင်းပရန် နီးကပ်လာသည်နှင့်အမျှ ပြိုင်ပွဲဝင်ရန် လေ့ကျင့်ပြင်ဆင်နေကြသော ဆင်အကအဖွဲ့တို့၏ ယဉ်ကျေးသိမ်မွေ့လှသည့် အဆို၊ အက၊ အတီး၊ အမှုတ် ဂီတသံတို့သည် ကျောက်ဆည်မြို့ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်းလျက်ရှိနေပေသည်။

လယ်တွင်းကိုးခရိုင် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်တော်မူခဲ့သော အနော်ရထာဘုရင်မင်းမြတ်၏ ကျေးဇူးတရားများကို တုံ့ပြန်သောအားဖြင့် မင်းကြီး၏ အဓိဋ္ဌာန်ပြုလှူဒါန်းတော်မူခဲ့သော ကောင်းမှုကုသိုလ်များကို လက်ဆင့်ကမ်းအမွေအဖြစ် ထိန်းသိမ်းစောင့်ရှောက်၍ အစဉ်အလာမပျက် ဆင်လှူပွဲတော်ကြီးကို နှစ်စဉ်သီတင်းကျွတ်လဆန်း ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ကျင်းပလာခဲ့ပြီး ၁၉၇၅ ခုနှစ်မှစ၍ အုပ်ချုပ်ရေးအဖွဲ့များ၊ ရွှေသာလျောင်း ဂေါပကအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများက ရှေးရိုးရာယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းလျက် ဆင်အကပြိုင်ပွဲများကို စနစ်တကျ ဒိုင်အဖွဲ့များဖြင့်ဖွဲ့စည်း၍ ဆုများချီးမြှင့်ကျင်းပပေးခဲ့ရာ အထူးစည်ကားသော ဆင်ပွဲတော်ကြီးကို ရုပ်သံနှင့် သတင်းမီဒီယာများကပါ လာရောက်ရိုက်ကူးထုတ်လွှင့်ရေးသားလာကြသဖြင့် ကမ္ဘာသိပွဲတော်ကြီးအဖြစ် ထင်ရှားလျက်ရှိကြောင်း ဆင်အကပြိုင်ပွဲတွင် ဒိုင်ချုပ်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သူ ဦးကျော်မောင်က ပြောသည်။



"ဆင်အကပြိုင်ပွဲမှာ ဒိုင်ချုပ်အဖြစ် ဆောင်ရွက်လာတာ အနှစ် ၂၀ ကျော်ပါပြီ။ ပြိုင်ပွဲကို ရိုးရာဆင်၊ ဘော်ကြယ်ဆင်နဲ့ ကလေးဆင်ဆိုပြီး အမျိုးအစားသုံးမျိုးခွဲခြားသတ်မှတ်ထားပါတယ်။ သက်ဆိုင်ရာပြိုင်ပွဲအလိုက် အမှတ်ပေးဒိုင်သုံးခုမှာ ဝင်ရောက်ယှဉ်ပြိုင်ရပြီး ဒိုင်သုံးခုအမှတ်ပေါင်းနဲ့ ဒိုင်ချုပ်အဖွဲ့က ဆုရွေးချယ်ပေးခြင်းဖြစ်ပါတယ်။ ဒါ့အပြင် အနှစ် ၃၀ အထက် ဆင်ပွဲတော်ကြီးမှာ နှစ်စဉ်မပျက်ပါဝင်လှည့်လည်ကပြခဲ့တဲ့ သက်ကြီးဆင်များကိုလည်း ဇွဲဆုအနေနဲ့ ချီးမြှင့်ပေးတဲ့အပြင် ကျောက်ဆည်မြို့မဈေးကြီးကို သုံးပတ်ပြည့်အောင် မြေလျှောက်လှည့်လည် ကပြတဲ့ ဆင်အဖွဲ့ကိုလည်း ရှေးရိုးရာဆုအဖြစ် ချီးမြှင့်ပေးပါသေးတယ်။ ဆင်အကပြိုင်ပွဲတွေကို သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့မှာ ကျင်းပပြီး လပြည့်နေ့မှာတော့ ရွှေသာလျောင်းတောင်ထိပ်ပေါ်မှာရှိတဲ့စေတီကို လက်ယာရစ်သုံးပတ်ပတ်ပြီး ဆွမ်းတော်ကြီးပွဲ ဆီမီး၊ ဖယောင်းတိုင်နဲ့ ရွှေဆင်ရုပ်၊ ငွေဆင်ရုပ်တွေကို လှူဒါန်းကာ အနော်ရထာမင်းကြီးနဲ့ တကွ ဆင်ဖြူကို ရည်မှန်းကာ အမျှအတန်းပေးဝေကြပါတယ်"ဟု ပြောပြသည်။

မကြာမီ ခြိမ့်ခြိမ့်သဲ ကျင်းပတော့မည့် ကျောက်ဆည်ဆင်အကပြိုင်ပွဲကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့်ဒေသခံ ဆင်အကအဖွဲ့များနှင့် တွေ့ဆုံမေးမြန်းခဲ့ရာတွင်လည်း ရိုးရာဆင်အကြီးတန်းဝင်ရောက်ယှဉ်ပြိုင်ကပြမည့် ပင်လှမောင်အဖွဲ့မှ ကိုရှိန်ဦးက "ကျောက်ဆည်သူ ကျောက်ဆည်သားမှန်သမျှ အရွယ်ရောက်တာနဲ့ ဆင်အကကို ဝင်ပြိုင်ချင်တဲ့စိတ်က အလိုလိုထက်သန်လာတာပါ။ အနော်ရထာမင်းကြီး၏ ရိုးရာအမွေကို ထိန်းသိမ်းစောင့်ရှောက်တဲ့ သဘောလည်းပါတာပေါ့။ ကျွန်တော်တို့ရဲ့ ဘိုးဘွားစဉ်ဆက် ကျင်းပခဲ့တဲ့ ကျောက်ဆည်ဆင်အက ပြိုင်ပွဲကြီးကို လာရောက်အားပေးကြတဲ့ အနယ်နယ်အရပ်ရပ်က ပရိသတ်ကြီးကိုလည်း ကျေးဇူးအထူးတင်ပါတယ်"ဟု ပြောကြားသွားပြီး ဘော်ကြယ်အကြီးတန်းဆင်အကနှင့် ဝင်ရောက်ယှဉ်ပြိုင်မည့် ဧရာမိုးဆင်အကအဖွဲ့မှ ကိုထွန်းနိုင်ကလည်း "ခုနစ်နှစ်မြောက် ပြိုင်ပွဲဝင်တာပါ။ ဒုတိယ၊ တတိယဆုတွေ ရရှိခဲ့ဖူးပါတယ်။ အနော်ရထာမင်းကြီးတည်ထားခဲ့တဲ့ စေတီတော်တွေကို ကျောက်ဆည်သားတစ်ယောက်အနေနဲ့ မင်းကြီးအဓိဋ္ဌာန်ပြုထားခဲ့တဲ့အတိုင်း ဆင်လှူပွဲတော်နဲ့ ကုသိုလ်ပြုပေးနေတာပါ။ ဆုရခြင်း၊ မရခြင်းထက် ကျောက်ဆည်မြို့ကြီး စည်ကားပြီး ဧရာမိုးကို အားပေးသံတွေကြားနေရရင် ကျေနပ်ပါတယ်ဗျာ။ ပွဲတော်ကြီးပိုပြီး စည်ကားအောင် နာမည်ကြီးအဆိုတော်တွေငှားပြီး ဖျော်ဖြေပေးဖို့ စီစဉ်ထားပါတယ်။ ပရိသတ်အားပေးမှုတွေနဲ့ ကျွန်တော်တို့မြို့လူထုက ပီတိဖြစ်နေကြရတာပါ"ဟု ပြောသည်။

ထို့ပြင် ကျောက်ဆည်မြို့ ဆင်အကပြိုင်ပွဲကြီးတွင် နှစ်ပေါင်း ၂၄ နှစ်ကြာ စဉ်ဆက်မပြတ် ပြိုင်ပွဲဝင်ခဲ့သော ပိတောက်မြိုင်ရိုးရာဆင်အကအဖွဲ့မှ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုဖိုးသားကလည်း "ကျွန်တော် အသက် ၂၀ အရွယ်ကတည်းက ဝင်ပြိုင်ခဲ့တာပါ။ ကျောက်ဆည်သားမှန်ရင် ရိုးရာဆင်အကကို ဝါသနာပါကြတာဆိုတော့ မဖြစ်မနေ ဝင်ပြိုင်ချင်ကြတာပါပဲ။ ဆုရရင်ပျော်ကြပေမယ့် မရခဲ့ရင်လည်း ကျွန်တော်တို့မြို့ရဲ့ ရိုးရာဆင်အကပွဲတော်ကြီးရဲ့ ဖျော်ဖြေတင်ဆက် ကပြမှုတွေကို တကူးတက လာရောက်ကြည့်ရှုကြသူတွေ ပျော်ရွှင်ကျေနပ်တယ်ဆိုရင် ဝမ်းသာရပါတယ်" ဟု ပြောသည်။

ကျောက်ဆည်မြို့ သီတင်းကျွတ် ဆင်လှူပွဲတော်ကြီးအတွက် ဆင်ရုပ်များပုံဖော်ပြုလုပ်ပေးသူ ဆင်ချိုးပညာရှင် ကိုသိန်းအောင်ကလည်း "မိဘအစဉ်အဆက် ဆင်ချိုးပညာကို လက်ဆင့်ကမ်းသယ်ဆောင်ပြီး ဆင်ရုပ်တွေ လုပ်ဆောင်ခဲ့တာ နှစ်ပေါင်း ၅၀ ရှိပါပြီ။ ကျောက်ဆည်မြို့မှာ မျိုးရိုးစဉ်ဆက်ပညာရှင် ငါးဦးရှိပါတယ်။ ဆင်ချိုးလုပ်ငန်းရဲ့ အဓိကစောင့်ထိန်းရမယ့်အချက်က ကိုယ့်ဆီကိုလာအပ်တဲ့ ပြိုင်ပွဲဝင်ဆင်ရဲ့ အဖွဲ့နာမည်ကို လျှို့ဝှက်ထားပေးရပါတယ်။ ဒါ့အပြင် ရိုးရိုးအလှပြဆင်ကို ပြုလုပ်တဲ့အခါမှာ ကြိုက်တဲ့ဝါးကို အသုံးပြုလို့ရပေမယ့် ပြိုင်ပွဲဝင်မယ့် ဆင်ကိုတော့ အတတ်နိုင်ဆုံးပေ့ါပေ့ါပါးပါးဖြစ်အောင် ဝါးကို အပါးလွှာဆုံး ဆောင်ရွက်ပေးရပါတယ်။ ဆင်ချိုးခအနေနဲ့ကတော့ ရိုးရာဆင်အတွက် တစ်သိန်းခွဲ၊ ဘော်ကြယ်ဆင်အတွက် ရှစ်သိန်းခွဲနဲ့၊ ကလေးဆင်အတွက် ငါးသောင်းခွဲမှ ရှစ်သောင်းအထိ ရှိပါတယ်။ အနော်ရထာမင်းကြီးရဲ့ အဓိဋ္ဌာန်အတိုင်း သူ့ရဲ့ကုသိုလ်တွေကို အစဉ်အလာမပျက် လှူဒါန်းပေးနေတဲ့အတွက် ဆင်လှူပွဲတော်ကြီးဟာ တစ်နှစ်ထက်တစ်နှစ် ပိုပြီး စည်ကားလာသလို ကျောက်ဆည်မြို့ကြီးကလည်း တစ်နေ့တခြား ဖွံ့ဖြိုးတိုးတက်လာနေတာ လက်တွေ့ပါပဲဗျာ"ဟု ပြောသည်။

"ကျွန်မတို့မြို့ရဲ့ ရိုးရာဆင်အကကို မွေးကတည်းက နှစ်တိုင်း ကြည့်နေရပေမယ့်လည်း မရိုးနိုင်ပါဘူး။ ဒီအချိန်ရောက်လို့ ဗုံသံကြားလိုက်တာနဲ့တင် မနေနိုင်အောင် သွားကြည့်နေမိတာပါပဲ။ ဒီဆင်လှူပွဲတော်ကြီးကြောင့် ကျောက်ဆည်မြို့ကြီး ဂုဏ်တက်နေတာပါ။ ဒါကြောင့် အနယ်နယ်အရပ်ရပ်က လာရောက်အားပေးကြတဲ့ ပရိသတ်ကြီးကိုလည်း နွေးထွေးစွာကြိုဆိုနေပါတယ်"ဟု ကျောက်ဆည်မြို့ ထနောင်းပင်လှရွာသူ ဒေါ်မြစန်းရီက ဖိတ်ခေါ်သည်။

ကျောက်ဆည်မြို့ ဆင်လှူပွဲတော်ကြီးကို နှစ်စဉ်ရှေးရိုးရာအစဉ်အလာမပျက် ကျင်းပလာခဲ့သည်မှာ အနော်ရထာမင်းလက်ထက်မှစ၍ ယနေ့ထက်တိုင်အောင်နှစ်ပေါင်း တစ်ထောင်နီးပါးကြာမြင့်ခဲ့ပြီး မြန်မာတွင်သာမက ကမ္ဘာကပါ လူသိများကျော်ကြားလှသော ကျောက်ဆည်မြို့၏ အထင်ကရ ဆင်အကပွဲတော်ကြီးကို လာရောက် နွှဲပျော်ကြပါရန် ကျောက်ဆည်မြို့က ဖိတ်ခေါ်လျက်ရှိနေကြပေသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-ချမ်းသာ(မိတ္ထီလာ)

**** ကျောဖုံးမှ***

ထို့ကြောင့် မိတ္ထီလာမြို့သူ မြို့သားများနှင့် အနီးဝန်းကျင်ရှိ မြို့နယ်များနေ ကျေးရွာပြည်သူများသည် ဖောင်တော်ဦး စေတီဗုဒ္ဓပူဇနိယပွဲတော် ပြန်လည်ကျင်းပမည့်နေ့ကို မျှော်လင့်နေခဲ့ကြသည်။ ဖောင်တော်ဦးဘုရားပွဲတော်မှ မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲကို အားပါးတရ ကြည့်ရှုအားပေးလိုကြသည်။ အရပ်စကားဖြင့်ဆိုရလျှင် မိတ္ထီလာမြို့သူ မြို့သား၊ နယ်သူ နယ်သားများအားလုံး ပွဲတော်ငတ်နေခဲ့ကြလေသည်။ ယခုနှစ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည့် (၁၃၂)ကြိမ်မြောက် ဖောင်တော် ဦးစေတီ ဗုဒ္ဓပူဇနိယပွဲတော်သည် ၎င်းတို့၏ မျှော်လင့်နေမှုအား အပြည့်အဝ ဖြည့်ဆည်းပေးခဲ့သည်ဟု ဆိုနိုင်ပါသည်။

"မိတ္ထီလာမှာ ဖောင်တော်ဦးဘုရားပွဲ မကျင်းပတာ နှစ်နှစ်ရှိသွားပြီ။ ဒီနှစ်ဘုရားပွဲ ကျင်းပမယ်ကြားတော့ သိပ်ပျော်တယ်။ဘုရားပွဲတော်မှာလည်း လှေပြိုင်ပွဲကြည့်တယ်။ ပွဲဈေးတန်းတွေလျှောက်လည်တယ်။ ရဟတ်စီးတယ်။ သူငယ်ချင်းတွေနဲ့အတူတူ လျှောက်လည်ကြတာ။ အားလုံး ပျော်ပါတယ်"ဟု နန်းတော်ကုန်းရပ်ကွက်တွင် နေထိုင်သူ လူငယ်တစ်ဦးက ပြောသည်။



**မိတ္ထီလာဖောင်တော်ဦးဘုရားပွဲတော်ကျင်းပသည့် မိတ္ထီလာဖောင်တော်ဦးဘုရားနှင့် လာရောက်ကြသည့် ဧည့်ပရိသတ်များကို တွေ့ရစဉ်။**

ယခုနှစ် မိတ္ထီလာဖောင်တော်ဦး ဘုရားပွဲတော်တွင် ၂၀၁၂ ခုနှစ်အထိ ကျင်းပခဲ့သည့် ဘုရားပွဲတော်များကဲ့သို့ ဘုရားပွဲဈေးတန်းဈေးဆိုင်ခန်းများကို မိတ္ထီလာကန်၏ အရှေ့ဘက်တွင်သာ နေရာချထားခြင်းမပြုဘဲ ကန်၏ အနောက်ဘက် ကန်ကူးတံတားနှစ်စင်း အနောက်ထိပ်နေရာ၊ နဂါးရုံဘုရားအနီး၊ အထက(၁)ကျောင်းလမ်း၊ ထွေ/အုပ်ရုံး တောင်ဘက်လမ်းကြားနေရာများတွင်ပါ နေရာချထားခဲ့သည်။ ဈေးဆိုင်ခန်းပေါင်း ၉၉၇ ခန်းရှိသည့်အနက် မိတ္ထီလာကန်အရှေ့ဘက် ဆိုင်ခန်းပေါင်း ၅၀၀ ကျော်၊ မြို့အနောက်ဘက်တွင် ဆိုင်ခန်းပေါင်း ၄၀၀ ကျော် နေရာချထားပေးခဲ့ပြီး ရန်ကုန်-မန္တလေး ကားလမ်းဘေး စည်သူရပ်သံလမ်းအနီးမှ ရွှေဘုံသာစေတီတော် (ခြသေ့်ကြီးနှစ်ကောင်)အထိ ဈေးဆိုင်ခန်းများကို ယခုနှစ်တွင် လုံးဝနေရာချထားပေးခြင်းမပြုခဲ့ပေ။

"မိတ္ထီလာကန်ရဲ့ အရှေ့ဘက်မှာ ဈေးဆိုင်ခန်းပေါင်း ၅၀၀ ကျော်၊ ကန် အနောက်ဘက်မှာ ဈေးဆိုင်ခန်းပေါင်း ၄၀၀ ကျော် စုစုပေါင်း ဈေးဆိုင်ခန်း ၉၉၇ ခန်းကို နေရာ ချထားပေးခဲ့ပြီး ရန်ကုန်-မန္တလေး ကားလမ်းဘေး စည်သူရပ်သံလမ်းအနီးမှ ရွှေဘုံသာစေတီတော် (ခြသေ့်ကြီးနှစ်ကောင်)အထိကိုတော့ ဈေးဆိုင်ခန်းတွေ နေရာချထားပေးခြင်းမရှိပါဘူး။ ဒါပေမယ့် ဒီနှစ်ဘုရားပွဲတော်က ကန်အရှေ့ဘက်မှာရော ကန်အနောက်ဘက်မှာပါ ဘုရားပွဲလည်ပတ်သူတွေနဲ့ ကြိတ်ကြိတ်တိုး စည်ကားခဲ့ပါတယ်။ လှေပြိုင်ပွဲကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါတယ်။ လှေပြိုင်ပွဲကျင်းပတဲ့နေ့တိုင်း လာရောက်ကြည့်ရှုအားပေးသူတွေနဲ့ စည်စည်ကားကား ဖြစ်ခဲ့ပါတယ်"ဟု ဖောင်တော်ဦး စေတီတော်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ဦးမောင်ဝင်းက ပြောသည်။



**မိတ္ထီလာဖောင်တော်ဦးဘုရားပွဲတော်ကျင်းပသည့် ညဈေးတန်း၌ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဧည့်ပရိသတ်များအား စည်ကားသိုက်မြိုက်စွာ တွေ့ရစဉ်။**

ယခုနှစ် ဖောင်တော်ဦးဘုရားပွဲတော်တွင် ထည့်သွင်းကျင်းပသည့် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲတွင် (က) အုပ်စုပေါက်ကျိုင်း၊ ပျိုတို့မောင်၊ ဇာတိသွေးပြန်လာပြီ၊ ရွှေလူးရင်သွေးအောင်တံခွန်၊ (ခ)အုပ်စု ရွှေလူးကိုကို၊ ရွှေညီအစ်ကို၊ ရေလှိုင်းဖြူ အောင်မင်္ဂလာ၊ (ဂ)အုပ်စု ရွှေလက်ယာ၊ ရွှေလူးတက်ရှိန်၊ ရွှေလူးမောင်မောင်၊ ဇွဲမာန်မြင်းခြံ၊ (ဃ)အုပ်စု ပြန်လာပြီရွှေဂူကြီး၊ မိတ္ထီလာတက္ကသိုလ်၊ ဒို့လာပြီ၊ လဝန်းမောင် စုစုပေါင်း လှေအသင်း ၁၈ သင်း ပါဝင်ယှဉ်ပြိုင်ပြီး ပြိုင်ပွဲကို စက်တင်ဘာ ၂၄ ရက်မှ ၂၈ ရက်အထိ ကျင်းပခဲ့ကာ ဇာတိသွေးပြန်လာပြီ ပထမ၊ ရွှေလူးကိုကို ဒုတိယ၊ ရွှေညီအစ်ကို တတိယနှင့် ရွှေလက်ယာက နှစ်သိမ့်ဆုများ ဆွတ်ခူးရရှိခဲ့ကြသည်။

မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲကျင်းပသည့် ၅ ရက်တာကာလတွင် လှေပြိုင်ပွဲ ကြည့်ရှုအားပေးသူများမှာ မိတ္ထီလာကန်ကူးတံတားပေါ်မှ လည်းကောင်း၊ မီးရထားသံလမ်းကန်ပေါင်ပေါ်မှလည်းကောင်း၊ ဖောင်တော်ဦး စေတီတန်ဆောင်းအတွင်းမှလည်းကောင်း၊ အနောက်ဘက်ကန်ထိပ်မှလည်းကောင်း စည်ကားသိုက်မြိုက်စွာ တစ်ခဲနက် ကြည့်ရှုအားပေးခဲ့ကြပြီး ဗိုလ်လုပွဲကျင်းပသည့် တော်သလင်းလပြည့်နေ့ (စက်တင်ဘာ ၂၈ ရက်)တွင် မိုးရေထဲမှပင် အားပေးမပျက် ကြည့်ရှုအားပေးကြသည်။

"လှေပြိုင်ပွဲကို မကြည့်ရတာ နှစ်နှစ်ကြာသွားပြီဆိုတော့ ဗိုလ်လုပွဲနေ့က မိုးရွာနေတာတောင် ကြည့်ခဲ့တယ်။ ဗိုလ်လုပွဲမို့အရင်နေ့တွေကထက် ပိုကြည့်လို့ကောင်းပါတယ်။ လှေအသင်းတွေကလည်း သူနိုင်ကိုယ်နိုင် အနိုင်မခံ အရှုံးမပေးပြိုင်ကြတာမို့ ကြည့်လို့ကောင်းတယ်။ နောက်နှစ်လည်း ဒီလိုလှေပြိုင်ပွဲကို ကြည့်ရှုချင်ပါသေးတယ်"ဟု မြို့မရပ်ကွက်တွင်နေထိုင်သူ ဒေသခံတစ်ဦးက ပြောသည်။

တော်သလင်းလပြည့်နေ့တွင် ဖောင်တော်ဦးစေတီ ဗုဒ္ဓပူဇနိယပွဲတော်တိုင်း ကျင်းပပူဇော်မြဲဖြစ်သည့် ဆွမ်းသပိတ်လောင်းလှူပူဇော်ပွဲကို ဖောင်တော်ဦးတန်ဆောင်းအတွင်း ကျင်းပခဲ့ပြီး မြို့နယ်အတွင်း ကျောင်းတိုက်ပေါင်း ၃၀ ကျော်မှ သံဃာတော်အပါး၁၅၀ကျော်အား ဆွမ်းသပိတ်များကို ဒေသခံစေတနာရှင် အလှူရှင်များက ဆက်ကပ်လောင်းလှူခဲ့ကြသည်။ ဖောင်တော်ဦးဘုရားပွဲတော်ကာလ တော်သလင်းလပြည့်နေ့နှင့် လပြည့်ကျော် ၁ ရက်နေ့များတွင် မိတ္ထီလာမြောက်ကန် တူးဖော်အောင်မြင်ခြင်းနှင့် နိုင်ငံတော်သမ္မတနှင့် အများပြည်သူကောင်းမှု ဓမ္မသုခရွှေစည်းခုံစေတီတော် တည်ထားကိုးကွယ်ခြင်း အထိမ်းအမှတ် ရွှေမန်းသား ဖိုးချစ်ဇာတ်အဖွဲ့က ပွဲချစ်သူပရိတ်သတ်များအား နှစ်ညတိုင် အခမဲ့ ကပြဖျော်ဖြေခဲ့သည်။ ယခုနှစ် ဖောင်တော်ဦးဘုရားပွဲတော် ကာလအတွင်း ဘုရားပွဲတော် လာရောက်လည်ပတ်သူများ စည်ကားများပြားဆုံးနေရာများမှာ နဂါးရုံဘုရားအနီးမှ ရဟတ်ဝိုင်းကြီး၊ ပင်လယ်ဓားပြလှေနေရာ(ညအချိန်)၊ လှေပြိုင်ပွဲကျင်းပသည့် ဖောင်တော်ဦးစေတီတော်အနီး (နေ့အချိန်)၊ ဓမ္မသုခရွှေစည်းခုံစေတီတော် (နေ့၊ည)တို့ဖြစ်ပြီး အခြားပွဲဈေးတန်းနေရာများတွင်လည်း ဘုရားပွဲတော်ကြည့်ရှုလည်ပတ်သူများဖြင့် စည်ကားခဲ့သည်။

၁၃၂ ကြိမ်မြောက် ဖောင်တော်ဦးစေတီ ဗုဒ္ဓပူဇနိယပွဲတော်ဖြစ်မြောက်ရေးအတွက် ပွဲတော်မကျင်းပမီက အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေးအတွက် လိုအပ်သည့် လုံခြုံရေး၊ ကျန်းမာရေး၊ ဧည့်ခံကြိုဆိုရေး စသည့် ဆပ်ကော်မတီများဖွဲ့စည်းကာ ခရိုင်မြို့နယ်အုပ်ချုပ်ရေး တာဝန်ရှိသူများ၊ မြို့နယ်ကော်မတီများ၊ ဖောင်တော်ဦး စေတီထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများက အခက်အခဲများကြားက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ကြလေသည်။ ဒေသခံပြည်သူများအားလုံး ညီညွတ်စွာ စုပေါင်းဆောင်ရွက်ခဲ့ကြသဖြင့် ယခုနှစ် ဖောင်တော်ဦး စေတီ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။ ထို့အတူ ရှေ့လာမည့် မိတ္ထီလာမြို့ ၁၃၃ ကြိမ်မြောက် ရှေးဟောင်းသမိုင်းဝင် ဖောင်တော်ဦး စေတီ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကိုလည်း ယခုလို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် မြို့သူမြို့သားများ၊ နယ်သူနယ်သားများအားလုံး စောင့်မျှော်နေကြဦးမည်ဖြစ်ကြောင်း တင်ပြလိုက်ပါသည်။

# စက်တင်ဘာ ၁၉ ရက်က ပြန်လည်စတင်လိုက်သော မြန်မာ-အိန္ဒိယနယ်စပ် ကုန်သွယ်ရေးလမ်းအခြေအနေအရ ယခင်ထက်ကုန်စည်ဝင်ထွက်မှုထက်ဝက်လျော့

**တမူး အောက်တိုဘာ ၅**

လွန်ခဲ့သည့်နှစ်ပေါင်း ၄၀ ကျော်ကတည်းက တရားမဝင်လမ်းကြောင်းဖြင့် ကူးလူးဆက်ဆံခဲ့သော မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေး အခြေအနေသည် ပြီးခဲ့သည့် ဇူလိုင်၊ ဩဂုတ်လများက မိုးကြီးရေလျှံမှုများဖြစ်ခဲ့ရာ တံတားများ ကျိုး၍ လမ်းပျက်မှုများဖြစ်ပွားခဲ့ပြီး ကုန်စည်စီးဆင်းမှု ပိတ်ထားခဲ့ရာမှ တံတားများ ပြန်လည်ပြီးစီးပြီဖြစ်သဖြင့် မြန်မာပြည်တွင်းကုန်များ နယ်စပ်သို့ဝင်လာပြီဖြစ်သလို အိန္ဒိယကုန်များလည်း ပြည်တွင်းသို့ ဝင်ရောက်လာပြီဖြစ်ကြောင်း မြန်မာ-အိန္ဒိယနယ်စပ် ကုန်သွယ်ရေးဌာန (တမူး)တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"တမူး-ကလေး-မုံရွာလမ်းပေါ်က တံတားတွေ ရေကြောင့် ပျက်စီးတာတွေကို သက်ဆိုင်ရာကအမြန်ဆုံးပြီးအောင် ပြင်ဆင်ခဲ့တာ စက်တင်ဘာ ၁၉ ရက်ကစပြီး ခြောက်တန်ကုန်ကားတွေ ပြည်တွင်းက ဝင်လာပါပြီ။ အခုလောလောဆယ်မှာတော့ တံတားတွေရဲ့ခံနိုင်ဝန်အရ ခြောက်တန်ကားတွေကိုပဲ သွားလာဖြတ်သန်းခွင့်ပြုတဲ့အတွက် ၁၂ တန် ကားတွေ ဝင်တာလောက်တော့ ကုန်စည်မများသေး၊ မသွက်သေးဘူး။ အခုခြောက်တန်ကားတွေနဲ့ နေ့စဉ် ပြည်တွင်းက ကွမ်းသီးအဝင်များပြီး အိန္ဒိယကုန်ကတော့ တိုက်ပွဲမကြာခဏဖြစ်နေတော့ ထုံးစံအတိုင်း ဆိုင်ကယ်လေးတွေနဲ့ ကူသယ်ခေါက်သယ်စနစ်နဲ့ မြန်မာနိုင်ငံနဲ့ ထိုင်းနယ်စပ်ကို ထွက်နေတာတွေ့ရပါတယ်"ဟု မြန်မာ-အိန္ဒိယနယ်စပ်ကုန်သည်တစ်ဦးက ပြောပြသည်။

ယခုလတ်တလောတွင် အိန္ဒိယ တစ်ရူပီးလျှင် ၁၈ ကျပ် ၈၈ ပြားအဖြစ် အောက်တိုဘာ ၅ ရက်တွင် ပေါက်နေပြီး ကုန်ပို့နိုင်မှုမှာ ရေကြီးပိတ်ထားသည့်ကာလအတွင်း အိန္ဒိယဘက်မှ သွင်းထားသော ကုန်များစုမိသလို ရှိနေသောကြောင့် မြန်မာ-အိန္ဒိယ နယ်စပ်တွင် ပို့ကုန်ထက် သွင်းကုန်က များကြောင်း သိရသည်။

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံသည် ပထဝီအနေအထားအရ ကီလိုမီတာ ၁၄၀၀ ကျော် ဆက်စပ်နေပြီး ၁၉၉၄ ခုမှစတင်၍ နှစ်နိုင်ငံကုန်သွယ်မှု သဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ၁၉၉၅ ခုနှစ် ဧပြီလ ၁၂ ရက်မှစတင်ကာနှစ်နိုင်ငံ ကုန်သွယ်ရေးကို တရားဝင်ပြုလုပ်ခဲ့ရာ ယခုတွင် အနှစ် ၂၀ ကျော်လာပြီဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# အောက်တိုဘာ ၅ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၅ ရက်၊ တနင်္လာနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၆၀၀ မှ ၅၀၀၀၀ |
| ၂ | ဧရာ/ဧည့်မထ(ဆန်) | ဝါးတန်းလမ်း | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၄၅၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၂၀၀၀ |
| ၄ | မြိုးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၉၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၇၀၀၀ |
| ၆ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၃၅၀၀၀၀ |
| ၇ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၀၀ မှ ၂၆၇၀ |
| ၈ | ကြက်သွန်နီ | ဆိပ်ဖြူ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၁၀၀ မှ ၁၇၅၀ |
| ၉ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၄၀ မှ ၂၅၇၀ |
| ၁၀ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၆၀၀ မှ ၃၃၅၀ |
| ၁၁ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၄၀ မှ ၈၇၀ |
| ၁၂ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၆၀၀ မှ ၁၅၀၀ |
| ၁၃ | လိမ္မော်သီး | | တစ်ပိဿာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၁၀၀ မှ ၁၅၀၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။

# တစ်ဖက်နိုင်ငံသို့ တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကို အကျိုးဆောင်လိုင်စင်မရှိဘဲ ပို့ဆောင်ပေးသူကို အရေးယူ

**နေပြည်တော် အောက်တိုဘာ ၅**

အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (ရန်ကုန်)နှင့် လေကြောင်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်) တို့မှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၄ ရက် နံနက် ၇ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ထိုင်းနိုင်ငံသို့ သွားရောက်မည့် ရှမ်းပြည်နယ် လားရှိုးမြို့နယ် သံလွင်ကျေးရွာနေ မကိန်းလင်းဆောင်(၁၉ နှစ်)၊ တစ်ရွာ တည်းနေ မရင်ကျိန်း(၁၈ နှစ်)၊ မကိန်းရင်ကျောက်(၂၈ နှစ်)၊ မကိန်းရုံကျောက်(၂၀ နှစ်)၊ မရွှန်းကျီ (၁၈ နှစ်)နှင့် မန်မတ်ကျေးရွာနေ မကျားလင် (၂၄ နှစ်)တို့ ခြောက်ဦးကို မသင်္ကာဖွယ်တွေ့ရှိရသဖြင့် ၎င်းတို့အား ခေါ်ဆောင်လာသူ မလော်ဖန်း (ခ)မဝမ်းကျင်ဖွေး(ခ) မသဇင် (၃၇ နှစ်) အား စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ မကိန်းလင်းဆောင်ပါ ခြောက်ဦးအား ထိုင်းနိုင်ငံ ဖူးခက်ရှိ အလှပြင်ဆိုင်နှင့် ငှက်သိုက်စက်ရုံတို့တွင် တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်ရန် မလော်ဖန်း(ခ) မဝမ်းကျင်ဖွေး(ခ) မသဇင်(၃၇ နှစ်)က တစ်ဦးလျှင် မြန်မာငွေကျပ် ခြောက်သိန်းစီဖြင့် ၎င်းငွေများအနက်မှ ၎င်းအတွက် အကျိုးဆောင်ခအဖြစ် တစ်ဦးလျှင် ငွေကျပ်သုံးသောင်းစီရရှိကြောင်း၊ နိုင်ငံကူးလက်မှတ်များ၊ လေယာဉ်လက်မှတ်နှင့် ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်ရန် ကိစ္စရပ်များကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသဖြင့် အကျိုးဆောင်လိုင်စင်တစ်စုံတစ်ရာမရှိဘဲ ဆောင်ရွက်ခဲ့သည့် မလော်ဖန်း(ခ)မဝမ်းကျင်ဖွေး(ခ)မသဇင်အား မင်္ဂလာဒုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



# ရေနှင့် အက်စစ်များသောက်၍ သေဆုံး

**ရေတာရှည် အောက်တိုဘာ ၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် နန်ချွန်ဆည်မြောင်းဝင်း၌ နေထိုင်သော အမျိုးသားတစ်ဦးသည် ရေနှင့် အက်စစ်များသောက်မိရာမှ သေဆုံးသွားခဲ့၍ ရေတာရှည်မြို့မရဲစခန်းက အောက်တိုဘာ ၃ ရက် နံနက် ၇ နာရီခွဲတွင် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နန်ချွန်ဆည်မြောင်းဝင်းနေ ဦးအေးသွင်(၇၆ နှစ်)သည် စက်တင်ဘာ ၂၂ ရက် ညနေ ၆ နာရီခွဲခန့်က ရေနှင့်အက်စစ်များသောက်ခဲ့ရာမှ ရေတာရှည်မြို့နယ် ဆေးရုံမှတစ်ဆင့် တောင်ငူပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းတင်ပို့ပေးခဲ့ပြီးနောက် အောက်တိုဘာ ၁ ရက် နံနက် ၂ နာရီက သေဆုံးသွားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# အချုပ်ခန်းအတွင်း သံဖြတ်လွှသွင်းသူနှင့် အချုပ်မှ ဖောက်ထွက်ရန်အားထုတ်သူကို အရေးယူ

**မကွေး အောက်တိုဘာ ၅**

မကွေးမြို့ မကွေးမြို့မရဲစခန်းရှိ အချုပ်ခန်းအတွင်းသို့ အမျိုးသမီးတစ်ဦးက သံဖြတ်လွှပေးသွင်းမှု အောက်တိုဘာ ၄ ရက် ညနေက ဖြစ်ပွားခဲ့ကြောင်း မကွေးမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၄ ရက်နေ့ ညနေ ၄ နာရီ ၄၅ မိနစ်က မကွေးမြို့မရဲစခန်း အချုပ်ခန်းအမှတ်(၂)၌ ချုပ်ထားသော မကွေးနယ်မြေရဲစခန်းမှ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၀ မှ တရားခံ မင်းကို (၂၃ နှစ်)ထံသို့ ဧည့်တွေ့လာရောက်သည့် မလမင်းအိမ်(ခ) ဝသုန် (၁၈ နှစ်)တွင် ခြောက်လက်မခန့်ရှိ အပြာရောင်သံဖြတ်လွှ အပိုင်းကျိုးနှစ်ချောင်းကိုတွေ့ရှိ၍ သက်သေများရှေ့ သိမ်းဆည်းပြီး မလမင်းအိမ်(ခ)ဝသုန်နှင့် အချုပ်မှ ဖောက်ထွက်ရန်အားထုတ်သူ မင်းကိုတို့အား မကွေးမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ(မကွေး)**

# ဖားကန့်နှင့် လောက်ကိုင်၌ မူးယစ်ဆေးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၅**

အောက်တိုဘာ ၃ ရက်က မိုးညှင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် ဖားကန့်မြို့နယ် မျောက်ဖြူကျေးရွာနေ မဗျာမဆား၏နေအိမ်ကိုရှာဖွေရာ ဘိန်းဆီခဲ ၀ ဒသမ ၁၁ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၂၇၇ ပြား တို့ကို သိမ်းဆည်းရမိသည်။

ထို့အတူ အောက်တိုဘာ ၄ ရက်က နယ်မြေခံတပ်မှ လောက်ကိုင်မြို့၊ ရပ်ကွက်(၃) ကျင်းဖူဟိုတယ်အနီးရှိ ကျင်ဟိုက်လမ်းပေါ်၌ တွေ့ရှိသူ ရန်ရွှင်းနှင့် လောက်ခွမ်းတို့အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၅ ပြား သိမ်းဆည်းရမိပြီး ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



ပြစ်မှုကျူးလွန်သူ မဗျာမဆားကို ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**ကိုရဲ**

# ပျောက်ဆုံးသမီးငယ် မိခင်ထံပို့ဆောင်

**ရန်ကုန် အောက်တိုဘာ ၅**

ရွှေပြည်သာအမှတ်(၁)ရပ်ကွက် မိချောင်းအိုင်ရွာသစ်(ကျူး)နေ မသက်သက်ဝေ (ခ)ဗန်ဒိန်း(ခ)ကြယ်စင်(၁၅ နှစ်)မှာ ပျောက်ဆုံးနေကြောင်း မိခင်ဖြစ်သူ ဒေါ်ခင်နွဲ့က လူပျောက်တိုင်တန်းလာ၍ ရွှေပြည်သာမြို့မရဲစခန်းက စုံစမ်းလျက်ရှိသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၉ ရက်နံနက် ၇ နာရီက အလုပ်လုပ်ရန်သွားရာမှ နေအိမ်ကို ပြန်မရောက်လာဘဲ ပျောက်ဆုံးနေလျက်ရှိကြောင်း၊ ယင်းအမျိုးသမီးငယ်မှာ စားသောက်ဆိုင်တစ်ဆိုင်၌ ဝင်ရောက်လုပ်ကိုင်နေစဉ်တွင် အောက်တိုဘာ ၂ ရက်၌ ရေးမြို့အခြေချမွန်လူငယ် လူမှုကူညီရေးအဖွဲ့မှ ဦးစိုးသိန်းက ရှာဖွေတွေ့ရှိခဲ့ပြီး ရေးမြို့မရဲစခန်းသို့ လာရောက်အပ်နှံပေးခဲ့သဖြင့် မိဘများထံ ဆက်သွယ်ခဲ့ရာ အောက်တိုဘာ ၅ ရက်တွင် မိခင်ဖြစ်သူဒေါ်ခင်နွဲ့က လာရောက်ခေါ်ယူခဲ့ကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

# အင်းစိန်ဘူတာရုံဘေး၌ အမျိုးသားတစ်ဦး ထိုင်လျက်သေဆုံး

**ရန်ကုန် အောက်တိုဘာ ၅**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်ဘူတာရုံဘေး မီးရထားဘောလုံးကွင်းအနီးတွင် အောက်တိုဘာ ၅ ရက် နံနက် ၆ နာရီခန့်က အမျိုးသားတစ်ဦး သေဆုံးနေကြောင်း သက်ဆိုင်ရာဈေးကုန်းအရှေ့ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးစောလှထွန်းက အကြောင်းကြားခဲ့သဖြင့် တာဝန်ကျဒုရဲအုပ် မင်းမင်းထွန်း စစ်ဆေးရာ ပြင်ပဒဏ်ရာတစ်စုံတစ်ရာမရှိဘဲ ထိုင်လျက်သေဆုံးနေကြောင်း မှတ်တမ်းတင်၍ အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့သည်။

"ကျွန်တော့်အပိုင်ထဲမှာ သေဆုံးတော့လှမ်းအကြောင်းကြားတာကြောင့် သက်ဆိုင်ရာကို ဆက်လက်ပို့ပြီး သေမှုသေခင်း PR နံပါတ်ကို ဆေးရုံမှာ ယူဖို့ စီစဉ်နေတာပါ။ သေသွားတဲ့လူက နှလုံးရောဂါသမား၊ မီးရထားဝန်ထမ်း ဦးဇော်မင်းထွန်း (၄၂ နှစ်) လက်မှတ်စစ်(၂) ဖြစ်ပြီး နံနက်ဘက် လမ်းထလျှောက်တာလို့ ပြောပါတယ်။ အခုတော့ ရန်ကုန်မြို့မှာရှိတဲ့ ဆွေမျိုးသားချင်းတွေကို အကြောင်းကြားထားပြီး လိုအပ်တာတွေ ဆက်လက်ဆောင်ရွက်ပေးနေပါတယ်" ဟု ၎င်းက ပြောကြားသည်။

**မျိုးသန့်(အင်းစိန်)**

# အိမ်နှင့်စိတ်ဆိုး၍ဆင်းလာသော သမီးဖြစ်သူကို ဖခင်ထံပြန်အပ်

**မော်လမြိုင် အောက်တိုဘာ ၅**



အမှတ်(၁၇၂)အစုန် လူစီးလော်ကယ်ရထားသည် အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီခွဲက သံဖြူဇရပ်ဘူတာသို့ ဆိုက်ရောက်ချိန်၌ ရေးမြို့နယ် အောင်မေတ္တာကွက်သစ်၌ နေထိုင်သူမ ---- (၁၅ နှစ်) သည် ဖခင်နှင့်စိတ်ဆိုး၍ အိမ်ပေါ်မှဆင်းလာကြောင်း၊ ရထားပေါ်တွင်တွေ့ရှိပါက ခေတ္တထိန်းသိမ်းထားပေးရန် ရေးဘူတာလုံခြုံရေး တာဝန်ကျရထားရဲဒုတပ်ကြပ်ကျော်ဆင့်က ဖုန်းဖြင့် အကြောင်းကြားခဲ့သည်။ ရထားပေါ်၌ လိုက်ပါလာသော လုံခြုံရေးရဲတပ်ဖွဲ့ဝင်များက လိုက်လံရှာဖွေခဲ့ရာ ရိုးရိုးတန်းလူစီးတွဲ (၂)၌တွေ့ရှိ၍ ရထားရဲတပ်ဖွဲ့အမှတ်(၁၅) တပ်ခွဲ ဒုတိယရဲမှူး ငွေစိုးမော်လမြိုင်က ခေတ္တထိန်းသိမ်းစောင့်ရှောက်ထားပြီး ဖခင်ဖြစ်သူထံ အောက်တိုဘာ ၅ ရက် ညနေ ၃ နာရီခွဲက မော်လမြိုင်ရထားရဲတပ်ဖွဲ့ အမှတ်(၁၅)တပ်ခွဲမှူးရုံးခန်း၌ ဦးတင်စိုးဝင်း(အထူးတန်း)ရုံပိုင်ကြီး မော်လမြိုင်ဘူတာနှင့် ရဲတပ်ဖွဲ့ဝင်များရှေ့တွင် ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။

**တင်ထွဋ်**

# ရှေ့မှသွားနေသောစက်ဘီးကို ဆိုင်ကယ်ဖြင့်တိုက်မိ

**ဘိုကလေး အောက်တိုဘာ ၅**

အောက်တိုဘာ ၄ ရက် ည ၈ နာရီ ၁၀ မိနစ်ခန့်က ဘိုကလေးမြို့ တတိယလမ်းမကြီးပေါ်၌ ကိုစိန်ညဏ်(ခ) ကိုစိန်ကြီး(၂၅နှစ်) စီးနင်းလာသောဆိုင်ကယ်သည် ဆင်မမကြီးလမ်းကြားရှေ့အလွန်၌ ရှေ့မှသွားနေသော ကျောင်းသူ၏စက်ဘီးကို တိုက်မိမှုဖြစ်ပွားခဲ့သည်။

ထိုသို့ ဝင်တိုက်မိသဖြင့် စက်ဘီးစီးနင်းလာသော ကျောင်းသူနှင့် ၎င်း၏နောက်ခုံတွင်လိုက်ပါလာသူတို့ ဒဏ်ရာများရရှိခဲ့၍ ဘိုကလေးပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းသူကို ဘိုကလေး မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ဌေးနိုင်(ဘိုကလေး)**

# ဘော်ဒါဆောင်နေ ကျောင်းသားနှစ်ဦး အိမ်သာကျင်းဟောင်းအတွင်း ပြုတ်ကျသေဆုံး

**နေပြည်တော် အောက်တိုဘာ ၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကမ္မကျေးရွာ အမှတ်(၆)ရပ်ကွက်ရှိ လင်းမြတ်ဘော်ဒါဆောင်၏ အနောက်မြောက်ဘက် ၁၀ ပေခန့်အကွာ ကျင်းအဝသုံးပေ၊ အနက် ၁၅ ပေ၊ အကျယ်ခုနစ်ပေခန့်ရှိ အိမ်သာကျင်းဟောင်းပေါ်သို့ ယင်းဘော်ဒါဆောင်၌တက်ရောက်လျက်ရှိသော တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ပေါက်မြို့နယ် နတ်ဥယျာဉ်ကျေးရွာနေ သက်နောင်ဝေ(၁၈ နှစ်) ဖြတ်လျှောက်စဉ် အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီက မိုးရွာထားသဖြင့် မြေပျော့နေသော အိမ်သာကျင်းအတွင်းသို့ ကျွံကျသွားရာ အနီးရှိ သူငယ်ချင်းဖြစ်သူ ပခုက္ကူမြို့နယ် သံဘိုကျေးရွာနေ အောင်မိုးသူ(၁၉ နှစ်)က ဆင်းဆယ်ရန်ပြုစဉ် အိမ်သာကျင်းအတွင်းသို့ ထပ်မံပြုတ်ကျသွားခဲ့ကြောင်း ယင်းဘော်ဒါဆောင်နေ အောင်ကိုဌေးက တွေ့မြင်သဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထံအကြောင်းကြားခဲ့သည်။ ထို့နောက် ရပ်ကွက်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် ကမ္မနယ်မြေရဲစခန်းသို့ ဖုန်းဖြင့်အကြောင်းကြားလာခဲ့ပြီး အိမ်သာကျင်းအတွင်း ပြုတ်ကျနေသူနှစ်ဦးအား ဆယ်ယူခဲ့ရာ ၎င်းတို့နှစ်ဦးတွင် ဒဏ်ရာများရရှိသေဆုံးနေသည်ကိုတွေ့ရှိရသဖြင့် ကမ္မနယ်မြေရဲစခန်း သေမှုသေခင်းဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

❍ *ကျော်ဖုံးမှ*

အသင်းနှင့် ဘရူနိုင်းအသင်း၊ ညနေ ၆နာရီခွဲတွင် အိမ်ရှင်မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အောက်တိုဘာ ၄ ရက် ပွဲစဉ်များအပြီးတွင် ဗီယက်နမ်အသင်းက ကိုးမှတ်၊ အိမ်ရှင်မြန်မာအသင်းက ခုနစ်မှတ်တို့ရရှိထားပြီး ခြေစစ်ပွဲအောင်မြင်ရေးအတွက် အပြိုင်ဖြစ်နေသည်။ ပွဲကုန်ကစားပြီး ငါးမှတ်ရခဲ့သည့်တီမောအသင်း၊ တစ်ပွဲကစားရန်ကျန်သေးသည့် ဟောင်ကောင်နှင့် ဘရူနိုင်းအသင်းတို့မှာ ခြေစစ်ပွဲအောင်မြင်ရန် မျှော်လင့်ချက်မရှိတော့ပေ။ အာရှဘောလုံးအဖွဲ့ချုပ်(AFC)သည် ယခုခြေစစ်ပွဲကိုအုပ်စု ၁၀ စုခွဲ၍ ကျင်းပနေပြီး လေးသင်းရှစ်အုပ်စုနှင့် ငါးသင်းနှစ်အုပ်စု ပါဝင်နေသည်။ အုပ်စုတစ်စုစီမှ ထိပ်ဆုံး ၁၀ သင်းနှင့် ဒုတိယနေရာရအသင်းများထဲမှ အကောင်းဆုံးငါးသင်း စုစုပေါင်း ၁၅ သင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

အကောင်းဆုံးအုပ်စု ဒုတိယနေရာငါးသင်းအတွက် ရွေးချယ်ရာတွင် ငါးသင်းနှစ်အုပ်စုပါဝင်နေသောကြောင့် အုပ်စုအောက်ဆုံးတွင် ရပ်တည်နေသည့်အသင်းနှင့် ရလဒ်ကိုပယ်ဖျက်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် လက်ရှိတွင် ဒုတိယနေရာတွင် ရပ်တည်နေသော်လည်း ဇယားအောက်ဆုံးမှ ဘရူနိုင်းအသင်းနှင့် ရလဒ်ကိုပယ်ပါက လေးမှတ်သာရှိပြီး ဂိုးကွာခြားချက်တွင်လည်း(+၁) ရှိမည်ဖြစ်သည်။ အောက်တိုဘာ ၄ ရက်ပွဲစဉ်များအပြီးတွင် ဒုတိယနေရာရထားသည့်အသင်း ၁၀ သင်းရလဒ်ကိုတွက်ချက်ရာတွင် မြန်မာအသင်းမှာ အဆင့် ကိုးနေရာတွင်ရောက်ရှိနေပြီး ခြောက်မှတ် ရထားသည့်အသင်းမှာ ငါးသင်းအထိရှိနေသည်။ မြန်မာအသင်းအနေဖြင့် ဗီယက်နမ်အသင်းကိုသရေ(သို့)ရှုံးခဲ့ပါက အကောင်းဆုံးဒုတိယနေရာ ငါးသင်းစာရင်းဝင်ရန် မလွယ်ကူနိုင်ပေ။ ယင်းအတွက်ကြောင့် မြန်မာအသင်းအနေဖြင့် ခြေစစ်ပွဲအောင်ရန် ဗီယက်နမ်အသင်းကိုအနိုင်ကစားရန် လိုအပ်နေပြီး အနိုင်ရခဲ့ပါက ရမှတ် ၁၀ မှတ်ဖြင့် တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်သည်။

ယခုခြေစစ်ပွဲတွင် မြန်မာအသင်းမှာ ဘရူနိုင်းအသင်းကို လေးဂိုး-ဂိုးမရှိ၊ ဟောင်ကောင်အသင်းကို နှစ်ဂိုး-တစ်ဂိုးတို့ဖြင့် အနိုင်ရခဲ့ပြီး တီမောအသင်းနှင့် ဂိုးမရှိ သရေကျကာ ခုနစ်မှတ်ရရှိထားသည်။ ဗီယက်နမ်အသင်းမှာ ဟောင်ကောင်အသင်းကို သုံးဂိုး-တစ်ဂိုး၊ ဘရူနိုင်းအသင်းကို ငါးဂိုး-ဂိုးမရှိ၊ တီမောအသင်းကို နှစ်ဂိုး-တစ်ဂိုးတို့ဖြင့် အနိုင်ရရှိထားသည်။ မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့သည် အာဆီယံယူ-၁၉ ပြိုင်ပွဲတွင် အုပ်စုတက်ရေးအဆုံးအဖြတ်ပွဲတွင် တွေ့ဆုံခဲ့ဖူးပြီး မြန်မာအသင်းမှာ နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။ ခြေစစ်ပွဲအောင်ရေးမဖြစ်မနေ အနိုင်ကစားရမည့်ပွဲတွင် မြန်မာအသင်းအနေဖြင့် ပရိသတ်၏ တစ်ခဲနက်အားပေးမှုလိုအပ်နေသော်လည်း စည်းကမ်းတကျအားပေးခြင်းဖြင့် မြန်မာအသင်း အနိုင်ရရေး ပံ့ပိုးပေးရန်လိုအပ်နေသည်။



# တောင်ပြိုလက်ဝဲမြို့၌ ယာယီစောင့်ရှောက်ထားသည့် လှေစီးသွားလာသူ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၀၅ ဦးအား ထပ်မံလွှဲပြောင်းရန် နှစ်ဖက်ညှိနှိုင်း

**နေပြည်တော် အောက်တိုဘာ ၅**

၂၀၁၅ ခုနှစ် မေနှင့် ဇူလိုင်အတွင်း မြန်မာ့တပ်မတော်(ရေ)က တွေ့ရှိကယ်ဆယ်ခဲ့သည့် လှေစီးသွားလာသူများကို မူရင်းနေရပ်သို့ ပြန်လည်ပို့ဆောင်နိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား စုစုပေါင်း ၆၂၆ ဦးကို ငါးကြိမ်ခွဲ၍ ပြန်လည်ပို့ဆောင်ခဲ့ပြီးဖြစ်သည်။

ရခိုင်ပြည်နယ် တောင်ပြိုလက်ဝဲမြို့တွင် ကျန်ရှိနေသည့် လှေစီးသွားလာသူများအနက် ဘင်္ဂလားဒေ့ရှ်ဘက်မှ စိစစ်၍ ပြန်လည်လက်ခံရန် အတည်ပြုပြီးဖြစ်သည့် လှေစီးသွားလာသူ စုစုပေါင်း ၁၀၅ ဦးကို ထပ်မံလွှဲပြောင်းနိုင်ရန် နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်ခဲ့ပြီး အဆိုပါစိစစ်ပြီး လှေစီးသွားလာသူများကို အောက်တိုဘာ ၁၂ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ လွှဲပြောင်းသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲဖွင့်

**နေပြည်တော် အောက်တိုဘာ ၅**

(၁၇)ကြိမ်မြောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘော်လီဘောအားကစားရုံ(B)၌ ယနေ့ မွန်းလွဲ ၂ နာရီတွင်ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ အမျိုးသားဘော်လီဘောအသင်းခြောက်သင်း၊ အမျိုးသမီးဘော်လီဘောအသင်းခြောက်သင်း စုစုပေါင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

အခမ်းအနားကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ဖွင့်လှစ်ပေးပြီး ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ ရဲချုပ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် ဌာနဆိုင်ရာအရာရှိ အရာထမ်း ၆၀၀ ခန့်တက်ရောက်ကြပြီး ပထမအမျိုးသား ပွဲစဉ်အဖြစ် အကျဉ်းဦးစီးဌာနအသင်းနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့(ခ)အသင်းတို့လည်းကောင်း၊ အမျိုးသမီးပွဲစဉ်တွင် အကျဉ်းဦးစီးဌာနအသင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ (ခ)အသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲကို အောက်တိုဘာ ၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နိုင်ငံတကာ ဘောလုံးပွဲ အနိုင်/အရှုံး

### အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၈)

| | | |
|---|---|---|
| အာဆင်နယ် | ၃-၀ | မန်ယူ |
| ဆွမ်ဆီး | ၂-၂ | စပါး |

### အီတလီ စီးရီးအေ ပွဲစဉ်(၇)

| | | |
|---|---|---|
| ဂျူဗင်တပ်စ် | ၃-၁ | ဘိုလော့ဂ်နာ |
| လာဇီယို | ၂-၀ | ဖရိုစီနိုနီ |
| ဖီအိုရင်တီးနား | ၃-၀ | အတ္တလန္တာ |
| အေစီမီလန် | ၀-၄ | နာပိုလီ |

### စပိန်လာလီဂါ ပွဲစဉ်(၇)

| | | |
|---|---|---|
| ဗယ်လက်ကာနို | ၀-၂ | ဘက်တစ် |
| ဘီလ်ဘာအို | ၃-၁ | ဗလင်စီယာ |
| လီဗန်တေး | ၁-၀ | ဗီလာရီးရဲလ် |
| အက်သလက်တီကို | ၁-၁ | ရီးရဲမက်ဒရစ် |

### ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၈)

| | | |
|---|---|---|
| ဘိုင်ယန်မြူးနစ် | ၅-၁ | ဒေါ့မွန် |
| လေဗာကူဆင် | ၁-၁ | အော့စ်ဘတ် |

### ပြင်သစ်လီဂူး ပွဲစဉ်(၉)

| | | |
|---|---|---|
| မိုနာကို | ၁-၁ | ရန်းနက်စ် |
| ကိန်း | ၁-၀ | စိန့်အက်တီယန် |
| လော်ရီယန့် | ၃-၂ | ဘော်ဒိုး |
| ပီအက်စ်ဂျီ | ၂-၁ | မာဆေး |

## ဖြူးဆရာတော်ကြီး၏တပည့်ကြီး ဖြူးမဟာစည်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တအဂ္ဂဝရ၏ အထူးတရားပွဲ

ဖြူးမဟာစည်သာသနာ့ရိပ်သာများနှင့် ရတနာစိန်စည်ပရိယတ္တိစာသင်တိုက်တို့၏ ပဓာနနာယက ဆရာတော် ဒေါက်တာ ဘဒ္ဒန္တအဂ္ဂဝရ(နိုင်ငံတော် ဓမ္မကထိက ဗဟုဇနဟိတဓရ)ပြည်တွင်း ပြည်ပ မဟာစည်နာယက၊ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ M.A, Ph.D သာသနာပြုနယ်လှည့်ဓမ္မကထိကအရှင်သူမြတ်သည် (၁၃၇၇ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်) ၆-၁၀-၂၀၁၅ရက် (အင်္ဂါနေ့)တွင် သဃ်န်းကျွန်း၊ ကျိုက္ကဆံဘုရားဓမ္မာရုံ၌ မွန်းလွဲ ၂နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်ပေးမည်ဖြစ်ပါသည်။ ဆရာတော်၏ တရားပွဲများကို ပင့်လျှောက်လိုပါက ဖုန်း-၀၉-၅၃၉၀၄၁၇၊၀၁-၅၃၀၀၆၈၊ ၀၁-၅၃၀၁၁၃၊ ၀၅၄-၄၀၇၇၁၊ ၀၅၄-၄၀၀၁၂၊ ၀၉-၅၀၅၆၁၀၇၊ ၀၉-၂၅၀၂၁၄၉၇၇၊ ၀၉-၂၅၃၆၉၉၆၇၉တို့သို့ ဆက်သွယ်ပင့်လျှောက်နိုင်ပါသည်။

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

## ဖခင်အမည်မှန်

ရောဂုဏ် ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(A)မှ မဖြိုးဝေဇာ၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းခိုင်(ခ)ဦးမင်းဇော်ခိုင် ဖြစ်ပါသည်။

**ဦးဇော်မင်းခိုင်(ခ)ဦးမင်းဇော်ခိုင်**
**၈/ရစက(နိုင်) ၁၂၅၀၆၁**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ချောင်းဆုံမြို့နယ်၊ အကထ (ရွာလွတ်) တက္ကသိုလ်ဝင်တန်း(က)မှ မိရွှေရည်မွန် ၁၀/ခဆန(နိုင်) ၁၃၆၉၉၇ ၏ ဖခင်အမည်မှန်မှာ ဦးပိုင်ပိုင်ဖြစ်ပါကြောင်း။

**ဦးပိုင်ပိုင် ၁၀/ခဆန(နိုင်)၀၇၉၃၃၆**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လိပ်ပွတ်ကျေးရွာ၊ အမှတ်(၄) လမ်းမအနီး Myanmar Distillery Co.,Ltd.မှ အောက်ဖော်ပြပါ ပစ္စည်းများကို ရောင်းချလိုပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| ရောင်းချမည့်ပစ္စည်း | ရောင်းချပုံ |
|---|---|
| တိရစ္ဆာန်အစာဖတ် | ပိဿာဈေးနှုန်း |

၁။ တင်ဒါပေးသွင်းမှုကို ယခုကြော်ငြာပါသည့်ရက်မှစ၍ ၂၀-၁၀-၂၀၁၅ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း လာရောက်တင်သွင်းနိုင်ပါသည်။

၂။ တင်ဒါတွင် တင်ဒါဝင်ရောက်သူ၏လိပ်စာနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်ပြည့်စုံစွာ ဖော်ပြရန်။

ကုမ္ပဏီ/စက်ရုံမှ ရောင်းချမည့်ရက်အား နှစ်ရက်ကြိုတင် အကြောင်းကြားပါမည်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၉၁၀၃၇၂၁၃၊ ၀၉-၇၉၂၉၉၃၆၈၁၊ ၀၉-၄၅၀၀၅၈၂၆၉**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ပုသိမ်ခရိုင်တရားရုံးတော်၌**
**၂၀၁၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၀ နှင့်ဆက်သွယ်သည့်**
**၂၀၁၅ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၂**

| | | |
|---|---|---|
| ဦးမင်းကျော်ဦး | နှင့် | ဦးကြည်မြင့် |
| **တရားနိုင်** | | **တရားရှုံး** |

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ရွှေသောင်ယံမြို့နယ်ခွဲ၊ ချောင်းသာ ကျေးရွာနေ ဦးကြည်မြင့် သိစေရမည်။

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၄၀တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးမင်းကျော်ဦးက လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့် အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ခုနှစ် အောက်တိုဘာ ၂၃ရက် (၁၃၇၇ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် အောက်တိုဘာ ၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(ဝင်းဝင်းငွေး)**

**ဒုတိယခရိုင်တရားသူကြီး(၂)**
**ပုသိမ်ခရိုင်တရားရုံး**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) ၊ (၂၇) ရပ်ကွက်၊ ပတ္တမြား နှင်းဆီလမ်း၊ အမှတ် ၅၄နေ ဦးခင်မောင်ထွန်း-ဒေါ်ပွင့်ကြည်အေး၏ သမီး မရွှန်းပြည့်ထွန်း Info Myanmar College Pre(HND)အား ယနေ့မှစ၍ မရွှေဖူးအိမ်ဟု ပြောင်းလဲခေါ်ပါရန်။ **မရွှေဖူးအိမ်**

သင်္ချာကျော်ရှိန် M.Sc. (Maths). Final
Aircon အသင်းခန်းမ
၇၊ ၈၊ ၉၊ ၁၀တန်း သင်္ချာသီးသန့်၊
ဘာသာစုံ ပိုင်းနှင့် ဘော်ဒါ(၅)လပြတ်
(သင်ကျက်စစ်)Guideပါ လစဉ်ရှယ်ပိုင်း ၁၀၀၀၀ဝိ/ကျပ်
လစဉ်ရိုးရိုးပိုင်း ၆၀၀၀၀ကျပ်
၅-၁၀-၂၀၁၅ စမည်
အမှတ်-၂၁၂၊ ပထမထပ်၊ ပန်းဆိုးတန်း(အလယ်)၊ အနော်ရထာလမ်းထိပ်
Ph:09-250359833, 09-253034191, 09-796313677

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇) ရပ်ကွက်၊ ၇မိုင်၊ ဦးလွန်းမောင်လမ်းသွယ် ၄လမ်း၊ အမှတ် (၁၄/ဇ)ဟုခေါ်တွင်သော အလျား×အနံပေ(၃၈×၂၅ဒသမ၆)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော အိမ်အပါအဝင်မြေပေါ်ရှိ သီးပင် စားပင်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးစိုင်းစိုးကြည် ၁၃/တကန(နိုင်)၀၉၆၂၆၉၊ ဒေါ်အေးအေးခိုင် ၁၃/လရန(နိုင်)၀၇၈၄၁၅ တရားဝင်ပိုင်ဆိုင်ခဲ့ကြပြီး ဒေါ်နန်းကေသီအောင် ၁၃/တကန(နိုင်)၀၉၆၁၆၇က စီမံရောင်းချခွင့်ရှိကြောင်း ဝန်ခံ၍ ဦးစိုင်းစိုးကြည်၊ ဒေါ်အေးအေးခိုင်၊ ဒေါ်နန်းကေသီအောင်တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးစိုင်းကျော်ရင် ၉/မကန(နိုင်)၀၅၄၅၄၉၊ ဒေါ်လှဲ့လှဲ့ဝင်း ၁၄/ဇလန(နိုင်)၀၀၃၂၆၈တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းများတင်ပြ၍ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်အေး (LL.B, D.B.L, D.I.L, D.I.R)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၃၃၂)**
**အမှတ် ၄၃၊ တကောင်ဘွားလမ်း၊ (၃) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဖုန်း-၀၉-၄၃၁၀၅၈၄၄**

## ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်ဇေယျ (CDC-48604) ၏ BST, CMC, SSA, DSD လက်မှတ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၁-၆၅၁၂၂၃၊ ၀၉-၅၁၇၉၃၇၄**

# ကမ္ဘာလှည့်ခရီးသွားများဆွဲဆောင်ရာ ပုဂံဆည်းဆာမြင်ကွင်း

သတင်းဆောင်းပါး-မြင့်မောင်စိုး
ဓာတ်ပုံ-သက္က





ပုဂံကိုရောက်၍ ညနေစောင်းပြီဆိုလျှင် အစည်ကားဆုံးနေရာတစ်နေရာရှိပါသည်။ ထိုနေရာသည်ကား ပုဂံဘုရားများကို အပေါ်စီးမှမြင်တွေ့နိုင်သည့် ရွှေဆံတော်ဘုရားတည်ရှိရာနေရာပင်ဖြစ်၏။ ဤနေရာသို့ ဘုရားဖူးရန်လာရောက်သည်ဆိုခြင်းထက် ပုဂံမြို့၏ နေဝင်ဆည်းဆာအလှ(Sunset)ကို ကြည့်ရှုကြရန် လာရောက်ကြခြင်းပင်ဖြစ်၏။

နိုင်ငံခြားသားခရီးသွားများသာမက ပြည်တွင်းဘုရားဖူးများလည်းလာကြ၏။ အထူးသဖြင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များ၏ ပုဂံဆည်းဆာအလှကို ကြည့်ရှုနိုင်သော အခြားနေရာများရှိသော်လည်း ထိုရွှေဆံတော်ဘုရားဆီသို့သာ အများဆုံးလာရောက်ကြောင်း ဒေသခံများ၏ ပြောပြချက်အရ သိရ၏။

ပုဂံဆည်းဆာကိုကြည့်ရှုရန် ကားကြီး၊ ကားငယ်အသွယ်သွယ်ဖြင့် လာရောက်ကြကုန်၏။ အချို့နိုင်ငံခြားသားခရီးသွားစင်းလုံးငှားယာဉ်များ၊ အချို့ပြည်တွင်းဘုရားဖူးယာဉ်များ၊ အချို့ကိုယ်ပိုင်ယာဉ်များဖြင့် စုံလင်လှ၏။ ပုဂံ၏အလှ၊ ပုဂံ၏ရသကို အပြည့်အဝ ခံစားနိုင်ရန်မြင်းလှည်းများ၏ အမိုးကိုနောက်လှန်ချပြီး မြင်းလှည်းပေါ်တွင် အကျော့သားလိုက်ပါလာသော နိုင်ငံခြားသားခရီးသွားများကိုလည်း တွေ့ရ၏။ ထိုအထဲတွင် တစ်ကိုယ်ရေတစ်ကာယ စိတ်ကြိုက်လှည့်ပတ်သွားလာမည်ဆိုသောဆန္ဒဖြင့် စက်ဘီးစီး၍ ချီတက်လာသောနိုင်ငံခြားသားများကိုလည်း တွေ့ရပြန်၏။

သို့သော်စက်ဘီးစီး၍ ပုဂံတွင်လှည့်လည်သွားလာကြသော နိုင်ငံခြားသားများသည်ကား တဖြည်းဖြည်းနည်းလာချေပြီ။ အကြောင်းသည်ကား E-BIKE ဟုခေါ်သော အီလက်ထရွန်နစ်စက်ဘီးဆိုင်ကယ်များ အသုံးပြုမှုများပြားလာခြင်းကြောင့်ပင် ဖြစ်ပါသည်။ ပုဂံမြို့ရှိ စားသောက်ဆိုင်အချို့နှင့် ဟိုတယ်များက E-BIKE များ ထောင်ထားကြသည်။ E-BIKE များကို တစ်နေကုန်စီးမှ ငွေကျပ် ၈၀၀၀ သာပေးရ၍ နိုင်ငံခြားသားများ အကြိုက်တွေ့နေကြသည်။ ဟိုတယ်တွင် တည်းခိုသည့် နိုင်ငံခြားသားများအဖို့ E-BIKE ကို အလွယ်တကူစီးသွားနိုင်သည်။ ပုဂံတွင် E-BIKE တွေ ခေတ်စားလာ၍ မြင်းလှည်းဆရာတို့၏ ညည်းတွားသံကိုလည်းကြားရ၏။ မြင်းလှည်းဆရာတို့ ဝင်ငွေကျဆင်းလာသည်ဟုဆို၏။

သို့သော် မြင်းလှည်းလေးကိုစီးပြီး ပုဂံ၏အရသာကို ခံစားလိုသည့် နိုင်ငံခြားသားခရီးသွားများသည်လည်း အများအပြားရှိနေဆဲ ဖြစ်ပါသည်။ ညနေစောင်းပြီဆိုလျှင် အာနန္ဒာဘုရားမြင်းလှည်းဝိုင်းမှ ပုဂံ Sunset ကြည့်ရန် ရွှေဆံတော်ဘုရားဆီသို့ လှည်းတန်းကြီးချီ၍ ထွက်ခွာလာသော မြင်ကွင်းမှာလည်း မျက်စိပသာဒဖြစ်ဖွယ်ရာပင်ဖြစ်ပါသည်။ အနောက်ရိုးမတစ်ခို ရွှေရောင်တောက်ပနေသော နေလုံးကြီး၏အောက်ဝယ် ဘုရားကြိုဘုရားကြားမှထွက်ခွာလာသော မြင်းလှည်းတန်းကြီးကို တွေ့လိုက်ရသည်မှာ ပုဂံဆည်းဆာမြင်ကွင်း၏ အလှပဆုံးသော သဘာဝပန်းချီကားချပ်တစ်ခုပင်ဖြစ်၏။

ခရီးသွားများသည် ပုဂံဆည်းဆာအလှကို ကြည့်ရှုနိုင်ရန် ဘုရားပေါ်သို့ အပြေးအလွှားတက်ကြကုန်၏။ ဘုရားပေါ်သို့တက်နေကြသူများတွင် အရွယ်ကောင်းသူလူငယ်လူရွယ်များသည် အများဆုံးဖြစ်သည်ကို တွေ့ရသည်။ အချို့နိုင်ငံခြားသားများတွင် သက်ကြီးပိုင်းအရွယ်များလည်း တွေ့ရသည်။ ပုဂံဆည်းဆာအလှကြည့်ချင်စိတ်ဖြင့် မတ်စောက်လှသောလှေကားသံလက်ရန်းများကို အားပြုစွဲကိုင်ကာ မရမကတွယ်ကုတ်တက်နေသော နိုင်ငံခြားသား သက်ကြီးပိုင်းခရီးသွားများကိုလည်း တွေ့ရသည်။ ဘုရား၏ မျက်နှာလေးဖက်တွင် သံလက်ရန်းများပါသော မတ်စောက်သောလှေကားများရှိ၏။သို့သော်မြောက်ဘက်နှင့်အနောက်ဘက်လှေကားများမှသာ အများဆုံးတက်ကြကုန်၏။ ဤရွှေဆံတော်ဘုရားတွင် ပုဂံဆည်းဆာအလှကို ကြည့်ရှုနိုင်သည့် ပစ္စယံအဆင့်လေးခုရှိ၏။ အောက်ဆုံးအဆင့်တွင် လူနည်း၏။ တတိယနှင့်အပေါ်ဆုံး ပစ္စယံအဆင့်တွင် လူအများဆုံး တွေ့ရ၏။ တတိယအဆင့်မှ ပုဂံရှုခင်းကို အလှပဆုံးတွေ့ရ၏။ ရွှေရောင်သမ်းနေသော နေဝင်ဆည်းဆာအလှကြောင့် မြစိမ်းရောင် ထနောင်းပင်အိုများ အမြင့်ချင်းပြိုင်နေသော ထန်းပင်ထန်းတောများအကြား ရာထောင်ချီသော စေတီပုထိုးများကို ရွှေတောင်များ ပေါက်နေသည့်အလား အလှပဆုံးမြင်ကွင်းကို တွေ့ရ၏။ အရပ်ရှစ်မျက်နှာလုံး ရှုမဆုံးအောင် စေတီပုထိုးများဖြင့် ပုဂံဆည်းဆာအလှကိုတွေ့ရ၏။ အနောက်ဘက်ခြမ်းတွင် တောင်စဉ်တောင်တန်းများနှင့် တိမ်နီ၊ တိမ်ညို၊ တိမ်ဝါနှင့်တိမ်ပြာတို့အကြား နေဝန်းနီ၏ ရှေ့တွင် ခပ်ရေးရေးမျှ တည်ငြိမ်အေးချမ်းစွာ ဖြတ်သန်းစီးဆင်းနေသော မြစ်ဧရာ၏အလှ၊ ထို့မှတစ်ပါး နေရာတိုင်းတွင်ပြန့်ကျဲနေသော စေတီပုထိုးများ၏အလှသည် နိုင်ငံခြားသားခရီးသွားများအတွက် စွဲမက်စရာ၊ အပန်းဖြေ အနားယူစရာများပင်ဖြစ်နေတော့၏။ ပုဂံ၏အလှပဆုံးသော သဘာဝပန်းချီကားချပ်ပေတည်း။

ထိုမြင်ကွင်းအလှကို ဓာတ်ပုံရိုက်သူရိုက်၊ အမှတ်တရဓာတ်ပုံရိုက်သူရိုက်၊ နေဝင်ဆည်းဆာကိုကြည့်၍ အပန်းဖြေအနားယူသူများကယူဖြင့် စည်ကားလျက်ရှိသည်ကိုလည်း တွေ့ရသည်။ ထိုအတောအတွင်း ဘုရား၏ ခြေတော်ရင်းပရိဝုဏ်နှင့် ပတ်ဝန်းကျင်တွင် ပုဂံအမှတ်တရ လက်မှုအနုပညာပစ္စည်း လိုက်လံရောင်းချနေသူများ၊ ဆိုင်အတည်အကျမရှိဘဲ ရောင်းချနေသော ဈေးဆိုင်များ၊ ကားပါကင်မရှိ၍ ကြုံသလို ဖြစ်သလို ရပ်နားထားသော ခရီးသွားမော်တော်ယာဉ်များ၊ E-BIKE စက်ဘီးဆိုင်ကယ်များ၊ မြင်းလှည်းများကိုလည်း တွေ့ရသည်။ ထိုအချိန်တွင် ဘုရားပေါ်မှ ဆင်းလာသော နိုင်ငံခြားသား ဇနီးမောင်နှံနှစ်ဦးက ထနောင်းပင်ရင်းရှိ ရေအိုးစင်မှ ရေတစ်ခွက်ခပ်ယူပြီး လက်ဆေးလိုက်ရာ အမှတ်တရပစ္စည်းရောင်းချသူ မြန်မာအမျိုးသမီးကြီးတစ်ဦးက BROKEN ENGLISH ဘာသာစကားဖြင့် MYANMAR DRINK ဟု ပြောဆိုလိုက်ရာ နိုင်ငံခြားသားများက တောင်းပန်သည့်သဘောဖြင့် ခပ်ပြုံးပြုံး လုပ်သွားသည်ကိုလည်း တွေ့ရသည်။ ဆိုလိုသည်က “မြန်မာတွေသောက်တဲ့ ရေအိုး၊ လက်မဆေးပါနဲ့လို့” ဆိုလိုက်ခြင်းဖြစ်ပါသည်။

ဤမြင်ကွင်းများကိုကြည့်၍ ပုဂံဆည်းဆာအလှကို အကောင်းဆုံး ဖြည့်ဆည်းပေးရန် လိုအပ်ချက်များရှိနေသည်ကို သဘောပေါက်လိုက်မိပါသည်။ ပုဂံဆည်းဆာအလှကိုလာရောက်ကြည့်ရှုကြသည့် နိုင်ငံခြားသားခရီးသွားများတွင် သက်ကြီးပိုင်းများလည်း ပါပါသည်။ သူတို့အနေဖြင့် ဘုရားပေါ်သို့ ခက်ခဲပင်ပန်းစွာအရဲစွန့်ပြီးတက်နေကြရပါသည်။ ဓာတ်လှေကားကဲ့သို့ သက်သောင့်သက်သာတက်ရောက်နိုင်မည့် အစီအစဉ်လေးများလုပ်ပေးထားလျှင် ကောင်းမလားဟု အောက်မေ့မိသည်။ အဆင်ပြေသလို ရပ်နားထားသောကြောင့် မော်တော်ယာဉ်များ၊ စက်ဘီးဆိုင်ကယ်များနှင့် မြင်းလှည်းများစနစ်တကျရှိစေရန် ကားပါကင်ကောင်းကောင်းရှိသင့်သည်ဟုလည်း ယူဆမိပါသည်။ ဘုရားပေါ်မတက်မီနှင့် တက်ပြီးချိန်တွင် အပန်းဖြေအနားယူနိုင်သည့် အဆင့်မြင့် အအေးနှင့်ကော်ဖီဆိုင်လေးများ၊ သန့်စင်ခန်းများလည်း ရှိသင့်ပါသည်။ ဤသို့ကောင်းမွန်သောအစီအမံများ ဖြည့်ဆည်းပေးနိုင်မည်ဆိုလျှင် ပုဂံဆည်းဆာကြည့်ရှုသူများအဖို့ သက်သောင့်သက်သာရှိမည်ဖြစ်ပါသည်။ အပန်းဖြေခရီးတစ်ခု (သို့မဟုတ်) အပန်းဖြေအစီအစဉ်တစ်ခုသည် အပန်းဖြေမှုကိုပြုလုပ်ပြီးတိုင်း ကိုယ်ရောစိတ်ပါ လန်းဆန်းသွားစေရမည်ဖြစ်ပါသည်။ သို့မှသာ အပန်းဖြေရခြင်းသည် အကျိုးရှိသည်ဟု ဆိုနိုင်ပါသည်။ ပုဂံဆည်းဆာကိုကြည့်၍ အပန်းဖြေသူတိုင်းသည် တစ်ခုခု စွဲမက်ကျန်ရှိနေရမည်ဖြစ်ပါသည်။ ဤသို့ စွဲမက်ကျန်ရစ်နေမှသာလျှင် ခရီးသွားဆွဲဆောင်မှုလုပ်ငန်းသည် ထိရောက်အကျိုးရှိအောင်မြင်သည်ဟု ဆိုနိုင်ပါသည်။ ပုဂံကို အကြိမ်ကြိမ်လာရောက်အောင် ကောင်းမွန်သော ဝန်ဆောင်မှုများဖြင့် လက်ဆောင်အဖြစ် ပေးလိုက်ဖို့လိုပါသည်။ ပုဂံဆည်းဆာအလှအတွက် ပိုမိုကောင်းမွန်သောဝန်ဆောင်မှုများ၊ အစီအစဉ်များ ထပ်မံဖြည့်ဆည်းပေးနိုင်မည်ဆိုလျှင် ပုဂံဆည်းဆာအလှကို ယခုထက်ပို၍ပို၍ လှပလာလိမ့်မည်ဟု ရှုမြင်မိပါကြောင်း။ ။

**ပုဂံဆည်းဆာကိုကြည့်ရှုရန် ကားကြီး၊ ကားငယ်အသွယ်သွယ်ဖြင့် လာရောက်ကြကုန်၏။ အချို့နိုင်ငံခြားသားခရီးသွားစင်းလုံးငှားယာဉ်များ၊ အချို့ပြည်တွင်းဘုရားဖူးယာဉ်များ၊ အချို့ကိုယ်ပိုင်ယာဉ်များဖြင့် စုံလင်လှ၏။ ပုဂံ၏အလှ၊ ပုဂံ၏ရသကို အပြည့်အဝခံစားနိုင်ရန် မြင်းလှည်းများ၏ အမိုးကိုနောက်လှန်ချပြီး မြင်းလှည်းပေါ်တွင် အကျော့သားလိုက်ပါလာသော နိုင်ငံခြားသားခရီးသွားများကိုလည်းတွေ့ရ**

## ဆောင်းသီးနှံစိုက်ပျိုးနိုင်ရေး လယ်ယာမြေများထွန်ယက်



**ကလေး အောက်တိုဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသောလယ်ယာမြေများတွင် အစားထိုးသီးနှံဖြစ်သည့် ဆောင်းသီးနှံများ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ထွန်ယက်ရန် လယ်ယာမြေဧက ၂၄၃၁၇ဧကလျာထားလျက်ရှိရာ ယခုအချိန်ထိ လယ်ယာမြေဧက ၁၄၀၀ ထွန်ယက်ပြီးဖြစ်ကြောင်း သိရသည်။

မြေအနေအထားအရ ထွန်စက်မဝင်နိုင်သေးသည့် လယ်ယာမြေများကို နိုဝင်ဘာလကုန်အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆောင်းသီးနှံကို ပထမဦးစားပေးစိုက်ပျိုးပြီးနောက် ပျက်စီးသွားသော လယ်မြေများကို ပြုပြင်ပေးရန် ရည်ရွယ်ထားကြောင်း ကလေးခရိုင် စက်မှုလယ်ယာဦးစီးအရာရှိ ဦးကျော်ကျော်ဦးက ရှင်းလင်းပြောပြသည်။

ဆောင်းသီးနှံများ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ရပ်ကွက်နှင့်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်များဖြင့် ထွန်ယက်နေမှုများကို တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးတင့်လှိုင်မြင့်က ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသော ရပ်ကွက်၊ ကျေးရွာများရှိလယ်ယာမြေများတွင် အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝုန်လွန်း(ပြန်/ဆက်)

## အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးသူ၏မိသားစုအား အကျိုးခံစားခွင့်ပေးအပ်

**ကျောက်ဆည် အောက်တိုဘာ ၅**

ကျောက်ဆည်မြို့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနရုံး၌ အောက်တိုဘာ ၂ ရက်က ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ဘယ်လင်းကျေးရွာရှိ ကံကောင်းခြင်းရတနာ ထုတ်လုပ်မှုလုပ်ငန်းကုမ္ပဏီလီမိတက် သစ်ချောထည်စက်ရုံမှ ညပိုင်းစက်ရုံ လုံခြုံရေးအလုပ်သမား ဦးမြင့်နိုင်ဦး လုပ်ငန်းတာဝန်ထမ်းဆောင်နေစဉ် မြွေကိုက်သေဆုံးသဖြင့် ကျန်ရစ်သူမိသားစုကို ငွေကြေးအကျိုးခံစားခွင့် ငွေကျပ် ၂၅၄၂၄၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

အကျိုးခံစားခွင့်ငွေပေးအပ်ပွဲတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီးတာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမြင့်က လူမှုဖူလုံရေးဥပဒေ၌ပါဝင်သော ကျန်းမာရေးနှင့်လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်၊ မိသားစုထောက်ပံ့မှုအာမခံစနစ်၊ အလုပ်တွင်ထိခိုက်မှုအာမခံစနစ်များ၏ အသေးစိတ်အကြောင်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

# ထိန်းသိမ်းကာကွယ် ဧရာဝတီလင်းပိုင် မျိုးတုံးအန္တရာယ်

ဟန်နီဝင်း
ဓာတ်ပုံ-ငါးလုပ်ငန်းဦးစီးဌာန

မန္တလေးမြို့မှ ဗန်းမော်မြို့အကြား ဧရာဝတီမြစ်ပိုင်းတွင် ဧရာဝတီလင်းပိုင် ၇၂ ကောင်ကို ၂၀၀၄ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်တွင် တွေ့ရှိခဲ့ရသော်လည်း ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း လေ့လာရေးခရီးစဉ်တွင် ၅၈ ကောင်သာတွေ့ရှိခဲ့ရပြီး ၁၄ ကောင် လျော့ကျသွားကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ထိုသို့ လျော့ကျသွားသည့် ဧရာဝတီလင်းပိုင်များသည် ဗန်းမော်ဝန်းကျင်နှင့် ကသာဝန်းကျင် ဧရာဝတီမြစ်ရေပြင်၌ ကျက်စားသည့် လင်းပိုင်များဖြစ်ကြောင်း သိရှိရပြီး လျော့ကျသေဆုံးမှုများသည် သဘာဝအတိုင်း သေဆုံးမှုနှင့် လူ့ပယောဂကြောင့် သေဆုံးမှုတို့ကြောင့်ဖြစ်သည်ဟု ငါးလုပ်ငန်းဦးစီးဌာန၏ လေ့လာမှုများအရ သိရသည်။

ဒေသခံများ၏ ပြောကြားချက်အရ စက်ရုံမှ ညစ်ညမ်းရေဆိုးများ မြစ်အတွင်း စွန့်ထုတ်မှုကြောင့် လင်းပိုင်များ သေဆုံးခဲ့ဖူးကြောင်းလည်း သိရသည်။

"ဧရာဝတီလင်းပိုင်တွေ တစ်ခါတစ်ရံမှာ ငါးဖမ်းပိုက်နဲ့ ငြိတွယ်သေဆုံးတာတွေရှိတယ်။ ဘက်ထရီရှော့တိုက်ပြီး ငါးဖမ်းလို့ သေဆုံးတာမျိုးလည်းရှိတယ်။ ၂၀၁၄ ခုနှစ်က ကသာနယ်မြစ်အပိုင်းထဲမှာ မော်တော်ပန်ကာနဲ့ ခုတ်ဖြတ်ခံရလို့ တစ်ကောင်သေသွားတယ်။ ဒါပေမယ့် အချို့လင်းပိုင်တွေကို ဘာလို့ သေဆုံးတယ်ဆိုတာမျိုး မသိတာ၊ မသုံးသပ်နိုင်တာမျိုးလည်းရှိတယ်။ နှစ်ပေါင်းများစွာ ရွှေတူးဖော်တာတွေကြောင့် မြစ်ရေအရည်အသွေးလျော့ကျလာတာတွေဟာလည်း ထည့်သွင်းစဉ်းစားရမယ့် အချက်ပါ။ ပြီးတော့ လေ့လာမှုတွေလည်း ဆောင်ရွက်ဖို့လိုအပ်နေပါပြီ "ဟု မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးမှ ဦးဟန်ဝင်းက ပြောပြသည်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၀၂ ခုနှစ်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ မေခ၊ မလိခ၊ ဧရာဝတီမြစ်ဆုံမှ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ဂယက်ကြီးကျွန်းအထိ ဧရာဝတီမြစ်အစမှ အဆုံးထိ ဧရာဝတီလင်းပိုင် သုတေသနပြုလေ့လာရေးခရီးစဉ် သွားရောက်ခဲ့သကဲ့သို့ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (Wildlife Conservation Society-WCS)နှင့် ပူးပေါင်း၍လည်း မန္တလေးမြို့မှ ဗန်းမော်မြို့အကြား ဧရာဝတီမြစ်ပိုင်းတွင် ဧရာဝတီလင်းပိုင် စာရင်းကောက်ယူခြင်းလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများ၊ ဧရာဝတီလင်းပိုင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို နှစ်စဉ် စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (International Union for the Conservation of Nature-IUCN)၏ လေ့လာသတ်မှတ်ချက်များအရ ဧရာဝတီမြစ်အတွင်းရှိ ဧရာဝတီလင်းပိုင်အရေအတွက်သည် မျိုးတုံးမည့်အခြေအနေသို့ ကျရောက်လျက်ရှိသည်။

ထို့ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့ ရေတော်ဘုရားရှေ့ (အနောက်ဘက်ကမ်း၊ အရှေ့ဘက်ကမ်း)မှ စစ်ကိုင်းတိုင်းဒေသကြီး မင်းကွန်းတောင်ရိုး၊ ဗောဓိတစ်ထောင်ဘုရား (အရှေ့ဘက်ကမ်း၊ အနောက်ဘက်ကမ်း) မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းတော်ကျွန်းရွာ (အရှေ့ဘက်ကမ်း)အထိ ဧရာဝတီမြစ်ပိုင်းဧရိယာကို ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်က ဧရာဝတီလင်းပိုင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးနယ်မြေ (Irrawaddy Dolphin Protected Area)အဖြစ် သတ်မှတ်ခဲ့သည်။

"ဧရာဝတီလင်းပိုင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးနယ်မြေကို သတ်မှတ်တယ်။ ပြီးတော့ ငါးလုပ်ငန်းဦးစီးဌာနနဲ့ သားငှက်ထိန်းသိမ်းရေးအဖွဲ့တို့ ပူးပေါင်းပြီး ဧရာဝတီလင်းပိုင်(၀၀၁) အမည်နဲ့ ရေယာဉ် ထူထောင်ခဲ့တယ်။ ဒီရေယာဉ်နဲ့ ထိန်းသိမ်းရေးနယ်မြေအတွင်းကို လစဉ်သွားရောက်ပြီးတော့ ဧရာဝတီလင်းပိုင်တွေ သုတေသနပြုလေ့လာတယ်။ ထိန်းသိမ်းရေးနယ်မြေအတွင်းက ကျေးရွာလူထုကိုလည်း ဧရာဝတီလင်းပိုင်နဲ့သက်ဆိုင်တဲ့ ဗဟုသုတတွေ၊ ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးဟောပြောပွဲတွေ လုပ်ခဲ့တယ်။ ဧရာဝတီလင်းပိုင်နဲ့ ငါး၊ ပုစွန်သယံဇာတတွေကို ထိခိုက်စေပြီး မျိုးပြုန်းတီးသွားစေနိုင်တဲ့ ငါးဖမ်းနည်းစနစ်တွေအတွက် သတိပေးတားမြစ်ချက်တွေကို ပြောပြခဲ့တယ်"ဟုငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သီတာမိုးက ပြောပြသည်။



ဧရာဝတီလင်းပိုင်နှင့် လက်ပစ်ကွန်ရေလုပ်သားများ ငါးဖမ်းနေပုံ။

ဧရာဝတီလင်းပိုင်များသည် ရေတွင်နေထိုင်ကျက်စားသည့် နို့တိုက်သတ္တဝါမျိုးစိတ် တစ်မျိုးဖြစ်ပြီး အေဒီ(၈)ရာစုကတည်းက ဧရာဝတီလင်းပိုင်တို့သည် ဧရာဝတီမြစ်အတွင်း နေထိုင်ကျက်စားခဲ့ကြကြောင်းကို တရုတ်ပြည် တန်မင်းဆက်သမိုင်းတွင် ဖော်ပြပါရှိသည့်အထောက်အထားများအရ သိရှိရသည်။ ထို့ကြောင့် ဧရာဝတီလင်းပိုင်များတည်ရှိမှု သက်တမ်းသည် နှစ်ပေါင်း ၁၂၀၀ ကျော်တိုင်ခဲ့ပြီဖြစ်သည်။

ဧရာဝတီလင်းပိုင်များသည် အများမြင်ဖူးကြသော လင်းပိုင်များကဲ့သို့ နှုတ်သီးမပါရှိဘဲ အရောင်မှာ မီးခိုးရောင် (သို့) မီးခိုးပြာရောင်ရှိသည်။ အရွယ်အစားအားဖြင့် မွေးကင်းစတွင် နှစ်ပေကျော်မှ အသက်ကြီးကောင်အရွယ်တွင် ရှစ်ပေဝန်းကျင်အရှည်ရှိပြီး ဦးခေါင်း၏ အပေါ်ဘက်တွင် အသက်ရှူရန် နှာပေါက်တစ်ပေါက်ပါရှိသည်။ ကျောပေါ်အလယ်၌ သေးငယ်ပြီး တြိဂံပုံသဏ္ဌာန်ရှိ ကျောရေယက်တစ်ခုပါရှိသည်။

(၁၉)ရာစု သဘာဝဗေဒပညာရှင် ဂျွန်အန်ဒါဆင်သည် ဧရာဝတီမြစ်အတွင်း အဆိုပါလင်းပိုင်များကို တွေ့ရှိခဲ့ရာမှ ဧရာဝတီမြစ်ကိုအစွဲပြုပြီး ဧရာဝတီလင်းပိုင် (Irrawaddy dolphin) ဆိုသည့် ကမ္ဘာ့မှတ်တမ်းဝင်အမည်ရရှိခဲ့ကြောင်းသိရှိရပြီး ဧရာဝတီလင်းပိုင်၏ သိပ္ပံအမည်မှာ အောဆဲ့လား ဘရီဗီရိုးစထရစ် (Orcaella-brevirostris)ဖြစ်သည်။

ဧရာဝတီလင်းပိုင်မျိုးစိတ်များကို အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဖိလစ်ပိုင်၊ ဘရူနိုင်း၊ မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံများ၏ ရေပြင်များတွင် တွေ့ရှိနိုင်ပြီး အဆိုပါနိုင်ငံများတွင်လည်း ဧရာဝတီလင်းပိုင်ဟုသာ ခေါ်ဝေါ်သုံးနှုန်းကြသည်။

ဝေလငါး၊ လင်းပိုင်၊ လင်းရှူး စသည်ဖြင့် မျိုးစိတ်ပေါင်း ၈၀ ကျော်ရှိသည့်အနက် အများစုသည် ပင်လယ်သမုဒ္ဒရာထဲ၌သာ နေထိုင်ကျက်စားကြပြီး လင်းပိုင်မျိုးစိတ်ငါးမျိုးသာ မြစ်များအတွင်း သီးသန့်နေထိုင်ကျက်စားကြသည်။

သို့သော် ဧရာဝတီလင်းပိုင်မျိုးစိတ်တို့သည် ရေချိုမြစ်များ၊ အိုင်နှင့်ကန်ကြီးများ၌ နေထိုင်ကျက်စားကြသကဲ့သို့ ရေချိုရေငန်စပ် ပင်လယ်ကမ်းရိုးတန်း မြစ်ဝကျယ်များ၌လည်း နေထိုင်ကျက်စားနိုင်ကြောင်း သိရှိရသည်။

"ဧရာဝတီလင်းပိုင်တွေဟာ ၁၄ လကြာ ကိုယ်ဝန်ဆောင်ကြတယ်။ ပေါက်ဖွားလာတဲ့ လင်းပိုင်လေးတွေကို ၁၈ လကြာ နို့တိုက်ကျွေးစောင့်ရှောက်ကြတယ်။ ငါးနှစ်ကနေ ခုနစ်နှစ်အတွင်း အရွယ်ရောက်ကြတယ်၊ သက်တမ်းက နှစ် ၃၀ ကနေ နှစ် ၅၀ အတွင်းရှိတယ်။ အဓိကစားတာကတော့ ငါးဖြစ်ပါတယ်။ မွေးဖွားနှုန်းကတော့ လူသားတွေလိုပဲ တစ်ကြိမ်လျှင်တစ်ကောင်သာ မွေးဖွားလေ့ရှိတယ်။ အမြွှာမွေးတာမျိုးကတော့ အလွန်ရှားပါတယ်။ မှတ်တမ်းအချို့မှာတော့ တစ်နှစ်ပတ်လုံး ပေါက်ဖွားလေ့ရှိတယ်လို့ သိရတယ်။ ဧရာဝတီမြစ်မှာတော့ မတ်၊ မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်နဲ့ ဒီဇင်ဘာလတွေမှာ ပေါက်ဖွားပါတယ်" ဟုလည်း ဒေါ်သီတာမိုးက ပြောသည်။

"ဧရာဝတီလင်းပိုင်တွေက မြစ်ကျဉ်းတွေကို ဖြတ်သန်းကူးပြောင်း ကျက်စားတာမျိုး မတွေ့ရဘူး။ ဒါကြောင့် ဗန်းမော်မြို့နဲ့ မန္တလေးမြို့ကြားနေထိုင်တဲ့ ဧရာဝတီလင်းပိုင်တွေကို ဗန်းမော်မြို့နဲ့ စင်းခန်း (ဒုတိယမြစ်ကျဉ်း) ကြား လင်းပိုင်အုပ်စု၊ သပိတ်ကျင်းမြို့(တတိယမြစ်ကျဉ်း)နဲ့ ရွှေကူမြို့(ဒုတိယမြစ်ကျဉ်း) ကြား လင်းပိုင်အုပ်စု၊ ကျောက်မြောင်း(တတိယမြစ်ကျဉ်း)နဲ့ မန္တလေးမြို့ကြားရှိတဲ့ လင်းပိုင်အုပ်စုဆိုပြီး ရှိတယ်။ မိုးတွင်းရောက်လို့ မြစ်ရေတိုးရင်တော့ သပိတ်ကျင်းမြို့(တတိယမြစ်ကျဉ်း)နဲ့ ရွှေကူမြို့ (ဒုတိယမြစ်ကျဉ်း)ကြားက လင်းပိုင်အုပ်စုတွေက ဧရာဝတီမြစ်ရဲ့ မြစ်လက်တက် မြစ်တွေဖြစ်တဲ့ ရွှေလီမြစ်နဲ့ မဲဇာချောင်းတွေထဲမှာ နေထိုင်ကျက်စားလေ့ရှိတယ်။ ကျောက်မြောင်း(တတိယမြစ်ကျဉ်း)နဲ့ မန္တလေးမြို့ကြားက လင်းပိုင်အုပ်စုတွေက မိုးတွင်းဆို မန္တလေးမြို့အောက်ပိုင်း စစ်ကိုင်းရွာသစ်ကြီးမြစ်ပိုင်းအထိ စုန်ဆင်းကျက်စားလေ့ရှိတယ် "ဟု ၎င်းက ဆက်လက်ပြောပြသည်။

ထို့ပြင် ထူးခြားမှုအနေဖြင့် ဧရာဝတီလင်းပိုင်များသည် ကွန်ရေလုပ်သားများကို ကူညီပူးပေါင်း၍ ငါးဖမ်းဆီးခြင်းကို ဆောင်ရွက်တတ်ကြပြီး ထိုသို့ငါးဖမ်းခြင်းအလေ့အထသည် ရှေးနှစ်ပေါင်းများစွာမှသည် မျိုးဆက်တစ်ခုမှ မျိုးဆက်တစ်ခုတိုင် လက်ဆင့်ကမ်းထိန်းသိမ်းလာသည့် ရိုးရာဓလေ့ဖြစ်သည်ဟု မှတ်တမ်းများအရ သိရှိရသည်။ ဧရာဝတီလင်းပိုင်များနှင့် ကွန်ရေလုပ်သားများအကြား လက်ဆင့်ကမ်းထိန်းသိမ်းလာသည့် ဓလေ့နှင့် ပတ်သက်ပြီး ဦးဟန်ဝင်းက "ဟိုးအရင်ကတော့ လင်းပိုင်တွေက လက်ပစ်ကွန်ရေလုပ်သားတွေကို ကူညီပြီး ငါးရှာဖွေပေးတဲ့ ရိုးရာဓလေ့ရှိတယ်။ ဒီဓလေ့ကို ကမ္ဘာပေါ်မှာ မြန်မာနိုင်ငံမှာသာ တွေ့နိုင်ပါတယ်။

ကျွန်တော် လွန်ခဲ့တဲ့လေးနှစ်က ဝက်လက်မြို့နယ် နတ်မှော်ဦးကျေးရွာမှာ နေထိုင်တဲ့ လင်းပိုင်တွေနဲ့ ပူးပေါင်းငါးရှာဖွေဖမ်းဆီးတဲ့ အဘိုးတစ်ဦးနဲ့ တွေ့ဆုံခဲ့ဖူးတယ်။ အဘိုးက အသက် ၁၀၀ ဝန်းကျင်ရှိတယ်။ အဘိုးကလည်း ဒီလင်းပိုင်နဲ့ ငါးဖမ်းဓလေ့ကို သူ့ရဲ့ မိဘဆရာသမားတွေဆီကနေ သင်ယူတတ်မြောက်ခဲ့တာလို့ ပြောပြဖူးတယ်" ဟု ၎င်းသိရှိသမျှကို ပြောပြသည်။

ယခုအခါ ဧရာဝတီလင်းပိုင် အရေအတွက်သည် လျော့ကျလာသော်လည်း ယခင်အချိန်များကဲ့သို့ မြန်မာ့ရေလုပ်သားများ ကွန်ပစ်ငါးဖမ်းရာတွင် ဧရာဝတီလင်းပိုင်တို့၏ အကူအညီကို ရယူ၍ အချိန်တိုအတွင်း လွယ်ကူစွာ ငါးပိုမိုရရှိခဲ့ကြောင်းလည်း သိရသည်။

ဒေသခံရေလုပ်သားများကလည်း "လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်အချိန်က မြစ်ရဲ့ ငါးသယံဇာတ အခြေအနေကောင်းတဲ့အချိန်၊ ကွန်ရေလုပ်သားတွေဟာ လင်းပိုင်ရဲ့ အကူအညီရခဲ့ရင် ကွန်တစ်ချက်တည်းနဲ့ ပိဿာ ၃၀ လောက်အထိ ရဖူးကြတယ်။ ကွန် လေး၊ ငါးချက်နဲ့ ငါး ၁၀/၁၅ ပိဿာ မခဲယဉ်းဘူး။

ဒါကြောင့် ကွန်ရေလုပ်သားတွေဟာ ကိုယ့်ရွာနားလင်းပိုင်မလာရင် လိုက်ရှာကြတယ်။ လင်းပိုင်ကိုစောင့်ပြီး အလုပ်လုပ်ကြတယ်လို့လည်း သိရတယ်။ ဧရာဝတီလင်းပိုင်တွေကို ကိုယ့်မိသားစုဝင်တွေလို သဘောထားဆက်ဆံကြတယ်။ ကွန်ရေလုပ်သားတွေက လင်းပိုင်တွေနဲ့ အမြဲထိတွေ့ဆက်ဆံနေတော့ လင်းပိုင်တစ်ကောင်ချင်းစီကို မှတ်မိကြတယ်။

လင်းပိုင်တွေရဲ့ ထူးခြားတဲ့ ပုံသဏ္ဌာန်တွေ၊ အပြုအမူတွေကိုကြည့်ပြီး အမည်ပေးကြတယ်။ အဲဒီတုန်းက ဘို့ထောင်မ၊ ဂုတ်ထစ်မ၊ ဘို့မ ဒီလိုတွေခေါ်တဲ့ လင်းပိုင်မကြီးဟာ ကွန်ရေလုပ်သားတွေကြားထဲ နာမည်ကြီးတယ်။ ဒီလင်းပိုင်မဟာ အင်မတန်ကူညီတယ်၊ လူတွေနဲ့ အင်မတန်ယဉ်ပါးတယ်။ ဂုတ်ထစ်မက လွန်ခဲ့တဲ့သုံးနှစ်လောက်က သေဆုံးသွားခဲ့တယ်။ စာမျက်နှာ ၁၇ သို့

**ဧရာဝတီလင်းပိုင်များသည် ကွန်ရေလုပ်သားများကို ကူညီပူးပေါင်း၍ ငါးဖမ်းဆီးခြင်းကို ဆောင်ရွက်တတ်ကြပြီး ထိုသို့ငါးဖမ်းခြင်း အလေ့အထသည် ရှေးနှစ်ပေါင်းများစွာမှသည် မျိုးဆက်တစ်ခုမှ မျိုးဆက်တစ်ခုတိုင် လက်ဆင့်ကမ်းထိန်းသိမ်းလာသည့် ရိုးရာဓလေ့ဖြစ်**

---

(၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ရဲတပ်ဖွဲ့က ရဲတပ်ဖွဲ့သင်တန်းခန်းမ၌ အောက်တိုဘာ ၁ ရက်က ကျင်းပရာ သတင်းမီဒီယာများ၌ ရဲတပ်ဖွဲ့၏ မှုခင်းနှင့် အခြားအကျိုးပြုဆောင်ရွက်မှုသတင်းများ ရေးသားပေးခဲ့သော မြန်မာ့အလင်း မြို့နယ်သတင်းထောက် ဦးသန်းဌေး (သန်းဌေး-ဒလ)ကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲမြင့်က ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ပေးအပ်စဉ်။ သန်းဌေး(ဒလ)



## ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းကျင်းပြီး၍ သွားလာရေးအဆင်ပြေ

ရေကြည် အောက်တိုဘာ ၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ကွင်းသုံးဆင့်ကျေးရွာအုပ်စု ကုန်းတက်- ဦးတို- သပြေကွင်း ကွန်ကရစ်လမ်းခင်းခြင်းကို စက်တင်ဘာ ၁၅ ရက်က စတင်ဆောင်ရွက်ရာ စက်တင်ဘာလ နောက်ဆုံးပတ်တွင် ပြီးစီးခဲ့သောကြောင့် ဒေသခံပြည်သူများ သွားလာမှုအဆင်ပြေကြောင်း သိရသည်။ ယင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို လှူတော်ရန်ပုံငွေကျပ်သိန်း ၃၀၊ ကျုံပျော်ဘုရားကြီးကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တနန္ဒာဝံသက ငွေကျပ်သိန်း ၅၀၊ ရန်ကုန်မြို့မှ ဒေါ်အေးစန်းမိသားစုက ငွေကျပ် ၂၅ သိန်းဖြင့် မတည်ပြီး ဒေသခံပြည်သူများ က စုပေါင်းထည့်ဝင်ငွေကျပ် ၈၃၇၄၇၀၀ ဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးအောင်မြင်ခဲ့သည်။ ထို့အတူ ကျေးရွာငါးရွာ လျှပ်စစ်မီးလင်းရေးအတွက် နိုင်ငံတော်က ထောက်ပံ့ငွေကျပ် သိန်း ၈၀၀ နှင့် ပြည်သူလူထုစုပေါင်း ထည့်ဝင်ငွေကျပ်သိန်း ၈၀၀ ဖြင့် ဆောင်ရွက်ခဲ့ရာ ကွင်းသုံးဆင့်၊ ကုန်းတက်၊ ဦးတိုရွာ၊ သပြေကွင်းရွာ၊ တောင်ယာကြီးကျေးရွာတို့၌ အိမ်ခြေ ၅၃၇ လုံးရှိသည့်အနက် အိမ်ခြေ ၁၆၈ လုံး လျှပ်စစ်မီတာများ တပ်ဆင်သုံးစွဲနေပြီဖြစ်ကြောင်း သိရသည်။

မင်းဇော်ဦး(ရေကြည်)

# အပြည်ပြည်ဆိုင်ရာဆောက်လုပ်ရေးပစ္စည်းနှင့် အိမ်တွင်းပိုင်းအလှဆင်ခြင်းဆိုင်ရာ ကုန်စည်ပြပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၅**

ဒုတိယအကြိမ် အပြည်ပြည်ဆိုင်ရာ ဆောက်လုပ်ရေးပစ္စည်းနှင့် အိမ်တွင်းပိုင်း အလှဆင်ခြင်းဆိုင်ရာ ကုန်စည်ပြပွဲ (The 2nd International Building Materials & De'cor Exhibition)ကို ရန်ကုန်မြို့ ရှင်စောပုလမ်းရှိ Myanmar Event Park ၌ အောက်တိုဘာ ၂၂ ရက်မှ ၂၄ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲ၌ ဆောက်လုပ်ရေးပစ္စည်းများ၊ အတွင်းပိုင်းအလှဆင်ခြင်းနှင့် အတွင်းပိုင်းအလှဆင်ပြသခြင်းများ၊ မက်ကယ်နီကယ်နှင့် အင်ဂျင်နီယာဆိုင်ရာ ထုတ်ကုန်ပစ္စည်းများကို ကုမ္ပဏီပေါင်း ၈၀ ကျော်က ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ကြိုတင်စာရင်းသွင်းခြင်းကို ဖက်စ်ဖြင့် ၀၁-၂၉၉၇၈၁ နှင့် အွန်လိုင်းမှ www.myanmarbuilder.com ၌ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**မြတ်စန္ဒီသင်းဇော်**

# မိုးပွင့်အထူးအပိုင်း(၂) အစီအစဉ်ဖြင့် အလက(ခွဲ) မံဟဲ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ပေး

**အင်းတော် အောက်တိုဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မံဟဲအုပ်စု အလက(ခွဲ) မံဟဲကျောင်း၌ အောက်တိုဘာ ၃ ရက်က မိုးပွင့်အထူး အပိုင်း (၂) အစီအစဉ်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့သည်။

အင်းတော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးစိုင်းမြစိုးလှိုင်၊ ဒုလဝကမှူး ဦးတင့်ဆွေဦးနှင့် ဝန်ထမ်းများက ကျောင်းသားကျောင်းသူ ၈၅ ဦးကို မိုးပွင့်အထူးအပိုင်း (၂) အစီအစဉ်ဖြင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

(၁၇၁)



**(၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကျော်ထွေး၏ကြီးကြပ်မှုဖြင့် အမှတ်(၁) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှ ဒုတပ်ဖွဲ့ခွဲမှူးရဲမှူးသိန်းဦး ဦးစီးသော ယာဉ်ထိန်းရဲ တပ်ဖွဲ့ဝင် ၂၀ သည် စက်တင်ဘာလနောက်ဆုံးပတ်က ခုတင် ၁၀၀၀ နေပြည်တော်ဆေးရုံကြီး သွေးလှူဘဏ်၌သွေးလှူဒါန်းစဉ်။**

မင်းမင်းလတ်(ရုပ်ဗေဒ)



# ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာဆိုင်များ ကွင်းဆင်းစစ်ဆေး

**လယ်ဝေး အောက်တိုဘာ ၅**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်၌ မိုးစပါးသီးနှံများ အောင်မြင်စွာစိုက်ပျိုးနိုင်ခဲ့ပြီး ယခုအချိန်တွင် အပင်ဖြစ်ထွန်းမှုနှင့် အနှံများထွက်ရှိချိန်၌ တောင်သူများသည် ပိုးမွှားရောဂါကာကွယ်ခြင်းနှင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် ဓာတ်မြေသြဇာထည့်သွင်းခြင်းများကို အချိန်ကိုက်အချိုးကျဆောင်ရွက်နိုင်ကြရန် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

လယ်ဝေးမြို့နယ်၌ ရောင်းချလျက်ရှိသော ဓာတ်မြေသြဇာနှင့်ပိုးသတ်ဆေး အရောင်းဆိုင်များ၌ တောင်သူများအတွက် အကျိုးရှိအာနိသင်ပြည့်ဝသော ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးရောင်းချမှုများကို အောက်တိုဘာ ၂ ရက်က တိုင်းဒေသကြီးတာဝန်ခံများက ကွင်းဆင်းစစ်ဆေးပြီး သိုလှောင်ရောင်းဝယ်ထားရှိမှု မှန်ကန်စေရေးနှင့် အန္တရာယ်ကင်းရှင်းရေး၊ ထုတ်ပြန်ထားသော မြေသြဇာနှင့် ပိုးသတ်ဆေးဆိုင်ရာ ဥပဒေများလိုက်နာရေး၊ မှတ်ပုံတင်ထားခြင်းမရှိသော ဆေးများရောင်းချခြင်းမပြုလုပ်ရန်တို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(လ/ ၀၃၈)

*စာမျက်နှာ ၁၆မှ*

ရေလုပ်သားတွေက သူတို့လင်းပိုင်တွေကိုပေးထားတဲ့ နာမည်တွေ ရှိတယ်။ လွှမ်းမောင်မ၊ ဘေးကြားမ၊ ဖျပ်မ၊ လင်းပိုင်ညီနောင် စတဲ့နာမည်တွေ ရှိကြတယ်" ဟု ၎င်းတို့၏ အတွေ့အကြုံများကို ပြောပြသည်။

ဧရာဝတီလင်းပိုင်နှင့် လက်ပစ်ကွန်ရေလုပ်သား အကျိုးတူပူးပေါင်း ငါးရှာဖွေဖမ်းဆီးသည့် ရိုးရာဓလေ့ကို နိုင်ငံခြားသားများ အထူးအံ့သြကြပြီး နှစ်စဉ်လာရောက်ကြည့်ရှုမှုရှိခဲ့ရာ ၂၀၀၈ ခုနှစ်က ဂျာမနီနှင့် ဂျပန်နိုင်ငံတို့၌ မှတ်တမ်းရုပ်ရှင်ရိုက်ကူးပြီး ထုတ်လွှင့်ပြသခဲ့ကြောင်းသိရသည်။

"ကွန်ရေလုပ်သားတွေက လင်းပိုင်တွေကိုတွေ့ရင် အသံပေးပြီး အကူအညီတောင်းပါတယ်။ ကျွန်းသားနဲ့လုပ်ထားတဲ့ သစ်သားချောင်း အဖျားနဲ့ လှေနံကို ရိုက်ပြီး အသံပေးတယ်။ ဒီအသံဟာ စည်းချက်ကျပြီး နားထောင်လို့ကောင်းပါတယ်။ ပါးစပ်ကလည်းလည် ချောင်းသံနဲ့ ကတူး-ကတူးဆိုပြီး အသံပေးတယ်။ ကွန်ကိုလည်း တစ်ချက်၊ နှစ်ချက်ပစ်ပြတယ်။ အဓိပ္ပာယ်က သူတို့ဟာ ကွန်သမားများပါ၊ ကူညီပါမိတ်ဆွေတို့တဲ့။ ဒီအသံကြားတော့ လင်းပိုင်အုပ်က ကွန်လှေနဲ့ဝေးရာဆီကငါးတွေကို တစ်စုတစ်ဝေးတည်းဖြစ်အောင် ဝိုင်းပတ်ပြီး ကွန်လှေဆီကို မောင်းပေးတယ်။ ငါးတွေကို စုစည်းမောင်းနှင်ပြီးတော့ ကွန်ပစ်ဖို့ အသင့်ဖြစ်ရင် ဦးဆောင်လင်းပိုင်က ရေပြင်ပေါ်ကို သူ့ရဲ့အမြီးနဲ့ ရိုက်ပြီး အချက်ပြတယ်။ ဒီအခါကွန်သမားက ကွန်ပစ်ရတယ်။ ကွန်ကို တဖြည်းဖြည်းပြန်လည်ဆွဲတင်စဉ် လင်းပိုင်အချို့က ကွန်ကနေပြူထွက်တဲ့ငါးတွေ၊ ကွန်နားနဲ့ ရိုက်မိလို့မူးဝေနေတဲ့ငါးတွေကို ဖမ်းဆီးစားသောက်ကြတယ်။ လင်းပိုင်တွေကို လက်နဲ့လှမ်းကိုင်လို့ရတဲ့ အခြေအနေပါ။ ဒီနည်းနဲ့ ကွန်လှေတစ်စင်းပြီး တစ်စင်း၊ တစ်ချက်ပြီး တစ်ချက်ပစ်ကြရပါတယ်။ သူတို့ရဲ့ ထူးခြားချက်တွေ အများကြီးရှိသေးတယ်။ ညပိုင်းမှာဖမ်းတဲ့ ရေလုပ်သားတွေပင်ပန်းလို့ အိပ်ပျော်နေပြီဆိုရင် လင်းပိုင်တွေက ငါးဖမ်းဖို့လှေပေါ်ကို ရေမှုတ်တင်နှိုးပေးတာတွေလည်းရှိပါတယ်" ဟု ဆက်လက်ပြောပြသည်။

ယခုအခါတွင် ဧရာဝတီလင်းပိုင် အရေအတွက်သည် လျော့ကျလာသည့်အတွက် ထိန်းသိမ်းစောင့်ရှောက်မှုများနှင့် လေ့လာသုတေသနပြုမှုများ လိုအပ်လျက်ရှိပြီး မြန်မာနိုင်ငံရှိ ဧရာဝတီမြစ်နှင့် ယှဉ်တွဲအမည် သတ်မှတ်ခြင်းခံရသော ဧရာဝတီလင်းပိုင် ဆိုသည့်အမည်ကို တန်ဖိုးထားထိန်းသိမ်းနိုင်ရန်၊ မျိုးတုံး မပျောက်ကွယ်စေရန်၊ ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံ၌သာတွေ့နိုင်ပြီး ပျောက်ကွယ်လုပြီဖြစ်သည့် လက်ပစ်ကွန်ရေလုပ်သားနှင့် လင်းပိုင်ပူးပေါင်းငါးရှာဖွေဖမ်းဆီး သည့် ရိုးရာဓလေ့ ထွန်းကားရှင်သန်စေရန်နှင့် ဧရာဝတီလင်းပိုင်ကို အခြေခံသည့် သဘာဝခရီးသွားလုပ်ငန်း ဖွံ့ဖြိုးစေရန်အတွက်လည်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။ ။

အမြို့မြို့အနယ်နယ်ပျံ့နှံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

# ကျေးရွာမြေငှားဂရန်များ ထုတ်ပေး

**ပင်လောင်း**

ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လောင်းမြို့နယ် ပင်လောင်းကြီးကျေးရွာအုပ်စု ပင်လောင်းကြီး(အရှေ့)ကျေးရွာအား မြေငှားဂရန်ထုတ်ပေးခြင်း အခမ်းအနားကို စက်တင်ဘာလနောက်ဆုံးပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျေးရွာမြေငှားဂရန်ထုတ်ပေးရေး မြို့နယ်လုပ်ငန်းအဖွဲ့က ကျေးရွာသူ ကျေးရွာသား ၁၆၄ ဦးကို မြေငှား ဂရန်စာချုပ်များထုတ်ပေးပြီး အခမ်းအနားသို့ မြို့နယ်/ကျေးရွာမြေငှား ဂရန်ထုတ်ပေးရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျေးရွာသူ ကျေးရွာသား ၁၆၄ ဦးတက်ရောက်ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**မုဒုံ**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မုဒုံမြို့နယ် ကော့ပရံကျေးရွာနေ ပြည်သူများအတွက် မြေငှားဂရန်များကို စက်တင်ဘာလနောက်ဆုံးပတ်က ကော့ပရံအုပ်ချုပ်ရေးမှူးရုံး၌ ထုတ်ပေးခဲ့ကြောင်းသိရသည်။

မြေငှားဂရန်များပေးအပ်ပွဲတွင် မွန်ပြည်နယ် စိုက်ပျိုးရေးဝန်ကြီး ဦးမျိုးညွန့်က အမှာစကားပြောကြားပြီး မြေငှားဂရန်များရရှိရေးအတွက် ကွင်းဆင်းဆောင်ရွက်မှုများအကြောင်းကို ပြည်သူများမေးမြန်းချက်အပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့သည်။ ကော့ပရံ ကျေးရွာမှ ရွာမြေဂရန်ရရှိသူ ၈၁ ဦး၊ စားကျက်ထုတ်နုတ်ခွင့်ရရှိမြေ ၆၁ ဦးနှင့် မြေငှားဂရန်ရရှိသည့် ဒေသခံပြည်သူ ၁၄၂ ဦးအား မြေ ၁၅ ဒသမ ၈၆၃ ဧကကို မြေငှားဂရန်များ တစ်ဦးချင်း လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မုဒုံမောင်မောင်**

**ရပ်စောက်**

မြို့နယ်တစ်မြို့နယ်လျှင်ကျေးရွာတစ်ရွာမြေငှားဂရန်ထုတ်ပေးရေး လုပ်ငန်းစီမံချက်အရ ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် လွယ်ကိုးကျေးရွာအုပ်စု ပါပန်းကျေးရွာမြေငှားဂရန်များ ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာလနောက်ဆုံးပတ်က ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရပ်စောက်မြို့နယ်အတွင်း ပါပန်းကျေးရွာအနေဖြင့် ပထမဆုံးစံပြအနေနှင့် ထုတ်ပေးခြင်းဖြစ်ရာ အခြားကျန်ရှိနေသေးသောကျေးရွာများကိုလည်း ဆက်လက်ထုတ်ပေးမည်ဖြစ်ကြောင်း ကျေးရွာမြေငှားဂရန်ထုတ်ပေးရေးအထူးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်ဦးကပြောကြားပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူး ဦးခင်မောင်ဝင်းက မြေငှားဂရန်ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**ဟိုပန်**

"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့နယ် ပန်ကောက်(ကချင်)ကျေးရွာ၌ ကျေးရွာနေပြည်သူများအား မြေငှားဂရန်ထုတ်ပေးခြင်းအခမ်းအနားကို စက်တင်ဘာလနောက်ဆုံးပတ်က ကျေးရွာစုဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင်ခရိုင်မြေငှားဂရန်ထုတ်ပေးရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူးဦးမျိုးအောင်က အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပန်ကောက်(ကချင်)ကျေးရွာမှ ပြည်သူ ၂၂ ဦးအား နှစ် ၃၀ သက်တမ်းရှိ မြေငှားဂရန်များကို တစ်ဦးချင်းထုတ်ပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**မြိုင်**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ကိုင်းတောမကျေးရွာ မြေငှားဂရန်ပေးအပ်ပွဲကို အောက်တိုဘာ ၂ ရက်က ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အဆိုပါ ပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်က မြေငှားဂရန်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**အောင်ကျော်မြင့်**

**ပေါက်**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ် သံပုရာအိုင်မကျေးရွာအုပ်စု ယာကြီးပြင်ကျေးရွာဦးကျောင်း၌ ကျေးရွာနေပြည်သူများအား မြေငှားဂရန်များကို အောက်တိုဘာ ၁ ရက်က ထုတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မြေငှားဂရန်ထုတ်ပေးရာတွင် ဂရန်ရရှိရေးကွင်းဆင်းဆောင်ရွက်မှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးဝင်းက အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်က တရားဝင်ခိုင်မာသည့် အထောက်အထားမြေငှားဂရန်များရရှိခြင်းဖြင့် မြေနှင့်အိမ်တန်ဖိုးများမြင့်တက်ခြင်း၊ မိမိတို့နှစ်သက်သလို ပေါင်နှံရောင်းချနိုင်ခြင်း၊ မြေငှားဂရန်စာချုပ်ဖြင့် ချေးငွေထုတ်ချေးနိုင်ပြီး မိမိတို့ကိုယ်ပိုင် လုပ်ငန်းများပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက အိမ်ထောင်စု ၄၉ စုအား မြေငှားဂရန်များကို တစ်ဦးချင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖိုးသားလေး(ယောမြေ)**

# နယူးဇီလန်နိုင်ငံ၏ နည်းပညာပံ့ပိုးမှုကြောင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများ အောင်မြင်လျက်ရှိ

**မိတ္ထီလာ အောက်တိုဘာ ၅**

မြန်မာ-နယူးဇီလန် ကောင်းမွန်သောနို့စားနွားမွေးမြူရေးလုပ်ငန်းစီမံကိန်း၏ တစ်စိတ်တစ်ဒေသအဖြစ် နယူးဇီလန်နိုင်ငံ၏ နည်းပညာပံ့ပိုးကူညီမှုများကြောင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ညောင်ပင်သာကျေးရွာ၌ ဒေသခံမွေးမြူရေးလုပ်ငန်းရှင်တစ်ဦး လုပ်ကိုင်နေသည့် နို့စားနွားမွေးမြူရေးလုပ်ငန်းမှာ ယခင်ကထက် ပိုမိုအောင်မြင် တိုးတက်လျက်ရှိကြောင်း သိရသည်။



"အရင်တုန်းကတော့ နို့စားနွားမွေးမြူရေးလုပ်ငန်းကို နွားကောင်ရေ ၇၀၀ ကျော်လောက်နဲ့ သမားရိုးကျလုပ်ကိုင်ခဲ့တယ်။ နွားတွေအားလုံးက ဖရီရှန်နို့စားနွားမျိုးတွေချည်းပဲ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့တစ်နှစ်ခွဲကျော်လောက်က နယူးဇီလန်နိုင်ငံက မွေးမြူရေးပညာရှင်အဖွဲ့ ရောက်ရှိလာပြီးတော့ နို့စားနွားမွေးမြူရေးလုပ်ငန်းမှာ လိုအပ်တဲ့နည်းပညာတွေနဲ့ ပစ္စည်းကိရိယာတစ်ချို့ကို ပံ့ပိုးကူညီပေးပါတယ်။ အဓိကကတော့ နည်းပညာပေါ့။ ကျွန်တော့်ခြံမှာရှိတဲ့ နို့ထွက်နှုန်းမကောင်းတော့တဲ့ နို့စားနွားမတွေကို ရောင်းထုတ်ပစ်ဖို့ပြောတယ်။ ပြီးတော့ နို့စားနွားပေါက်ငယ်တွေကို နို့ဦးရည်တိုက်ပေးခိုင်းတယ်။ နွားတစ်ကောင်းချင်းစီရဲ့ အခြေအနေကိုသိနိုင်ဖို့ မွေးစကနေစပြီး မှတ်တမ်းတင်ထားခိုင်း၊ နွားတွေရဲ့ နွားရွက်မှာ ကတ်ပြားနဲ့ နွားနံပါတ်နဲ့ မွေးသက္ကရာဇ်တွေ မှတ်သားထားခိုင်းတယ်။ နွားတွေကို အစာကျွေးတဲ့နေရာမှာလည်း သူ့အရွယ်နဲ့သူ စံနှုန်းသတ်မှတ်ပြီးတော့ ကျွေးရတယ်။ သူတို့ပြောတဲ့နည်းစနစ်အတိုင်း လုပ်ကိုင်ခဲ့တာ နို့စားနွားမွေးမြူရေးလုပ်ငန်းက အရင်ထက် ပိုမိုတိုးတက်အောင်မြင်လာပါတယ်။ နွားကောင်ရေကိုတော့ သူတို့ပြောတဲ့ နို့ထွက်နှုန်းမကောင်းတဲ့ နွားတွေကို လျှော့ချပစ်တာမို့ ၂၂၀ ကောင်ပဲ လက်ရှိမွေးမြူထားတယ်။ ကျွန်တော့်ခြံကနွားတွေကို နိုင်ငံခြားက မျိုးချောင်းတွေနဲ့ မျိုးစပ်တာများတယ်။ မျိုးအောင်နှုန်းလည်း ကောင်းတယ်။ နွားပေါက်ငယ်တွေကို မိခင်နို့ဦးရည်ကို နို့ဘူးနဲ့ တိုက်ပေးတာမို့ အသေအပျောက်နှုန်းလည်း လျော့နည်းသွားတယ်" ဟု နို့စားနွားမွေးမြူရေးလုပ်ငန်းရှင် ဦးခင်မောင်ဝင်းက ပြောသည်။

၎င်းနို့စားနွားမွေးမြူရေးလုပ်ငန်းတွင် မွေးမြူထားသည့်နွားများကို ကျွေးမွေးရန်အတွက် နေပီယာမြက်များကိုလည်း ဧက ၂၀ ခန့် စိုက်ပျိုးထားရှိပြီး အချို့နို့စားနွားများကို နယူးဇီလန်နိုင်ငံမှ ကူညီပံ့ပိုးသည့် နည်းပညာတစ်ခုဖြစ်သော လျှပ်စစ်ဓာတ်အားလွှတ် စားကျက်လွှတ်ကျောင်းစနစ်ဖြင့် မွေးမြူထားကြောင်းလည်း သိရသည်။

"ခြံကနွားတွေအတွက် နေပီယာနဲ့ ပတ်ချောင်မြက်မျိုးတွေကို ဧက ၂၀ လောက်စိုက်ပျိုးထားပါတယ်။ နွားစာအတွက်လည်း မပူမပင်ရတော့အောင်ပေါ့။ ပြီးတော့ တချို့နို့စားနွားတွေကို စားကျက်လွှတ်ကျောင်းစနစ်နဲ့ စားကျက်မြက်တွေ စိုက်ပျိုးထားတဲ့နေရာမှာ လွှတ်ကျောင်းမွေးမြူထားတယ်။ စားကျက်မြက်တွေစိုက်ပျိုးထားတဲ့နေရာကို လျှပ်စစ်ဓာတ်အားလွှတ်တဲ့ ဖိုက်ဘာကြိုးတွေ ဝိုင်းပတ်ထားပြီး အဲဒီအထဲမှာ နို့စားနွားတွေကို လွှတ်ကျောင်းတာပါ။ ဆိုလာပြားနဲ့ အားသွင်းပြီးတော့ ဖိုက်ဘာလျှပ်စစ်ကြိုးတွေကို ဗို့အားထုတ်လွှင့်ထားပါတယ်။ အဲဒီဖိုက်ဘာလျှပ်စစ်ကြိုးတွေက နွားကိုရော လူကိုယ်ရော အန္တရာယ်လုံးဝမဖြစ်ပါဘူး။ ဗို့အားနည်းပါတယ်။ အဲဒီပစ္စည်းတွေနဲ့ နည်းပညာကို နယူးဇီလန်က နို့စားနွားမွေးမြူရေးပညာရှင်အဖွဲ့က ကူညီပံ့ပိုးပေးတာပါ။ သူတို့အဖွဲ့က တစ်လကိုတစ်ကြိမ်လောက် နွားခြံကနွားတွေနဲ့ စားကျက်ထဲကနွားတွေရဲ့ အခြေအနေကို လာရောက်လေ့လာ စမ်းသပ်ကြည့်ရှုကြပါတယ်"ဟု ဦးခင်မောင်ဝင်းက ဆက်ပြောပြသည်။

**"စားကျက်မြက်တွေ စိုက်ပျိုးထားတဲ့နေရာကို လျှပ်စစ်ဓာတ်အားလွှတ်တဲ့ ဖိုက်ဘာကြိုးတွေ ဝိုင်းပတ်ထားပြီး အဲဒီအထဲမှာ နို့စားနွားတွေကို လွှတ်ကျောင်းတာပါ။ ဆိုလာပြားနဲ့ အားသွင်းပြီးတော့ ဖိုက်ဘာလျှပ်စစ်ကြိုးတွေကို ဗို့အားထုတ်လွှင့်ထားပါတယ်။ အဲဒီဖိုက်ဘာလျှပ်စစ်ကြိုးတွေက နွားကိုရော လူကိုယ်ရော အန္တရာယ်လုံးဝမဖြစ်ပါဘူး။ ဗို့အားနည်းပါတယ်။ အဲဒီပစ္စည်းတွေနဲ့ နည်းပညာကို နယူးဇီလန်က နို့စားနွားမွေးမြူရေးပညာရှင်အဖွဲ့က ကူညီပံ့ပိုးပေးတာပါ။**

မိတ္ထီလာမြို့နယ် ညောင်ပင်သာကျေးရွာတွင် နို့စားနွားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးခင်မောင်ဝင်းမှာ နိုင်ငံတော်သမ္မတမှချီးမြှင့်သည့် အကောင်းဆုံး မွေးမြူထုတ်လုပ်ရေးလုပ်ငန်းရှင်ဆုကို ရရှိထားသူလည်းဖြစ်ပြီး ယခုအခါ နို့စားနွားမွေးမြူရေးလုပ်ငန်းကို နယူးဇီလန်နိုင်ငံ၏ နည်းပညာပံ့ပိုးကူညီမှုများဖြင့် လုပ်ကိုင်အောင်မြင်လျက်ရှိသည်။ ထို့အပြင် နို့စားနွားမွေးမြူရေးလုပ်ငန်းမှထွက်ရှိသည့် နွားနို့များနှင့် မြို့နယ်အတွင်းမှ ထွက်ရှိသည့် နွားနို့များကို နို့ဆီချက်သည့်လုပ်ငန်းကိုလည်း လုပ်ကိုင်လျက်ရှိကာ ဝက်မွေးမြူရေးကိုလည်း တိုးချဲ့လုပ်ကိုင်နေသည်။ ၎င်းပိုင်ဆိုင်သည့် လယ်ယာမြေဧက ၁၂၀ ကျော်တွင် ပြောင်း၊ နှမ်း၊ နေကြာ ၊ စပါးစသည့်သီးနှံမျိုးစုံကိုလည်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိပြီး ပေါင်းစည်းလယ်ယာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာသို့တင်ပြထားကြောင်း သိရသည်။

"ကျွန်တော်ပိုင် တစ်ဆက်စပ်တည်း လယ်ယာမြေ ဧက ၁၂၀ ကျော်ကို ပေါင်းစည်းလယ်ယာလုပ်ငန်းအဖြစ် ထူထောင်လုပ်ကိုင်ချင်ကြောင်း သက်ဆိုင်ရာကို တင်ပြထားပါတယ်။ အခုထိတော့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းတော့ မရှိသေးပါဘူး။ သက်ဆိုင်ရာတာဝန်ရှိသူတွေ ပြောပြလို့သိရတာက ပေါင်းစည်းလယ်ယာဆိုရင် ကုန်ထုတ်လမ်းတွေပါမယ်။ စနစ်တကျတူးဖော်ထားတဲ့ စိုက်ပျိုးရေသွင်းရေထုတ်မြောင်းတွေပါမယ်။ သမားရိုးကျလုပ်ကိုင်နေတာထက်စာရင် ပေါင်းစည်းလယ်ယာက ပိုပြီးတော့အကျိုးရှိမယ်ထင်လို့ ကျွန်တော်ကိုယ်တိုင်လည်း လုပ်ကိုင်ချင်ပါတယ်။ ဒါပေမယ့် ကျွန်တော်တစ်ယောက်တည်းအင်အားနဲ့ လုပ်ကိုင်နိုင်စွမ်းမရှိသေးတော့ သက်ဆိုင်ရာတာဝန်ရှိသူတွေက ကူညီဆောင်ရွက်ပေးမှာကို စောင့်နေရတယ်"ဟု ၎င်းက ပြောသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ရှေးဦးပြုစုခြင်းအခြေခံ ကျောင်းကြက်ခြေနီသင်တန်း ညောင်လေးပင်၌ဖွင့်

**ညောင်လေးပင် အောက်တိုဘာ ၅**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်တို့ ပူးပေါင်းညှိနှိုင်းမှုအရ မြို့နယ်ကြက်ခြေနီအသင်းနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ရှေးဦးပြုစုခြင်း၊ အခြေခံကျောင်းကြက်ခြေနီသင်တန်း ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၄ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် စက်ရုံလမ်းရှိ အထက(ခွဲ)ကျောင်း၌ ကျင်းပသည်။




အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသိန်းနိုင်က အမှာစကားပြောကြားပြီး မြို့နယ်အာရှစိမ်းလန်းဖွံ့ဖြိုးတိုးတက်ရေးဘဏ် ဒုတိယတာဝန်ခံ ဦးမောင်နိုင်က သင်တန်းဖွင့်လှစ်ခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကြက်ခြေနီအသင်းကော်မတီဝင် ဦးလှမြင့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကိုပြောကြားပြီး မြို့နယ်ပညာရေးဌာနမှ ဒုတိယမြို့နယ်ပညာရေးမှူး ဦးဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

အခမ်းအနားသို့ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းလွင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသိန်းထိုက်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ အုပ်ချုပ်သူ ဆရာ ဆရာမများနှင့် သင်တန်းသား ၅၀ တို့ တက်ရောက်ကြပြီး သင်တန်းကို အောက်တိုဘာ ၄ ရက်မှ ၆ ရက်အထိ ဖွင့်လှစ်ကာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်သည်။

**ခင်အောင်လှိုင်(ညောင်လေးပင်)**

## ဖြည့်စွက်ဖတ်ရှုပါရန်

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ ရက်(ကြာသပတေးနေ့)ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၈ ပါ **သိပ္ပံစာရေးဆရာကိုကိုအောင်** ၏ **ကောင်းဆိုးနှစ်ဖြာ အဏုမြူနည်းပညာ၊ အပိုင်း(၁၂) အဏုမြူအမှိုက်များအား စနစ်တကျစွန့်ပစ်ခြင်း** ဆောင်းပါး ကော်လံ ၂ တွင် "အလားတူ အနာဂတ်ကာလ၏ အာကာသဆိုင်ရာစီမံကိန်းများနှင့် နေစကြဝဠာ အဖွဲ့အစည်းအတွင်း၌ လူသားတို့ အခြေချနေထိုင်နိုင်မည့် နယ်မြေသစ်ရှာဖွေချဲ့ထွင်ရေးလုပ်ငန်းစဉ်များ တစ်လျှောက်လုံးတွင်လည်း အဆင့်မြင့်အဏုမြူနည်းပညာက ထက်ကြပ်မကွာ ယှဉ်တွဲလိုက်ပါ ဖြည့်ဆည်းနေရဦးမည်ဖြစ်သည်" ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

**(စာတည်း)**

## ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ဆင်းရဲချို့တဲ့မိသားစုများအား ဆန်နှင့်ပဲဆီများ ထောက်ပံ့

**ဟားခါး အောက်တိုဘာ ၅**

ချင်းပြည်နယ် ဟားခါးမြို့ ဈေးသစ်ရပ်ကွက်ရှိ ဆင်းရဲချို့တဲ့ပြီး မိသားစုဝင်ကလေးများသော အိမ်ထောင်သည်များအား ဆန်နှင့်ပဲဆီသန့်များကို ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က အောက်တိုဘာ ၃ ရက်တွင် ရပ်ကွက်အတွင်း တစ်အိမ်တက်ဆင်း လှည့်လည်၍ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဥမ္မာဆွေနှင့် ခရိုင်နှင့် မြို့နယ်အဖွဲ့ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များက ဟားခါးမြို့ ဈေးသစ်ရပ်ကွက်ရှိ ဒေသခံပြည်သူများမှ ဆင်းရဲချို့တဲ့သော မိသားစုဝင်များထံ တစ်အိမ်တက်ဆင်းလှည့်လည်၍ နှစ်သိမ့်အားပေးကာ လိုအပ်ချက်များကိုလည်း မေးမြန်းပြီး ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆန်နှင့် ဆီများ ထောက်ပံ့ပေးအပ်မှုကို ဈေးသစ်ရပ်ကွက်တွင်သာမက ဟားခါးမြို့ အမှတ်(၆)ရပ်ကွက်ရှိ ဆင်းရဲချို့တဲ့သော မိသားစုဝင်များအတွက်လည်း အလားတူဆက်လက် ကူညီထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# အိုင်ယာလန်ကို ကျော်ဖြတ်မယ့် ဂျာမနီနဲ့ ဒိန်းမတ်ကို ရင်ဆိုင်ရမယ့် ပေါ်တူဂီတို့ရဲ့ ယူရို ၂၀၁၆ ခြေစစ်ပွဲ

မိုးမြင့်လင်းလက်



ယူရို ၂၀၁၆ ခြေစစ်ပွဲတွေကို လာမယ့် အောက်တိုဘာ ၈ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားဖို့ ရှိနေတာမို့ အသင်းကြီးတွေ ပြင်ဆင်မှုပြုလုပ်နေကြပြီဖြစ်ပါတယ်။ ဒီတစ်ပတ်မှာတော့ အုပ်စု(D)က အိုင်ယာလန်နဲ့ ဂျာမနီ၊ စကော့တလန်နဲ့ ပိုလန်၊ အုပ်စု(E)က မြောက်အိုင်ယာလန်နဲ့ ဂရိ၊ ရိုမေးနီးယားနဲ့ ဖင်လန်တို့ပွဲတွေက စိတ်ဝင်စားစရာကောင်းနေပါတယ်။ ဒ့ါအပြင် အုပ်စု (I) က ပေါ်တူဂီနဲ့ ဒိန်းမတ်တို့ပွဲစဉ်ကလည်း အကြိတ်အနယ်ရှိလာဦးမှာဖြစ်လို့ ပွဲကောင်းတွေအဖြစ် မြင်တွေ့ရပါဦးမယ်။

**အိုင်ယာလန်နှင့် ဂျာမနီ**

အုပ်စု(D)မှာ ဂျာမနီတို့က ရှစ်ပွဲကစားပြီးချိန်မှာ ၁၉ မှတ်နဲ့ အုပ်စုကို ဦးဆောင်နေပါတယ်။ အိုင်ယာလန်တို့ကလည်း ရှစ်ပွဲကစားပြီး ၁၅ မှတ်နဲ့ အုပ်စုတတိယနေရာမှာ ရပ်တည်နေတာမို့ ဒီပွဲမှာ ဂျာမနီတို့ ဖိဖိစီးစီးကစားမှု ရပါလိမ့်မယ်။ စကော့တလန်၊ ပိုလန်နဲ့ ဂျီဘရော်တာအသင်းတွေကို ဆက်တိုက်နိုင်ပွဲရယူထားတဲ့ ဂျာမနီကို အိုင်ယာလန်တို့ သေသေချာချာ ပြင်ဆင်ပြီး ကစားပါလိမ့်မယ်။ အိုင်ယာလန်တို့ကလည်း နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ ရှုံးပွဲမရှိအောင် ကစားထားတာမို့ ဒီပွဲမှာ ဂျာမနီကို အခက်တွေ့စေမှာပါ။ ဂျာမနီရဲ့ လက်ရှိကစားအားက အိုင်ယာလန်ကို ကျော်လွှားသွားပါလိမ့်မယ်။

**စကော့တလန်နှင့် ပိုလန်**

အုပ်စု(E)မှာ ဒုတိယနေရာမှာ ရပ်တည်နေတဲ့ ပိုလန်တို့ကတော့ နိုင်ပွဲရအောင် အားထုတ်မှာ သေချာပါတယ်။ ပိုလန်ဟာ ဂရိကို သရေကျပြီး ဂျာမနီကို ရှုံးခဲ့ပေမယ့် ဂျီဘရော်တာကို နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရအောင် ကစားထားပါတယ်။ ရှုံးပွဲတွေ ဆက်တိုက်ကြုံတွေ့နေရတဲ့ စကော့တလန်တို့ကတော့ ဒီပွဲမှာ အနိမ့်ဆုံးသရေပွဲရအောင်ကြိုးစားပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ရလဒ်ကိုကြည့်ရင် နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့တာမို့ လက်ရှိခြေစွမ်းအရ ပိုလန်ရဲ့ စွမ်းဆောင်မှုတွေက နိုင်ပွဲကို သိမ်းပိုက်နိုင်ပါလိမ့်မယ်။

**ရိုမေးနီးယားနှင့် ဖင်လန်**

အုပ်စု(E)မှာ ရှစ်ပွဲကစားပြီးချိန်အထိ ရှုံးပွဲမရှိသေးတဲ့ ရိုမေးနီးယားတို့ဟာ အခုတလော နိုင်ပွဲတွေဆက်နေတဲ့ ဖင်လန်ကို အကြိတ်အနယ်ကစားရမှာဖြစ်ပါတယ်။ ရိုမေးနီးယားတို့က ဂရိ၊ ဟန်ဂေရီနဲ့ မြောက်အိုင်ယာလန်အသင်းတွေကို ဆက်တိုက် ဂိုးမရှိ သရေပွဲတွေဖြစ်ထားတာမို့ ဒီပွဲမှာ သတိထား ကစားရပါလိမ့်မယ်။ ပထမအကျော့ ဖင်လန်ကွင်းမှာ နှစ်ဂိုးပြတ် အနိုင်ရထားတဲ့ ရိုမေးနီးယားတို့ အခုပွဲမှာ အဲဒီရလဒ်ထွက်ပေါ်ဖို့ ခက်ခဲပါလိမ့်မယ်။

**ပေါ်တူဂီနှင့် ဒိန်းမတ်**

အုပ်စု(I)မှာ ခြောက်ပွဲကစားပြီး ၁၅ မှတ်နဲ့ ထိပ်ဆုံးက ဦးဆောင်နေတဲ့ ပေါ်တူဂီတို့ဟာ ခုနစ်ပွဲကစားပြီး ၁၂ မှတ်ရနေတဲ့ အုပ်စု ဒုတိယနေရာက ဒိန်းမတ်တို့ရဲ့ ပွဲကတော့ အကြိတ်အနယ်ရှိပါလိမ့်မယ်။ ပထမအကျော့ ဒိန်းမတ်ကွင်းမှာ ကစားခဲ့တုန်းက ပေါ်တူဂီတို့က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ထားတာမို့ အခုပွဲ ပေါ်တူဂီကွင်းမှာ ဒိန်းမတ်တို့ ပိုမိုခက်ခဲတဲ့ ရင်ဆိုင်မှုနဲ့ ကြုံတွေ့ရပါလိမ့်မယ်။ လောလောဆယ် အယ်လ်ဘေးနီးယားကိုအနိုင်ကစားထားတဲ့ ပေါ်တူဂီတို့ဟာ သရေပွဲတွေ ဆက်တိုက်ဖြစ်နေတဲ့ ဒိန်းမတ်ကို နိုင်ပွဲရအောင် စွမ်းဆောင်ဦးမှာဖြစ်ပါတယ်။ အာမေးနီးယားနဲ့ အယ်လ်ဘေးနီးယားအသင်းတွေကို ဂိုးမရှိသရေပွဲ ကစားခဲ့တဲ့ ဒိန်းမတ်အတွက် ဒီပွဲမှာ အနိုင်ရလဒ်ကို မျှော်လင့်လို့မရနိုင်တဲ့ အနေအထားဖြစ်ပါတယ်။

**အယ်လ်ဘေးနီးယားနှင့် ဆာဗီးယား**

အုပ်စု(I)မှာ ခြောက်ပွဲကစားပြီး တစ်ပွဲသာ အနိုင်ရထားတဲ့ ဆာဗီးယားအတွက် မျှော်လင့်ချက်တွေ ဆိတ်သုဉ်းနေပြီဖြစ်ပါတယ်။ အယ်လ်ဘေးနီးယားတို့ကတော့ ပေါ်တူဂီကို ရှုံးခဲ့ပေမယ့် ဒိန်းမတ်ကို သရေကစားနိုင်တဲ့ ခြေစွမ်းရှိသလို ပြင်သစ်ကိုလည်း အနိုင်ရအောင်ကစားခဲ့တာမို့ ခြေစွမ်းပိုင်းကိုလျှော့တွက်လို့မရပါဘူး။ ဒီပွဲမှာ ပုံမှန်ခြေစွမ်း ပြန်ရလာတဲ့ အယ်လ်ဘေးနီးယားတို့ နိုင်ပွဲရသွားနိုင်တဲ့ အခွင့်အရေး ရှိနေပါတယ်။



## အဆုံးသတ်သေချာမှုကို ပြသသွားတဲ့ အဂူရို

ပရီမီယာလိဂ်မှာ အဆုံးသတ် အသေချာဆုံး တိုက်စစ်မှူးတွေထဲမှာ အဂူရိုဟာ နံပါတ်တစ်ပါပဲလို့ မန်ယူနောက်တန်းကစားသမားဟောင်း ဖာဒီနန်က မကြာသေးမီက ပြောဆိုခဲ့ပါတယ်။ အဂူရိုပြီးရင် လီဗာပူးတိုက်စစ်မှူး စတာရစ်ဟာ အဆုံးသတ်သေချာတဲ့ တိုက်စစ်မှူးလို့ ဆိုပါတယ်။ အဂူရိုဟာ အဆုံးသတ်သေချာတဲ့ တိုက်စစ်မှူးအဖြစ် နယူးကာဆယ်နဲ့ ကစားတဲ့ ပရီမီယာလိဂ်ပွဲစဉ်(၈)မှာ သက်သေပြလိုက်ပြီဖြစ်ပါတယ်။ ဒီပွဲမှာ မန်စီးတီးကနယူးကာဆယ်ကို ခြောက်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့ပြီး အဂူရိုက တစ်ဦးတည်း ငါးဂိုးသွင်းယူခဲ့တာဖြစ်ပါတယ်။ အဂူရိုဟာ ဒီပွဲမှာ ဂိုးတွေကို ကြုံသလို သွင်းယူနိုင်ခဲ့တာကို တွေ့ရပါတယ်။ တိုက်စစ်မှူး အဂူရိုဟာ ပြိုင်ဘက်အသင်းက နောက်တန်းကစားသမားတွေနဲ့ ဂိုးသမားရဲ့ အားနည်းချက်တွေကို လျှပ်တစ်ပြက်အသုံးချပြီး မထင်မှတ်ဘဲ ဂိုးတွေကို သွင်းယူသွားခဲ့တာဖြစ်ပါတယ်။ အဂူရိုဟာ အလွန်လျှင်မြန် ဖျတ်လတ်စွာ ကစားနိုင်သလို မှန်ကန်တဲ့ လျှပ်တစ်ပြက် ဆုံးဖြတ်ချက်ကို ချနိုင်တဲ့အတွက် ဂိုးတွေကို စိတ်ရှိတိုင်း သွင်းယူနိုင်တဲ့ တိုက်စစ်မှူးအဖြစ် တွေ့ရပါတယ်။ အဂူရိုကို ဂိုးတွေ သွင်းယူနိုင်အောင် အဓိက ပံ့ပိုးနေတဲ့ တိုက်စစ်မှူးဟာ မကြာသေးမီက ခေါ်ယူခဲ့တဲ့ ဒီဘရိုင်းပဲ ဖြစ်ပါတယ်။ ဒီဘရိုင်းဟာလည်း အလွန်ကောင်းတဲ့ တိုက်စစ်မှူးဖြစ်တဲ့အတွက် မန်စီးတီးဟာ ချန်ပီယံဖြစ်နိုင်တဲ့ ခြေစွမ်းကို ရရှိထားတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

## အာစင်ဝင်းဂါးလည်း လက်ရှိနည်းပြသက်တမ်းကုန်ရင် နုတ်ထွက်ဖို့ပြောပြီ



အာစင်ဝင်းဂါးဟာ အာဆင်နယ်နည်းပြသမိုင်းမှာ အအောင်မြင်ဆုံး နည်းပြဖြစ်ပါတယ်။ သို့ပေမယ့် ရှုံးပွဲတွေ များနေတဲ့အတွက် နုတ်ထွက်ဖို့ ဖိအားပေးခံနေရပါတယ်။ ကျွန်တော် နုတ်ထွက်မှာပါ။ ဒါပေမယ့် နည်းပြ သက်တမ်းကုန်အောင်တော့ အချိန်ပေးစေချင်ပါတယ်။ နည်းပြဖာဂူဆန်တို့လို အနားယူတဲ့ ပုံစံမျိုးနဲ့ ထွက်သွားချင်တယ်လို့ ဆိုပါတယ်။

ကျွန်တော်အနားယူဖို့ မစိုးရိမ်ကြပါနဲ့ ကျွန်တော်နားဖို့ စဉ်းစားထားပါပြီလို့ အာဆင်နယ် အသင်းမှာ ၁၉ နှစ်ကြာ နည်းပြလုပ်ခဲ့တဲ့ ဝင်းဂါးက ဆိုပါတယ်။ အသက် ၆၆ နှစ်အရွယ်ရှိနေပြီဖြစ်တဲ့ အာစင်ဝင်းဂါးဟာ လာမယ့်နှစ်မှာ အနားယူဖွယ်ရှိနေတယ်လို့ဆိုပါတယ်။ အာဆင်နယ်အသင်းနဲ့အတူ အောင်မြင်မှုတွေရခဲ့တဲ့ ဝင်းဂါးဟာ လာမယ့်ရာသီမှာ အနားယူဖို့ ဖြစ်လာနိုင်တယ်လို့ အာဆင်နယ်ပရိသတ်တွေက ဆိုပါတယ်။

## ချယ်လ်ဆီးက အလိုမရှိတော့ရင် ကျွန်တော့်ကို အလုပ်ဖြုတ်ပါလို့ ပြောတဲ့ မော်ရင်ညို



ချယ်လ်ဆီးအသင်း တာဝန်ရှိသူတွေအနေနဲ့ အလိုမရှိတော့ဘူးလို့ ယူဆတယ်ဆိုရင် အလုပ်ဖြုတ်လိုက်ပါတော့လို့ နည်းပြ မော်ရင်ညိုက ဆိုပါတယ်။ ကျွန်တော့်အနေနဲ့တော့ နုတ်ထွက်မှာတော့ မဟုတ်ပါဘူး။ အသင်းက ဖြုတ်မယ်ဆိုရင်တော့ ထွက်ဖို့အသင့်ပါပဲလို့ မော်ရင်ညိုက ဆိုပါတယ်။

ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးဟာ ပွဲစဉ်(၈)အဖြစ် ဆောက်သမ်တန်နဲ့ ကစားတဲ့ အိမ်ကွင်းမှာ သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်သွားခဲ့ပါတယ်။ ဒီကိစ္စကို ကျွန်တော် ရှင်းရှင်းလင်းလင်း သိချင်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ချယ်လ်ဆီးနဲ့ ခွဲမသွားချင်ပါဘူးလို့ မော်ရင်ဟိုက ဆိုပါတယ်။

ချယ်လ်ဆီးအသင်းဟာ လက်ရှိအချိန်မှာ နယူးကာဆယ်ကို ခြောက်ဂိုး-တစ်ဂိုးနဲ့နိုင်ပြီး ဇယားထိပ်ရောက်နေတဲ့ မန်စီးတီး နောက်မှ ၁၀ မှတ်ပြတ်ကာ ဇယားနံပါတ် ၁၆ နေရာမှာ ရပ်တည်နေပါတယ်။ ချန်ပီယံဖြစ်ဖို့ဆိုတာ အတော်ခက်ခဲသွားပြီလို့လည်း မော်ရင်ညိုက ဆိုပါတယ်။ သို့ပေမယ့် ချယ်လ်ဆီးအသင်းဟာ ယခုနှစ် ရာသီမှာ ရှုံးပွဲ လေးပွဲ ကြုံခဲ့ရပေမယ့် ထိပ်ဆုံး လေးနေရာတော့ ရောက်နိုင်သေးတယ်လို့ ဆိုပါတယ်။

ကောင်းမြတ်သူ – စုစည်းသည်

# ရထားလမ်းဖောက်ရာတွင် ပါသည့်လယ်ယာမြေများအတွက် လျော်ကြေးငွေပေး

**ပွင့်ဖြူ အောက်တိုဘာ ၅**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ပွင့်ဖြူမြို့နယ်အတွင်း ကြံခင်း-ပခုက္ကူ ရထားလမ်းပိုင်းဖောက်လုပ်ရာတွင် ပါဝင်ခဲ့သော ကျေးလက်နေ တောင်သူများ စိုက်ပျိုးလျက်ရှိသည့် လယ်ယာ၊ ကိုင်းမြေများအတွက် မြေယာလျော်ကြေးငွေနှင့် သီးနှံလျော်ကြေးငွေများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂ ရက်က ပေးအပ်သည်။

မြေယာလျော်ကြေးငွေပေးရာတွင် လယ်တစ်ဧကလျှင်ကျပ် ၁၉ သိန်းနှင့် သီးနှံလျော်ကြေးကျပ်ခြောက်သိန်းဖြင့် စုစုပေါင်း ၂၅ သိန်းနှုန်း၊ ယာမြေတစ်ဧကလျှင် ၁၅ သိန်းနှင့် သီးနှံလျော်ကြေးကျပ် ၆၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ၂၁၃၀၀၀၀ နှုန်း၊ ကိုင်းမြေတစ်ဧကလျှင်ကျပ် ၁၇ သိန်းနှင့် သီးနှံလျော်ကြေးကျပ် ၆၇၅၀၀၀ နှုန်းဖြင့် စုစုပေါင်းကျပ် ၂၃၇၅၀၀၀ နှုန်းဖြင့် ပေးချေခဲ့ကြောင်း သိရသည်။ မြေယာလျော်ကြေးပေးခဲ့သော ကျေးရွာအုပ်စုများမှာ လယ်ကိုင်း၊ လယ်လှကုန်း၊ ကံသာကြီး၊ ညောင်ပင်ရွာ၊ လက်ခုပ်၊ သရက်အုပ်၊ ဥယျာဉ်ကျစ် ကျေးရွာအုပ်စုများဖြစ်ပြီး တောင်သူ ၂၃၁ ဦး၏ မြေယာဧကစုစုပေါင်း ၁၅၆ ဒသမ ၄၄ ဧကအတွက် လျော်ကြေးငွေကျပ် ၃၈၀၆ သိန်းကျော်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

လျော်ကြေးငွေများပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဦးဆွေက အမှာစကားပြောကြားပြီး မြန်မာ့မီးရထား လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) ဦးဝင်းထွန်းက မြေယာလျော်ကြေး ပေးချေခြင်းပတ်သက်၍လည်းကောင်း၊ လယ်ယာ၊ ကိုင်းမြေများကို ဧကအလိုက် နှုန်းထားသတ်မှတ်မှုများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာအုပ်စုများအလိုက် သီးနှံနှင့် မြေယာလျော်ကြေးငွေများကို ကျေးရွာအုပ်စုအလိုက် ကိုယ်စားပြုတောင်သူများထံ ပေးအပ်ခဲ့သည်။

**တင်ထွန်းဦး(မင်းဘူး)**



## သွေးလွန်တုပ်ကွေးကာကွယ်ရေး ဆောင်ရွက်

**တာချီလိတ် အောက်တိုဘာ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့နယ်စည်ပင်သာယာရေးကော်မတီက ဦးဆောင်၍ ကြက်ခြေနီတပ်ဖွဲ့၊ ရွှေတာချီခရီးသွားလုပ်ငန်းနှင့် ပညာရေးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် တာချီလိတ် အခြေခံပညာအထက်တန်းကျောင်းနှင့် ပုန်းထွန် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များ၌ ကျောင်းသား ကျောင်းသူများ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုမရှိစေရေးအတွက် စက်တင်ဘာ ၄ ရက်က ခြင်ဆေးများဖျန်းခဲ့ကြောင်း သိရသည်။

ခြင်ဆေးဖျန်းခြင်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းကျော်ဇံ၊ အတွင်းရေးမှူးဦးကျော်ဇင်၊ အင်ဂျင်နီယာမှူးဦးလှမျိုး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ အဖွဲ့ဝင်များ၊ ခရိုင်ကြက်ခြေနီတပ်ဖွဲ့ဦးစီးမှူး (ဒုတိယတန်း) ဦးဘမိုးမြင့်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးစိန်ထွန်းလှနှင့် ကျောင်းများမှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာမကြီးများ၊ ရွှေတာချီခရီးသွားလုပ်ငန်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပူးပေါင်းကူညီဆောင်ရွက်ခဲ့သည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ကျေးရွာများ၌ ရေမီတာသုံး ရေပေးဝေရေးစနစ်ဆောင်ရွက်ရန် စစ်တမ်းကောက်ယူနေ

**ညောင်ဦး အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်း ကျေးရွာများ၌ ရေမီတာသုံး ရေပေးဝေရေးစနစ်ဆောင်ရွက်ရန်အတွက် လက်ရှိရေရရှိမှု အခြေအနေအပါအဝင် အချက်အလက်များကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စစ်တမ်းကောက်ယူလျက်ရှိကြောင်း သိရသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ SAE ဒေါ်သူဇာနွယ်နှင့် ဝန်ထမ်းများက ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရာအိမ်မှူးများကိုတွေ့ဆုံ၍ ရေမီတာသုံးရေပေးဝေရေးစနစ် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်အတွက် ကျေးရွာများတွင် ယခုလက်ရှိ ရေရယူသုံးစွဲနေသည့် ပုံစံစနစ်များ၊ ရေတင်စနစ်များ၊ ရေတင်စနစ်နှင့် ဆက်သွယ်သည့်အနေအထား၊ ပေအကွာအဝေး၊ ကျေးရွာမြေပုံ၊ မြေအနိမ့်အမြင့်၊ ကျေးရွာ၏ ရေသုံးစွဲမှုပုံစံစသည့် အချက်များကို စစ်တမ်းကောက်ယူခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ စစ်တမ်းကို အောက်တိုဘာလ ပထမပတ်အတွင်း အပြီးသတ်ကောက်ယူသွားမည်ဖြစ်ကြောင်း၊ ယခုဆောင်ရွက်မည့် စီမံကိန်းသည် ၁၅ နှစ်စီမံကိန်းဖြစ်ပြီး ကျေးရွာနှင့် ယူနီဆက်ဖ်တို့မှ ပူးပေါင်းလုပ်ဆောင်သည့်အတွက် စီမံကိန်းဆောင်ရွက်သည့် ငွေကုန်ကျမှုအတွက် ကျေးရွာမှလည်း ပါဝင်အကုန်အကျခံရမည်ဖြစ်ကြောင်း၊ ကျေးရွာမှစိုက်ထည့်ပါဝင်နိုင်မည့် ငွေအနေအထားအပေါ်မူတည်ပြီး စီမံကိန်းကို လျင်မြန်စွာအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းတည်ဆောက်ခြင်းလုပ်ငန်းကို အပိုင်းသုံးပိုင်းခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ ပထမကာလ၊ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ဒုတိယကာလနှင့် ၂၀၂၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ တတိယကာလဟု နှစ်ပိုင်းခြားသတ်မှတ်ကာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း SAE ဒေါ်သူဇာနွယ်၏ ရှင်းလင်းပြောကြားချက်အရ သိရသည်။

ရေပေးဝေရေးစစ်တမ်းကောက်ယူရာတွင် စီမံကိန်းကိုဆောင်ရွက်ရန်အတွက် ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများအများစုက စိတ်ဝင်စားခဲ့ကြောင်း၊ နွေရာသီတွင် သောက်သုံးရေရှားပါးသော ကျေးရွာများနှင့် ယခုလက်ရှိတွင် စက်ရေတွင်းနှင့် ရေကန်များအသုံးပြုနေသော ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများအများစုက စီမံကိန်းပထမကာလအမီ ဆောင်ရွက်ရန် စာရင်းပေးသွင်းသူများပြောခဲ့ကြောင်း သိရသည်။

**ကျော်ဌေး(ညောင်ဦး)**

## လက်သမားနှင့် ပန်းရံသင်တန်း(၈/၂၀၁၅)ဖွင့်

**ဒီမောဆို အောက်တိုဘာ ၅**

ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာပြီး ဆင်းရဲမှုလျှော့ချနိုင်ရန်အတွက် အသက်မွေးဝမ်းကျောင်းပညာသင်တန်းအမျိုးမျိုးကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာများ၌ ဖွင့်လှစ်ပေးလျက်ရှိရာ ဒီမောဆိုမြို့နယ်၊ ပန်ပက်ကျေးရွာအုပ်စု ပန်ပက်ရွမ်းကူကျေးရွာ၌ အခြေခံလက်သမားနှင့် ပန်းရံသင်တန်းကို အောက်တိုဘာ ၂ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းသို့ ပန်ပက်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ လက်သမား၊ ပန်းရံပညာကို စိတ်ပါဝင်စားသော သင်တန်းသား ၃၀ တက်ရောက်ပြီး သင်တန်းကို အောက်တိုဘာ ၈ ရက်အထိ တစ်ပတ်ကြာဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ သင်တန်းဖွင့်ပွဲသို့ ဒီမောဆိုမြို့နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်မေရီယန်၊ လွိုင်ကော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိဦးကျော်သူရနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

# အခြေခံပညာ အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲကျင်းပ

**လွိုင်ကော် အောက်တိုဘာ ၅**

မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အခြေခံပညာ အလယ်တန်းအဆင့် (ပဥ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်း) ကျောင်းသား ကျောင်းသူများ၏ ပန်းချီစွမ်းရည်တိုးတက် စေရန်ရည်ရွယ်၍ တယ်လီနောမြန်မာနှင့် ပညာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် အခြေခံပညာအလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲကို ကယားပြည်နယ် လွိုင်ကော်မြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ အောက်တိုဘာ ၄ ရက်က ကျင်းပခဲ့သည်။



ပြိုင်ပွဲသို့ ကယားပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ ၄၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ အဆိုပါ ပန်းချီပြိုင်ပွဲ ပဏာမရွေးချယ်မှုကို ပြည်နယ်တစ်ခုစီမှ ပြိုင်ပွဲဝင် ၄၅ ဦးဖြင့် သက်ဆိုင်ရာမြို့နယ်များတွင် ကျင်းပမှာဖြစ်ကြောင်း၊ ဆက်လက်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ၂၀ ကို အတည်ပြုရွေးချယ်ကာ ရန်ကုန်မြို့ရှိ နိုင်ငံခြားပန်းချီသင်တန်းကျောင်းတွင် ပန်းချီပညာရပ်ကို တစ်ပတ်ကြာပို့ချမှာသွားမည်ဖြစ်ကြောင်း၊ ထို့နောက် နောက်ဆုံးအဆင့်အဖြစ် ၁၂ ဦးကို ထပ်မံရွေးချယ်ပြီး ဆုရရှိသူများအား ဆုများကို ထိုက်တန်စွာချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲနောင်(လွိုင်ကော်)**

## ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ကဗျာပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

**ဂန့်ဂေါ အောက်တိုဘာ ၅**

ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ကဗျာပြိုင်ပွဲနှင့် ဆုပေးပွဲကို ဂန့်ဂေါမြို့နယ် ရှုံးရှီရွာ အခြေခံပညာအထက်တန်းကျောင်း ဖူးပွင့်ဝေစာကြည့်တိုက်ကော်မတီကကြီးမှူး၍ အောက်တိုဘာ ၃ ရက်က ကျင်းပခဲ့သည်။

ကဗျာပြိုင်ပွဲဖွင့်ပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးအုပ်စိုးက အမှာစကားပြောကြားပြီး ဥယျာဉ်မှူးဆရာ ခေါင်းစဉ်ဖြင့် ကဗျာပြိုင်ပွဲကိုကျင်းပခဲ့ သည်။ ပြိုင်ပွဲသို့ ကျောင်းသားကျောင်းသူ ၂၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အထက်တန်းအဆင့်တွင် နဝမတန်း(ဘီ)မှ မအေးငြိမ်းစိုးက ပထမ၊ အဋ္ဌမတန်း(အေ)မှ မဖြူစင်ရှင်းသန့်က ဒုတိယ၊ အဋ္ဌမတန်း(အေ)မှ မငြိမ်းငြိမ်းဌေးက တတိယ၊ အလယ်တန်းအဆင့်ပြိုင်ပွဲတွင် သတ္တမတန်း(အေ)မှ မရွှေစင်ထွန်းလွင်က ပထမ၊ ဆဋ္ဌမတန်း(အေ)မှ မောင်စိုးမင်းဦးက ဒုတိယနှင့် သတ္တမတန်း(အေ) မှ မောင်သန့်ဇော်ထွန်းတို့က တတိယဆုများရရှိခဲ့ကြောင်း သိရသည်။

**စိန်ကျော်(ဝါးဘိုးချောင်)**




# ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုဆိုင်ရာအတတ်ပညာသင်တန်း ဖွင့်လှစ်မည်

**မုံရွာ အောက်တိုဘာ ၅**

မြန်မာနိုင်ငံ၏ နိုင်ငံရေးကူးပြောင်းမှုကာလတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်နေကြသည့် ဦးစီးဌာနနှင့် လုပ်ငန်းအသီးသီးမှ အရာရှိများအား ပြည်သူဗဟိုပြုသည့် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုဆိုင်ရာ အတတ်ပညာများ ရရှိစေရေးအတွက် Civil Service Traing သင်တန်းကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဂျာမန်ဖောင်ဒေးရှင်း Konrad Adenauer Stiftung တို့ပူးပေါင်း၍ အောက်တိုဘာ ၅ ရက်က စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက "ယနေ့အချိန်က နိုင်ငံရေးကူးပြောင်းမှုကာလဖြစ်ပြီး အစိုးရသစ်လက်ထက်ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်တဲ့နေရာမှာ ထိရောက်မှုရှိခြင်းနဲ့ စွမ်းဆောင်ရည်ပြည့်ဝရေးဆိုတဲ့ အချက်တစ်ချက်ပါဝင်ပါတယ်။ ဒါ့အပြင် မိမိဌာနရဲ့ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ထိရောက်တဲ့ တစ်ခုတည်းသောနည်းလမ်းက ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုဆိုင်ရာ အတတ်ပညာများကို ကျွမ်းကျင်တတ်မြောက်ထားရန် လိုအပ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဦးစီးဌာနနဲ့ လုပ်ငန်းအသီးသီးမှ ညွှန်ကြားရေးမှူးတွေ၊ ဒုတိယညွှန်ကြားရေးမှူးတွေ၊ လက်ထောက်ညွှန်ကြားရေးမှူးတွေကို ဖိတ်ကြားပြီး သင်ကြားပေးသွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါသင်တန်းကို မုံရွာမြို့နယ် စီမံခန့်ခွဲမှုကော်မတီရုံးအစည်းအဝေးခန်းမ၌ ဖွင့်လှစ်ထားခြင်းဖြစ်ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၁၀ ရက်အထိဖြစ်ကြောင်းနှင့် သင်တန်းတွင် ပြည်တွင်းပြည်ပမှ နည်းပြဆရာသုံးဦးက သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ရှေးဟောင်းပစ္စည်း သက်တမ်း

**မောင်သာ(ရှေးဟောင်းသုတေသန)**

ယဉ်ကျေးမှုဖွံ့ဖြိုးသည့် လူမျိုးတိုင်းတွင် မိမိတို့၏ ယဉ်ကျေးမှုသမိုင်းကို ဖော်ညွှန်းသည့် ဒြပ်မဲ့ဒြပ်ရှိများ ပိုင်ဆိုင်ကြမြဲဖြစ်သည်။ ဒြပ်မဲ့ပစ္စည်းဟူသည်မှာ ကိုင်တွယ်ထိတွေ့မရသည့် ဘာသာစကား၊ ထုံးတမ်းဓလေ့၊ အတီးအမှုတ်အကအခုန်၊ အနုပညာ၊ စာပေအရေးအသား စသည်တို့ဖြစ်ပြီး ဒြပ်ရှိပစ္စည်းဟူသည်ကား မြင်ရ၊ တွေ့ထိရသမျှသော ရုပ်ဝတ္ထုပစ္စည်းများ ဖြစ်ကြသည်။

နိုင်ငံတစ်ခု၏ ယဉ်ကျေးမှုသမိုင်းကြောင်းကို ဖော်ထုတ်ကြရာတွင် ရှေးဟောင်းသုတေသန ရှာဖွေတွေ့ရှိမှုများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ထို့ကြောင့်လည်း ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရှေးဟောင်း ဒြပ်ရှိ ဒြပ်မဲ့ပစ္စည်းများကို နည်းအသွယ်သွယ်ဖြင့် ရှာဖွေစုဆောင်းကာ ထိန်းသိမ်းထားကြသည်။ နိုင်ငံအသီးသီးသည် မိမိတို့နယ်မြေအတွင်း ဒြပ်ရှိပစ္စည်းများဖြစ်သည့် သေးငယ်သော အိုးကွဲစလေးများမှသည် ကြီးမားသော ရှေးဟောင်းအဆောက်အအုံများအထိ ဖော်ထုတ်ထိန်းသိမ်းစောင့်ရှောက်ကာ မိမိတို့၏ ယဉ်ကျေးမှု အဆင့်အတန်းကို ဂုဏ်ယူလေ့ရှိကြပေသည်။

မြန်မာနိုင်ငံ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် မူဝါဒသုံးရပ်၊ ရည်မှန်းချက် ၁၀ ချက်ချမှတ်လျက် လုပ်ငန်းစဉ်များရေးဆွဲကာ သမိုင်းဝင်ရှေးဟောင်းဒေသများ၊ အဆောက်အအုံများ၊ ရှေးဟောင်းပစ္စည်းများ၊ ယဉ်ကျေးမှုအမွေအနှစ်များကို ရှာဖွေဖော်ထုတ်၍ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်နေရာတွင် ရှေးဟောင်းသုတေသနဦးစီးဌာနက ရှေးဟောင်းပစ္စည်းများအား တူးဖော်စုဆောင်းသကဲ့သို့ အများပြည်သူများထံတွင် ရောက်ရှိနေသည့် ရှေးဟောင်းပစ္စည်းများကိုလည်း စုဆောင်းလျက်ရှိသည်။ ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ရှေးဟောင်းပစ္စည်းများ လာရောက်အပ်နှံသည့် ပြည်သူများကို ရုပ်ဝတ္ထုပစ္စည်း၏ ကာလတန်ဖိုးအပြင် ရှေးဟောင်းခေတ်ကာလနှင့် ယဉ်ကျေးမှုတန်ဖိုးများပေါင်းကာ မူလတန်ဖိုး၏ ၃၀၀ ရာခိုင်နှုန်းအထိ ထပ်ဆောင်းချီးမြှင့်ပေးလျက်ရှိသည်။

ရှေးဟောင်းပစ္စည်းများ၏ သက်တမ်းကို ရှာဖွေဖော်ထုတ်ရာတွင် ခေတ်ကာလကိုတွက်ချက်၍ ယဉ်ကျေးမှု တန်ဖိုးသတ်မှတ်သည်။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနတွင် ခေတ်မီနည်းပညာ တစ်ခုဖြစ်သည့် အပူလှိုင်းဖြင့် သက်တမ်းတွက်ချက်သည့် (Thermoluminesence) စက်များ မှာယူထားပြီးဖြစ်သဖြင့် အချို့သော ရှေးဟောင်းပစ္စည်းများ၏ သက်တမ်းကို ပြည်တွင်းမှာပင် တွက်ချက်နိုင်တော့မည်ဖြစ်သည်။

ယနေ့ ကမ္ဘာပေါ်တွင် ရှေးဟောင်းရုပ်ဝတ္ထုပစ္စည်းများကို သက်တမ်းတွက်ချက်မှု(Dating) ပြုလုပ်ရာတွင် ယေဘုယျအားဖြင့် နည်းလမ်းနှစ်သွယ်ကို အသုံးပြုကြသည်။ ယင်းတို့သည် သိပ္ပံနည်းကျသက်တမ်းဖော်ထုတ်မှု (Absolute Dating)နှင့်ဆက်စပ်သက်တမ်းဖော်ထုတ်မှု(Relative Dating) တို့ဖြစ်ရာ သိပ္ပံနည်းကျ သက်တမ်းရှာဖွေသည့်စနစ်ကို အများဆုံးအသုံးပြုကြသည်။

ရှေးဟောင်းပစ္စည်းများအား ဆက်စပ်မှုဖြင့် သက်တမ်း ဖော်ထုတ်ရာတွင် တွေ့ရှိသည့်နေရာ၊ ပစ္စည်း၏ ပုံပမ်းသဏ္ဌာန်၊ လက်ရာနှင့် မွမ်းမံထားမှု၊ ခေတ်ပြိုင်တွေ့ရှိမှု စသည့်အချက်များကိုများကို အခြေတည်ကာ ကျွမ်းကျင်သော ရှေးဟောင်းသုတေသန ပညာရှင်များက ခန့်မှန်းတွက်ချက်လေ့ ရှိကြသည်။ ပစ္စည်းများရရှိခဲ့သည့် မြေလွှာကို ကြည့်၍လည်း သက်တမ်းကို ခန့်မှန်းကြသည်။

**ကာဗွန် ၁၄ နည်းပညာ**

ရှေးဟောင်းရုပ်ဝတ္ထု ပစ္စည်းများ၏ သက်တမ်းကို သိပ္ပံနည်းကျ ရှာဖွေဖော်ထုတ်မှုတွင် ခေတ်မီသိပ္ပံဓာတ်ခွဲခန်းများကို အသုံးပြုကြရသည်။ ယင်းတို့အနက် ရေဒီယိုကာဗွန် ၁၄ နည်းပညာကို အများဆုံးအသုံးပြုသည်။ ယင်း ကာဗွန် ၁၄ နည်းပညာကို ၁၉၄၈ ခုနှစ်တွင် အမေရိကန်သိပ္ပံပညာရှင် Willard F Libby က ဖော်ထုတ်ခဲ့သည်။

**ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရှေးဟောင်း ဒြပ်ရှိဒြပ်မဲ့ပစ္စည်းများကို နည်းအသွယ်သွယ်ဖြင့် ရှာဖွေစုဆောင်းကာ ထိန်းသိမ်းထားကြသည်။ နိုင်ငံအသီးသီးသည် မိမိတို့နယ်မြေအတွင်း ဒြပ်ရှိပစ္စည်းများဖြစ်သည့် သေးငယ်သော အိုးကွဲစလေးများမှသည် ကြီးမားသော ရှေးဟောင်းအဆောက်အအုံများအထိ ဖော်ထုတ်ထိန်းသိမ်းစောင့်ရှောက်ကာ မိမိတို့၏ ယဉ်ကျေးမှု အဆင့်အတန်းကို ဂုဏ်ယူလေ့ရှိကြပေသည်. . .**

ကမ္ဘာ့လေထုအတွင်းရှိနေသည့် ကာဗွန် ၁၄ ရေဒီယိုဓာတ်သတ္တိကြွ အိုင်ဆိုတုပ်သည် အောက်ဆီဂျင်နှင့်ပေါင်းကာ ကာဗွန်ဒိုင်အောက်ဆိုက် ဖြစ်လာသည်။ သက်ရှိနှင့် အပင်များအားလုံးသည် လေထုအတွင်းရှိနေသော ကာဗွန်ကို သေဆုံးချိန်အထိ စုပ်ယူကြသဖြင့် ကာဗွန်ဒိုင်အောက်ဆိုက်သည် ကမ္ဘာပေါ်တွင် ရှိရှိသမျှသော သက်ရှိများ၏ ခန္ဓာကိုယ်အတွင်းနှင့် အပင်အားလုံးထဲသို့ ရောက်ရှိနေသည်။ သက်ရှိများ သေဆုံးချိန်မှစတင်၍ ယင်းတို့ ခန္ဓာကိုယ် အစိတ်အပိုင်းများတွင်ရှိနေသော ကာဗွန်များသည် သက်တမ်းဝက်နှုန်းဖြင့် စတင်ပြိုကွဲသည်။ သေဆုံးပြီး ၅၅၆၈ နှစ်အကြာတွင် သေဆုံးချိန်က ခန္ဓာကိုယ်အတွင်းရှိခဲ့သည့် ကာဗွန် ၁၄ သည် တစ်ဝက်ခန့်သာကျန်ရှိပြီး နှစ် ၁၁၁၃၆ တွင် လေးပုံတစ်ပုံသာ ကျန်ရှိသည်။ ယင်းနှုန်းဖြင့် ကာဗွန် ၁၄ သည် ပျက်စီးလျော့ပါးလာခဲ့ရာ နှစ်ပေါင်း ၄၀၀၀၀ ကြာသောအခါ ကာဗွန်ကြွင်းကျန်မှု အလွန်နည်းပါးသွားသဖြင့် တိုင်းထွာ၍ မရနိုင်တော့ချေ။



ထိုသို့ ပျက်စီးနေသည့် ကာဗွန် ၁၄ များအနက် ကြွင်းကျန်နေသည့်ကာဗွန်ကို ဓာတ်ခွဲခန်းတွင် စစ်ဆေးတွက်ချက်ခြင်းဖြင့် ထိုသက်ရှိနှင့် အပင်ရုပ်ကြွင်းများ၏သက်တမ်းကို ဖော်ထုတ်နိုင်သည်။ ကာဗွန် ၁၄ နည်းပညာသည် တစ်ချိန်က သက်ရှိများနှင့် အပင်များ ဖြစ်ခဲ့ကြသည့် မီးသွေး၊ အရိုး၊ သစ်သား၊ သစ်စေ့၊ အစွယ်၊ သွားအစရှိသည့် ဝတ္ထုပစ္စည်းများ၏ သက်တမ်းကိုဖော်ထုတ်ရာတွင် အလွန်ထိရောက်သည်။ ဤနည်းကိုအသုံးပြုကာ ပြဒါးလင်းဂူမှ မီးသွေးနှင့် အရိုးစများကိုစစ်ဆေးကာ သက်တမ်းနှစ် ၁၁၀၀၀ မှ ၆၅၇၀ အတွင်းဖြစ်ကြောင်း ဖော်ထုတ်ပေးနိုင်ခဲ့သည်။ သို့သော်လည်း ကာဗွန် ၁၄ နည်းပညာသည် သက်တမ်း နှစ်ပေါင်းငါးသောင်းအထက် ရှေးဟောင်းပစ္စည်းများကိုမူ သက်တမ်း မတွက်ချက်နိုင်သည့်အပြင် ယင်းနည်းပညာကိုအသုံးပြုရာတွင် အားနည်းချက်အချို့ ရှိနေသေးသဖြင့် တိကျသော အဖြေထွက်နိုင်ရန် ကြိုးပမ်းနေဆဲဖြစ်သည်။

**ပိုတက်စီယမ်အာဂွန် နည်းပညာ**

ကာဗွန် ၁၄ နည်းပညာသည် နှစ်ပေါင်း ၄၀၀၀၀ ထက်လွန်သော ရှေးဟောင်းပစ္စည်းများကို သက်တမ်းမတွက်ချက်နိုင်သဖြင့် နှစ် ၄၀၀၀၀ ကျော် သက်တမ်းရှိသော ရှေးဟောင်းပစ္စည်းများ၏ သက်တမ်းကိုဖော်ထုတ်ရန် ပိုတက်စီယမ်အာဂွန် နည်းပညာကို အသုံးပြုကြသည်။ ပိုတက်စီယမ်သည် အနုမြူဓာတ်သတ္တိကြွ ဒြပ်စင် K40 ဖြစ်သည်။ ယင်းပိုတက်စီယမ်သည်လည်း နှုန်းသေတစ်ခုဖြင့် တစ်စတစ်စပြိုကွဲကာ အာဂွန် ၄၀ ဓာတ်ငွေ့အဖြစ် ပြောင်းလဲသွားသည်။ ပိုတက်ဆီယမ် အနုမြူခုနစ်ခုတွင် တစ်ခုသည် အာဂွန် ဓာတ်ငွေ့ ဖြစ်သွားလေ့ရှိသည်။

ပိုတက်ဆီယမ်ပြိုကွဲနှုန်း၏ သက်တမ်းတစ်ဝက်သည် နှစ်ပေါင်းသန်း ၁၃၅၀ ဖြစ်သဖြင့် ရှေးဟောင်းပစ္စည်းတွင် ကျန်ရှိနေသည့် ပိုတက်စီယမ်နှင့် အာဂွန်ကိုတိုင်းတာကာ ယင်းပစ္စည်း၏ သက်တမ်းကို ဖော်ထုတ်နိုင်သည့် နည်းပညာဖြစ်သည်။ မီးတောင်ပြာများ၊ ချော်ခဲများ၏ သက်တမ်းကို တွက်ချက်ရာတွင် များစွာအသုံးဝင်ပြီး သက်တမ်း နှစ် ၂၃ သန်းမှ ၂၆ သန်း အတွင်းရှိ ရှေးဟောင်းပစ္စည်းများ၏သက်တမ်းကို ဖော်ထုတ်နိုင်သည်။

**အပူလှိုင်းနည်းပညာ**

အပူလှိုင်းဖြင့် သက်တမ်းတွက်ချက်သည့် နည်းပညာကို အိုး၊ ကြွေထည်၊ အုတ်အစရှိသော မြေထည်ပစ္စည်းများအား သက်တမ်းတွက်ချက်ရာတွင် အသုံးပြုသည်။ မြေကြီး၊ ရွှံ့တို့ဖြင့် ပြုလုပ်ထားသည့် ရှေးဟောင်းမြေအိုး၊ မြေခွက်၊ အုတ်ခဲစသည့် မြေထည်များကို အပူပေးကာ ယင်းတို့ထံမှ အလင်းမှုန်များကိုထွက်ရှိစေပြီး ထွက်ပေါ်လာသော အလင်းမှုန်များအား တိုင်းထွာကာ မြေထည်ပစ္စည်းများ၏ သက်တမ်းကို ဖော်ထုတ်နိုင်သည်။ သို့သော်လည်း လုပ်ပြီးစ မြေထည်ပစ္စည်းများကိုမူ အလင်းမှုန်များထွက်ရန် ပြုလုပ်၍မရသဖြင့် သက်တမ်းအလွန်နုသေးသော မြေထည်များကို သက်တမ်းတွက်ချက်၍မရပါချေ။

**အခြားနည်းများ**

ကန့်လန့်ဖြတ်ထားသော သစ်ပင်၏ ပင်စည်တွင်ပေါ်တွင်နေသည့် အရစ်များကိုရေတွက်ကာ သစ်ပင်၏သက်တမ်းကို ခန့်မှန်းနိုင်သည်။ အပင်၏ ပင်စည်အတွင်းမှ အရစ်များသည် ယေဘုယျအားဖြင့် တစ်နှစ်လျှင်တစ်ရစ် တိုးလာလေ့ရှိသည်။ ယင်းသို့ သစ်ပင်၏အရစ်များ ရေတွက်သည့်နည်းပညာ (Dendrochronology)ကို ၁၉၂၈ ခုနှစ်တွင် A.E.Duoglas က ဖော်ထုတ်ခဲ့သည်။

သက်တမ်းနှစ်တစ်သန်းအထိရှိသော အရိုးများ၊ သွားများ၏ သက်တမ်းကို ဖော်ထုတ်နိုင်သည့် (Electron spin) နည်းပညာ၊ မြေကြီးအတွင်း နစ်မြုပ်နေသည့် လူရိုးနှင့် တိရစ္ဆာန်ရိုးများတွင်ရှိနေသည့် ဖလူအိုရင်းဒြပ်စင် ရာခိုင်နှုန်းကိုဖော်ထုတ်ကာ ခေတ်ခွဲခြားသတ်မှတ်နိုင်သည့် (Flourine Dating) နည်းပညာ၊ မြေကြီးများ၊ သဲများအတွင်းနစ်မြုပ်နေသည့် အရိုးများကို ရှေးခေတ်က အရိုးဟုတ်မဟုတ် ဖော်ထုတ်ပေးနိုင်သည့် ယူရေနီယမ် (Uranium Dating) နည်းပညာ စသည်ဖြင့် ခေတ်မီနည်းစနစ်များကိုလည်း ပြည်ပနိုင်ငံများတွင် အသုံးပြုနေသဖြင့် ရှေးဟောင်းပစ္စည်း အတုနှင့်အစစ်ကို ခွဲခြားနိုင်ပြီဖြစ်ပေသည်။

**ရှေးဟောင်းသုတေသနဦးစီးဌာနက ရှေးဟောင်းပစ္စည်းများအား တူးဖော်စုဆောင်းသကဲ့သို့ အများပြည်သူများထံတွင် ရောက်ရှိနေသည့် ရှေးဟောင်းပစ္စည်းများကိုလည်း စုဆောင်းလျက်ရှိသည်။ ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ရှေးဟောင်းပစ္စည်းများ လာရောက်အပ်နှံသည့် ပြည်သူများကို ရုပ်ဝတ္ထုပစ္စည်း၏ ကာလတန်ဖိုးအပြင် ရှေးဟောင်းခေတ်ကာလနှင့် ယဉ်ကျေးမှုတန်ဖိုးများပေါင်းကာ မူလတန်ဖိုး၏ ၃၀၀ ရာခိုင်နှုန်းအထိ ထပ်ဆောင်းချီးမြှင့်ပေးလျက်ရှိသည်. . .**

**ကိုးကား**

**မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုသုတေသန (ဦးမြင့်အောင်)**

**Principles and Methods of Archaeology (K.V.Raman)**

# ပုသိမ်ခရိုင်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ကျင်းပ



**ပုသိမ် အောက်တိုဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ပြည်သူ့အားကစားကွင်း၌ ခရိုင်အုပ်ချုပ်ရေးမှူးဖလား အသက် ၂၃ နှစ်အောက် မြို့နယ်ပေါင်းစုံ(ရှုံးထွက်)ဘောလုံးပြိုင်ပွဲကို အောက်တိုဘာ ၃ ရက်က စတင်ကျင်းပခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး အားကစားတာဝန်ခံ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်၊ ပုသိမ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်း၊ ဧရာဝတီယူနိုက်တက် ဘောလုံးအသင်းဥက္ကဋ္ဌ ဦးမင်းလှိုင်တို့က အမှာစကားပြောကြားပြီး အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။ ဧရာဝတီ ယူနိုက်တက်ဘောလုံးအသင်း ဥက္ကဋ္ဌက ပြိုင်ပွဲတွင် အရည်အသွေးရှိသော ကစားသမားများကို ရွေးချယ်ခေါ်ယူကာ မြေတောင်မြှောက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အဖွင့်ပွဲစဉ်အဖြစ် ကျောင်းကုန်းမြို့နယ် အသင်းနှင့် ကျုံပျော်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သာမန်ပွဲ ကစားချိန်အတွင်း ၃ ဂိုးစီသရေကျခဲ့သဖြင့် ပင်နယ်တီဆက်လက်ယှဉ်ပြိုင်ကြရာ ကျောင်းကုန်းမြို့နယ်အသင်းက ၄ ဂိုး ၃ ဂိုးဖြင့် အနိုင်ရရှိခဲ့ပါသည်။

ပုသိမ်ခရိုင်၌ ခရိုင်အဆင့် မြို့နယ်ပေါင်းစုံဘောလုံးပြိုင်ပွဲကို ငါးသိုင်းချောင်းမြို့၌ ၁၉၆၇ ခုနှစ်က တစ်ကြိမ် ကျင်းပပေးခဲ့ဖူးကြောင်း၊ ယခု ၂၀၁၅ ခုနှစ်တွင် ဒုတိယအကြိမ် ကျင်းပ ခြင်းဖြစ်ပြီး မြစ်ရေကြီးမြင့်မှုနှင့် သဘာဝဘေးဒဏ်များကို ဒေသခံများက ကြံ့ကြံ့ခံနိုင်ခဲ့မှုနှင့် တာတမံကြံ့ခိုင်မှု လုပ်ငန်းများတွင် စုပေါင်းကာကွယ်နိုင်ခဲ့မှုကို ဂုဏ်ပြုသောအားဖြင့် ကျင်းပခြင်းဖြစ်ကြောင်း တိုင်းဒေသကြီး အားကစားပြိုင်ပွဲကျင်းပရေး တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပုသိမ်ခရိုင်အတွင်း ငဝန်မြစ်ရေမှာ စိုးရိမ်ရေအမှတ်အောက် ရောက်ရှိကျဆင်းလျက်ရှိနေသဖြင့် ဒေသခံ ဘောလုံးဝါသနာရှင်ပရိတ်သတ်များမှာ ပြိုင်ပွဲကို စိတ်အေးချမ်းသာစွာ တစ်ခဲနက်လာရောက်အားပေးခဲ့ကြကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# သားသည်မိခင် ဝန်ထမ်းကောင်းများကို လုပ်ငန်းခွင်အတွင်းတည်မြဲစေခြင်းဖြင့် နှစ်ဦးနှစ်ဖက် အကျိုးရှိစေ

**ရန်ကုန် အောက်တိုဘာ ၅**

လုပ်ငန်းခွင်မှ အကြောင်းအမျိုးမျိုးကြောင့် ခွင့်ယူကြရပြီး ခွင့်ရက်စေ့သဖြင့် လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်ပါက ပိုမိုနွေးထွေးသည့် မိသားစုကြိုဆိုမှုဖြင့် လုပ်ငန်းခွင် သာယာချမ်းမြေ့စေမည့် နည်းလမ်းကောင်းများအား ဖော်ထုတ်ကြရန် လိုအပ်ကြောင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခု၏ လူမှုဆက်ဆံရေးအရာရှိ Ms Anne Birgitte Kverum က ပြောကြားသည်။

လုပ်ငန်းခွင်အတွင်း ပုံမှန်လည်ပတ်ကာ မိမိတာဝန်များကို ထမ်းဆောင်နေချိန်တွင် မသိသာသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ခွင့်ယူမိသည့် လုပ်သားများအတွက် ပြန်လည်တာဝန်ထမ်းဆောင်ချိန်တွင် အားငယ်စိုးရွံ့စိတ်များနှင့် အပေါင်းအသင်းများကြား ဆက်ဆံရေး ပြန်လည်တည်ဆောက်ရသည့် အခက်အခဲများ မကြုံတွေ့စေရေးအတွက် ခွင့်ရက်ရှည်ရယူသူများဘက်မှလည်း အတတ်နိုင်ဆုံး လုပ်ငန်းခွင်နှင့် ဆက်သွယ်လုပ်ဆောင်သင့်ပြီး အထက်လူကြီးများနှင့် လုပ်ဖော်ကိုင်ဖက်များကလည်း နွေးထွေးစွာ ပြန်လည်ကြိုဆိုမှုကို ပြုလုပ်ရန် မဖြစ်မနေလိုအပ်ကြောင်း ၎င်းက ပြောကြားခြင်းဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းများတွင် အမျိုးသမီးများအတွက် မီးဖွားခွင့်ကို ခြောက်လအထိ အလုပ်သမားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနတို့မှ ခွင့်ရရှိအဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ အများစုမှာ လုပ်ငန်းခွင်သို့ ပြန်လည်တာဝန်ထမ်းဆောင်ပါက မူလတာဝန်များကို ရယူနိုင်စွမ်းလျော့နည်းလာသည်ကို Myanmar Workers Research မှ လေ့လာသိရှိရပြီး ဝန်ထမ်းကောင်းများ ဆုံးရှုံးနေရခြင်း၏ ၂၀ ရာခိုင်နှုန်းမှာလည်း တန်ဖိုးသိစွာ သုံးစွဲနိုင်သည့် Management Skills အားနည်းချက်ကြောင်းဖြစ်ကြောင်း အဆိုပါစစ်တမ်းများတွင် မြင်တွေ့ရသည်။

ယခုနောက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အလုပ်အကိုင်များမှလည်း အလုပ်သမားခွင့်ခံစားမှုများနှင့် အလုပ်ချိန်အပါအဝင် အခြားအခွင့်အရေးများပေးအပ်ခြင်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစားအလိုက်ပိုမိုဖြေလျော့ခွင့်ပြုလာကြသည်ကိုလည်း တွေ့ရှိရသည်။

"တယ်လီနောက တယ်လီနောရုံးတိုင်းရဲ့ အမျိုးသမီးတွေ မီးဖွားခွင့်ကို ခြောက်လ လစာပြည့်ပေးဖို့ စတင်မှာဖြစ်ပါတယ်။ အဓိကရည်ရွယ်ချက်က စွမ်းရည်ပြည့်ဝတဲ့ အမျိုးသမီးတွေဟာ ကလေးမွေးဖွားတာကြောင့် သူတို့စွမ်းရည်တွေကို ထုတ်သုံးခွင့် ပိတ်သွားကြတာမျိုး မဖြစ်စေလိုပါဘူး။ တစ်ဖက်မှာလည်း ကျွမ်းကျင်ဝန်ထမ်းပြန်လည်စုဆောင်းရတာဟာ လုပ်ငန်းခွင်မှာ ခက်ခဲပါတယ်။ ဒါကြောင့် နှစ်ဦးနှစ်ဖက် အဆင်ပြေမယ့် နည်းလမ်းတွေကိုရှာဖွေထားရခြင်းဖြစ်ပါတယ်။ တယ်လီနောမြန်မာရဲ့ ဝန်ထမ်း ၅၆၀ ကျော်မှာ ၄၀ရာခိုင်နှုန်းက အမျိုးသမီးတွေဖြစ်ပြီး စစ်တမ်းကောက်လိုက်တာ ပျမ်းမျှအသက်ဟာ ၃၁နှစ် အရွယ်ပတ်ဝန်းကျင်တွေ များတာမို့ မီးဖွားခွင့်ကို အခြားနိုင်ငံတွေနည်းတူ အပြည့်အဝရရှိဖို့ လိုအပ်တယ်လို့ ထင်တာကြောင့် ပေးအပ်ဖို့ ပြင်ဆင်ထားတယ်"ဟု Ms Anne က ပြောပြသည်။

အလုပ်ရှင်အများစုသည် အိမ်ထောင်ပြုခြင်းကို လက်ခံကြသော်လည်း ကလေးမီးဖွားခြင်း စတင်ပြီဆိုပါက ထိုအမျိုးသမီး ဝန်ထမ်းများအား အားကိုးစိတ်လျော့နည်းသွားကြသည့် အစဉ်အလာမှာ ယခင်ကတည်းက ရှိနေသည်။သားသည်မိခင် အမျိုးသမီးဝန်ထမ်းအများစုမှာ လုပ်ကိုင်နိုင်စွမ်းအားများလည်း အမှန်ပင် ကျဆင်းနိုင်ကြောင်း၊ သို့သော် အမျိုးသမီးများအဖို့ လုပ်ငန်းခွင်နှင့် အဆက်အသွယ်မပြတ်သည့် နည်းလမ်းများကို ဖန်တီးကာ မိမိလုပ်နိုင်စွမ်းအားကို ကြိုးစားဖော်ထုတ်ရန် လိုအပ်နေသေးကြောင်း ငွေစာရင်းတာဝန်ခံတစ်ဦးအဖြစ် နိုင်ငံခြားကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်ကိုင်သူ မရင်ရင်ငွေးက ပြောကြားသည်။

"အလုပ်ကို အိမ်ကနေ လှမ်းပြီး လုပ်ကိုင်တာမျိုး ဖြစ်ဖြစ်၊ တစ်ပတ်မှာ တစ်ရက်နှစ်ရက် အလုပ်ကို လာနေတာဖြစ်ဖြစ်၊ အလုပ်ရဲ့ သာရေးနာရေးတွေကို ကူညီထမ်းဆောင်တာဖြစ်ဖြစ်တွေ လုပ်ပြီး အလုပ်နဲ့ ခွင့်ယူနေတဲ့ကာလမှာ အဆက်အသွယ်မပြတ်အောင် လုပ်ဆောင်နေဖို့က ခွင့်ယူသူရဲ့ ကြိုးပမ်းအားထုတ်မှုပါ။ အလုပ်ရှင်ဘက်ကလည်း ခွင့်ယူသူကို စဉ်ဆက်မပြတ် အဆက်အသွယ်တွေ ပေးပြီး ပေါ့ပေါ့ပါးပါးနဲ့ ရှိနေစေဖို့တော့ လိုအပ်ပါတယ်။ တိုးတက်ဖွံ့ဖြိုးလာတဲ့ စီးပွားရေးလုပ်ငန်းတွေအများစုမှာ Team work ကို ပိုပြီးအလေးထားလာတာကြောင့် အဆက်အသွယ်ကတော့ ဖုန်းနဲ့ဖြစ်စေ အမြဲမပြတ်ရှိနေသင့်ပါတယ်။ ဒါမှ ခွင့်စေ့လို့ ပြန်အလုပ်ဝင်ရင် အလုပ်မှာ လူပိုအဖြစ် မခံစားရတော့မှာဖြစ်တယ်"ဟု မရင်ရင်ငွေးက ပြောသည်။

အမျိုးသမီးအချို့သည် ကလေးမွေးဖွားပြီး နောက်ပိုင်းတွင် အလုပ်ဆက်လက်လုပ်ကိုင်နိုင်ရန် အခွင့်အရေးနည်းပါးရခြင်းသည် ကလေးများအားပြုစုပျိုးထောင်ရန်အတွက် ကူညီပေးနိုင်မည့်သူ နည်းပါးလာခြင်းကြောင့်ဖြစ်ပြီး နိုင်ငံတကာတွင် အဆိုပါပြဿနာကို အဖြေရှာရန်အတွက် မိခင်အလုပ်သမားနှင့်အတူ အလုပ်ရှင်များဘက်မှလည်း နိုင်သလောက်တာဝန်ယူပေးခြင်းဖြင့် ညှိနှိုင်းပေးခြင်း ခေတ်စားလာခဲ့သည်။

"ကျွန်မရဲ့ လက်အောက်ဝန်ထမ်းအမျိုးသမီးတွေလည်း ကိုယ်ဝန်ဆောင်ချိန်နဲ့ မီးဖွားပြီးနောက်ပိုင်းမှာ လုပ်ငန်းခွင်ကိုရောက်မလာတော့လို့ ဝန်ထမ်းကောင်းတွေ အများကြီးဆုံးရှုံးခဲ့ရတာမျိုး ရှိပါတယ်။ နောက်ပိုင်းမှာ ကလေးတွေအတွက် စိတ်ချရတဲ့ အရွယ်အထိ ကျန်တဲ့ဝန်ထမ်းတွေရဲ့ မျှဝေလုပ်ဆောင်မှု၊ အလုပ်ရှင်ဘက်ကလည်း သင့်တော်တဲ့ အားပေးမှုတွေကြောင့် ယခင်လောက် အလုပ်ထွက်တာ မရှိတော့ပါဘူး။ ဒါကြောင့် သူတို့အတွက်စဉ်းစားပြီး ခွင့်ကို သတ်မှတ်ပေးတယ်။ ဝန်ထမ်းအချင်းချင်း နားလည်မှုရှိအောင်လည်း အမြဲညွှန်ကြားတယ်"ဟု City Mart Holding မှ မန်နေးဂျင်းဒါရိုက်တာ မဝင်းဝင်းဟန်က ပြောကြားသည်။

"ကျွန်မကတော့ လုပ်ငန်းခွင်မှာ ကလေးတွေအတွက် မူကြိုလိုကျောင်းမျိုးကို ဖွင့်ပေးဖို့ ပိုပြီးအားပေးပါတယ်။ ဒါကလည်း ဝန်ထမ်းကောင်းတွေကို စွဲဆောင်ဖို့ အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်သလို၊ ၂၄နာရီမပြတ်လျှပ်စစ်ရရှိတဲ့နေရာတွေမှာ မိခင်နို့ကို သိမ်းဆည်းပေးမယ့် အအေးခန်းတွေကိုလည်း ထားပေးသင့်တယ်။ ဒါက တစ်ဖက်မှာ ကိုယ့်အလုပ်အတွက် စွမ်းရည်ကို ပိုရစေတယ်။ ဒီလိုပဲ ဝန်ထမ်းတွေဘက်ကလည်း သားသည် မိခင်ဖြစ်သွားလို့ အခွင့်အရေးကို အပြည့်အဝ မယူသင့်ဘူး။ အစကတည်းက ကလေးယူပြီးရင် မူလထက် ပိုပင်ပန်းနိုင်တယ်ဆိုတာကို တွေးထားရမယ်။ သူများတွေထက် အပင်ပန်းပိုခံရမှာတော့ အသေအချာပါပဲ"ဟု Ms Anne က အကြံပေးသည်။

ကလေးမီးဖွားခြင်းသည် အိမ်ထောင်စုတစ်ခုအတွက် အရေးကြီးသည့်အခန်းကဏ္ဍဖြစ်သော်လည်း အမျိုးသမီးများ၏ လုပ်ငန်းခွင် စွမ်းရည်ကိုလည်း ထိခိုက်နိုင်သည့်အတွက်နှစ်ဖက်မျှတမှုရှိစေရန် အလွန်အရေးကြီးကြောင်း၊ မြန်မာနိုင်ငံတွင် အသက် ၂၇နှစ်မှ ၃၅နှစ်အကြား ကိုယ်ဝန်ဆောင်မှုမှာ ၂၀၁၃-၂၀၁၄ ခုနှစ် မွေးဖွားနှုန်းနှင့် နှိုင်းယှဉ်ပါက ၁၁ ရာခိုင်နှုန်းထက် မြင့်တက်နေပြီး အသက် ၁၇နှစ်မှ ၂၅နှစ်အကြား ကိုယ်ဝန်ဆောင်မှုမှာ မနှစ်ကထက် ၆ရာခိုင်နှုန်းကျဆင်းလာခြင်းမှာ လုပ်ငန်းတာဝန်များကြောင့် ဖြစ်ကြောင်း Myanmar Workers Research မှ သိရှိရသည်။

"ကျွန်မတို့ရုံးက ပထမဆုံးမြန်မာနိုင်ငံမှာ ကိုယ်ဝန်ဆောင် အမျိုးသမီးတွေကို ခြောက်လလစာနဲ့ ခွင့်ပေးတာဖြစ်ပါတယ်။ ဒါကြောင့်လည်း ကလေးယူဖြစ်သွားတယ်။ အားရှိသွားတယ်။ နိုင်ငံ့ဝန်ထမ်းတွေအတွက် ခွင့်က သတ်မှတ်ထားပေမယ့် ပြင်ပလုပ်ငန်းတွေမှာ ခွင့်က အများဆုံး သုံးလလောက်ပဲ ရကြပါတယ်။ ကျွန်မအနေနဲ့ကတော့ အလုပ်ကထွက်လိုက်ရမှာ စိုးသလို ကလေးကို မစောင့်ရှောက်နိုင်မှာလည်းစိုးတာကြောင့် Management ကောင်းပြီး စိတ်ချရတဲ့ အလုပ်ကို မပြောင်းလဲချင်ဘူး။ ကျွန်မလိုပဲ ကိုယ်ဝန်ဆောင်တွေအားလုံး ခွင့်ပြည့်ရရှိစေချင်တယ်။ မီးဖွားခွင့် ခြောက်လကို အမျိုးသမီး ကိုယ်ဝန်ဆောင်တိုင်းရစေချင်တယ်"ဟု တယ်လီနောမြန်မာမှ အရောင်းတာဝန်ခံတစ်ဦးဖြစ်သူ မခရစ္စတင်း ခင်ထွေးဝင်းက ပြောကြားသည်။

**သတင်း-သွန်းဝသန်**

## သာသနာ့အဆောက်အအုံအနီး ရွှေတူးဖော်နေ၍ ဒေသခံများစိုးရိမ်နေရ

**ဗန်းမောက် အောက်တိုဘာ ၅**

ကသာခရိုင် ဗန်းမောက်မြို့နယ် နောင်ပတ်အုပ်စု နောင်ပတ်ကျေးရွာ ရွာဦးစေတီ ဘုရားဝင်းအနီးတွင် ရွှေများတူးဖော်နေသောကြောင့် ဒေသခံကျေးရွာသူကျေးရွာသားများက ဘုရားကြီးနှင့် သာသနာ့အဆောက်အအုံများ ပျက်စီးသွားမည်ကို စိုးရိမ်နေကြကြောင်း သိရသည်။

နောင်ပတ်ကျေးရွာသို့ ကုန်ကူးသန်းရောင်းဝယ်သွားလာနေသူတစ်ဦးက "ဘုရားဝင်းနဲ့ ဘာမှမဝေးတော့ဘူးဗျာ။ ဒီအတိုင်းသာ ဆက်ပြီးလုပ်နေမယ်ဆိုရင် အဆောက်အအုံတွေပါ ပြိုကျပြီးတော့ ဘုရားပါပျက်စီးသွားနိုင်တယ်"ဟု ပြောသည်။ အဆိုပါ ရွှေတူးဖော်နေသောနေရာသည် ဘုရားဝင်းနှင့် ခြောက်ပေခန့်သာကွာဝေးတော့သဖြင့် ဆက်လက်၍ ရွှေတူးဖော်နေပါက အဆောက်အအုံများနှင့် ဘုရားကြီးပါ ပြိုကျပျက်စီးနိုင်သည့်အခြေအနေတွင်ရှိနေ ကြောင်းလည်း ၎င်းက ဆက်ပြောသည်။ နောင်ပတ် ကျေးရွာ ရွာဦးစေတီမှာ လွန်ခဲ့သောနှစ်နှစ်ခန့်ကမှ တည် ထားကိုးကွယ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ပြီးခဲ့သည့်နှစ် နွေရာသီကမှ ဘုရားအနေကဇာတင် ဗုဒ္ဓပူဇနီယပွဲတော်ကို ကျင်းပခဲ့ကြောင်းလည်း သိရသည်။

နောင်ပတ်ကျေးရွာ အနီးအနားတဝိုက်ရှိ လယ်ယာမြေများ၊ ချောင်း၊ မြောင်းများတွင် ရွှေများထွက်ရှိသဖြင့် ယခင်နှစ်များက ဘက်ဟိုးကြီးများ၊ လေးလုံးထိုး၊ ခြောက်လုံးထိုး၊ ဆယ့်နှစ်လုံးထိုး အင်ဂျင်ကြီးများဖြင့် ရွှေတူးဖော်လုပ်ကိုင်သောကြောင့် လယ်ယာ၊ ချောင်း၊ မြောင်းများပါ ပျက်စီးသွားပြီး လယ်ယာလုပ်ကိုင်သူများလည်း မရှိသလောက် ရှားပါးသွားသည်။ ယခုအခါ လယ်ယာမြေများတွင် ရွှေတူးဖော်ရန်မရှိတော့သဖြင့် သာသနာ့အဆောက်အအုံများ၊ ဘုရားပုရိဝုဏ်အနီးနေရာများတွင်ပါ ရွှေတူးဖော်မှုများ လုပ်ကိုင်လာသောကြောင့် ယင်းဒေသမှ ဗုဒ္ဓဘာသာဝင်များမှာ သာသနာ့အဆောက်အအုံများ ပျက်စီးဆုံးရှုံးသွားမည်ကို စိုးရိမ်နေကြခြင်းဖြစ်ကြောင်း သိရသည်။

**(၁၄၉)**

## ကျေးရွာမီးလင်းရေးလုပ်ငန်းများ မကြာမီပြီးစီးမည်

**စဉ့်ကူး အောက်တိုဘာ ၅**

စဉ့်ကူးမြို့နယ် ခံတက်ချဉ်ကျေးရွာအုပ်စု တရော်ပင်ကျေးရွာ၌ ဆောင်ရွက်လျက်ရှိသည့် ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တပ်ဆင်ခြင်းနှင့် လျှပ်စစ်မီးလင်းရေးလုပ်ငန်းများကို ၉၀ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ရာ မကြာမီအချိန်တွင် ၂၄ နာရီလျှပ်စစ်မီးရရှိတော့မည်ဟု သိရသည်။ အဆိုပါကျေးရွာမီးလင်းရေးလုပ်ငန်းများကို၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေကျပ်သိန်း ၃၀၀ ကျော်နှင့် ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေများဖြင့် ဟိန်းထက်လွင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးထွန်းကျော်ဇောနှင့် အဖွဲ့က အောက်တိုဘာ၂ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

**ဝင်းမောင်**





## မင်းလှမြို့နယ်၌ ကလေးစာဖတ်ဝိုင်းဖွင့်လှစ်

**မင်းလှ အောက်တိုဘာ ၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်အတွင်း၌ ကလေးသူငယ်များ စာဖတ်သည့်အလေ့အထကောင်းများ ရရှိစေရန်နှင့် အသိပညာဗဟုသုတများ တိုးပွားစေရန်ရည်ရွယ်၍ ကလေးစာဖတ်ဝိုင်းကို မင်းလှမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်သံခန်းမ၌ အောက်တိုဘာ ၃ ရက်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါစာဖတ်ခန်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများနှင့် ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့(SVA)တို့ ပူးပေါင်း၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး အမှတ်(၇)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းမှ ကလေးသူငယ် ၂၄ ဦးလာရောက်ခဲ့ကာ ပြန်ဆက်ဝန်ထမ်းများနှင့် ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့မှ ဝန်ထမ်းများက ကလေးငယ်များအား ပုံပြောခြင်း၊ ဆော့ကစားခြင်းစသည့် အစီအစဉ်များဖြင့် ကလေးငယ်များ စာဖတ်စေရန် ဆောင်ရွက်ခဲ့ကြသည်။

**ပေါက်စ(မင်းလှ)**

## ရပ်ကွက်ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကျင်းပ

**သိန်းနီ အောက်တိုဘာ ၅**

သိန်းနီမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးမှူး၍ ၂၀၁၅ ခုနှစ် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲကို မြို့နယ်အားကစားဘောလုံးကွင်း၌ အောက်တိုဘာ ၁ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်က ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး အုပ်စု(က)မှ နားဆော့အသင်းနှင့် နားတီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည်။ ပြိုင်ပွဲသို့ ရပ်ကွက်ကျေးရွာများမှ အားကစားအသင်း ၁၄ သင်းဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**ဘဦး(ပြန်/ဆက်)**

# မုံရွာမြို့ဘုရားပွဲကို ငါးရက်စော၍ကျင်းပမည်

**မုံရွာ အောက်တိုဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သမိုင်းဝင်ဆုတောင်းပြည့်မြတ်စွာဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို ရွေးကောက်ပွဲရက်နှင့် တိုက်နေသောကြောင့် ယခုနှစ်တွင် ယခင်နှစ်များထက် ငါးရက်စောပြီးကျင်းပသွားမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

"ပုံမှန်ဘုရားပွဲရက်က အခုနှစ်မှာ ပါတီစုံအထွေထွေရွေးကောက်ပွဲကျင်းပမယ့်ရက်နဲ့ တိုက်နေတဲ့အတွက် ပုံမှန်ကျင်းပမယ့်ရက်ထက်စောပြီး ကျင်းပတာပါ။ ကျင်းပမယ့်ရက်ကတော့ အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၆ ရက်အထိ ကျင်းပသွားမှာပါ၊ နိုဝင်ဘာ ၅ ရက်မှာတော့ မုံရွာမြို့ပေါ်မှာရှိတဲ့ သံဃာတော်အပါး ၆၀၀၀ ကျော်ကို ဆွမ်းလောင်းလှူပွဲကျင်းပသွားမှာပါ"ဟု ဆုတောင်းပြည့် ဘုရားကြီးဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောသည်။

အဆိုပါ ဆုတောင်းပြည့်မြတ်စွာဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် ဒေသထွက်ကုန်များ၊ မြန်မာပြည်အရပ်ရပ်မှ မြန်မာ့ရိုးရာမုန့်မျိုးစုံ၊ အဝတ်အထည်များ၊ ကြွေထည်ပစ္စည်းမျိုးစုံ၊ စတီးပစ္စည်းမျိုးစုံ လျှပ်စစ်ပစ္စည်းမျိုးစုံတို့ကိုလည်း လာရောက်ဖလှယ်ရောင်းချကြပြီး ဘုရားဖူးများဖြင့် စည်ကားလေ့ရှိသည့် ပွဲတော်ကြီးတစ်ခုဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ပြည်သူ့ဝန်ဆောင်မှုစုပေါင်းရုံးကြောင့် ဒေသခံပြည်သူများ အဆင်ပြေ

**မင်းဘူး အောက်တိုဘာ ၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်တွင် ဒေသခံပြည်သူများအနေဖြင့် ဌာနဆိုင်ရာများနှင့် ဆောင်ရွက်ရန်ရှိသည့်လုပ်ငန်းများအား လွယ်ကူလျင်မြန်စွာ လုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့ဝန်ဆောင်မှုစုပေါင်းရုံး(One Stop Shops)ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဩဂုတ် ၁၇ ရက်မှ စတင်ဖွင့်လှစ်ဝန်ဆောင်မှုပေးလျက်ရှိရာ ဒေသခံပြည်သူများအတွက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

မင်းဘူးမြို့ ပြည်သူ့ဝန်ဆောင်မှုစုပေါင်းရုံးသစ်ကို မင်းဘူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးကြပ်၍ ဖွင့်လှစ်ထားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မီးသတ်ဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနများပါဝင်သည်။

မင်းဘူး (စကု)မြို့နယ် ပြည်သူ့ဝန်ဆောင်မှုစုပေါင်းရုံး၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်မြင့်က "ကျွန်တော်တို့ မင်းဘူး(စကု)မြို့နယ်မှာရှိတဲ့ပြည်သူတွေကို စုပေါင်းရုံးသစ်ဖွင့်လှစ်ပြီး ဝန်ဆောင်မှုပေးတာတွေကို လူသိများလာအောင် အသိပေးရှင်းလင်းပွဲတွေနဲ့ ဆင့်ပွားသင်တန်းတွေလည်း ဖွင့်လှစ်ပို့ချပြီးပါပြီ။ ဒါ့ကြောင့် အခုဆိုရင် ကျွန်တော်တို့မြို့နယ်ကပြည်သူတွေ အုပ်ချုပ်ရေးကိစ္စ၊ မြေယာကိစ္စ၊ လျှပ်စစ်မီးကိစ္စ၊ ရဲစခန်းထောက်ခံစာပြုလုပ်ခြင်း၊ မှတ်ပုံတင်ပြုလုပ်ခြင်း၊ ကျန်းမာရေးထောက်ခံစာပြုလုပ်ခြင်း၊ အခွန်ပေးဆောင်ခြင်းလုပ်ငန်းများနဲ့ စည်ပင်သာယာရေးလုပ်ငန်းကိစ္စရပ်တွေကို တစ်နေရာတည်းမှာ အချိန်ကုန်သက်သာ၊ ငွေကုန်သက်သာစွာနဲ့ ဆောင်ရွက်ခွင့်ရလို့ အဆင်ပြေနေကြပါတယ်"ဟု ပြောကြားသည်။

မင်းဘူးမြို့နယ်တွင်သာမက မင်းဘူးခရိုင်အတွင်းရှိ အခြားမြို့နယ်များတွင်လည်း ပြည်သူများ၏လုပ်ငန်းဆောင်ရွက်မှုများ လွယ်ကူချောမွေ့စေရန် ပြည်သူ့ဝန်ဆောင်မှု စုပေါင်းရုံးသစ်များကိုဆက်လက်ဖွင့်လှစ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ကသာမြို့ မြို့တော်ခန်းမအဆောင်သစ်ဖွင့်လှစ်

**ကသာ အောက်တိုဘာ ၅**

ကသာမြို့နယ် ဒေသတွင်းမှထွက်သော သစ်သားအမျိုးအစားအစုံကို အသုံးပြုတည်ဆောက်ထားသည့် ကသာမြို့ မြို့တော်ခန်းမအဆောင်သစ်ကို အောက်တိုဘာ ၃ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ကသာမြို့ မြို့တော်ခန်းမသစ်ကို ဆောက်လုပ်ရာတွင် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်အတွင်းမှ သစ်တောထွက်သယံဇာတဖြစ်သည့် သစ်မျိုးစုံကိုအခြေပြုပြီး မြန်မာမှုဒီဇိုင်းလက်ရာများ ထည့်သွင်း၍ သစ်တောပြတိုက်သဖွယ် ဆောက်လုပ်ရန် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၏ လမ်းညွှန်ချက်အရ အလျားပေ ၁၆၀၊ အနံပေ ၈၀ ရှိ မြို့တော်ခန်းမသစ်ကို ဧရာကမ်းသာ ပန်းခြံမြေနေရာတွင် ဇွန်လအတွင်းက စတင်ပန္နက်တင်၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

မြို့တော်ခန်းမသစ်တည်ဆောက်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဘိလပ်မြေအိတ် ၂၀၀၀၊ စည်ပင်သာယာရေးကော်မတီ ဘတ်ဂျက်ငွေမှ ကျပ်သိန်း ၁၁၀၀ နှင့် ဂရိတ်ဝေါကုမ္ပဏီက ကျပ်သိန်း ၅၀၀၊ ဇန်းမောက်ရွှေလုပ်ငန်းရှင်များအသင်းက ကျပ် ၉၃ သိန်း၊ ကောလင်းနှင့် ဝန်းသိုရွှေလုပ်ငန်းရှင်များက ကျပ် ၄၆ သိန်း၊ ကသာခရိုင်အတွင်း ကုမ္ပဏီအလှူရှင်များက ကျပ်သိန်း ၉၀၀၊ သစ်လုပ်ငန်းရှင်များက သစ် ၂ ဒသမ ၆ တန်နှင့် အုတ်လုပ်ငန်းရှင်များ အုတ် ၃၁၅၀၀ ကို လှူဒါန်းခဲ့မှုဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၂၈၀၀ အကုန်ကျခံတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲတွင် မြို့တော်ခန်းမအဆောင်သစ်ကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက စက်ခလုပ်နှိပ်၍ဖွင့်လှစ်ပေးခဲ့ပြီး သက်ဆိုင်ရာအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ငွေအိုး(ကသာ)**

# စည်ပင်မှ တူးဖော်ပေးထားသည့် ရေမြောင်းအတွင်းသို့ စည်ပင်တံဆိပ်ကပ်မြေသယ်ကားက မြေသွန်ချ၍ မြောင်းပိတ်ဆို့

**ရန်ကုန် အောက်တိုဘာ ၅**




ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း အထက်ပုစွန်တောင်လမ်းမကြီးကို စည်ပင်သာယာ(လမ်း/တံတား)ဌာနမှ ယာဉ်လေးလမ်းသွားအဆင့်မှ ခြောက်လမ်းသွားလမ်းမကြီးအဖြစ် အဆင့်မြှင့်တင်ဖော်ဆောင်ပေးခြင်းနှင့်အတူ လမ်းဘေးနှစ်ဖက်ရေမြောင်းများကိုလည်း လမ်းပေါ်ရေကြီးရေလျှံမှုကင်းဝေးစေရန် စက်ယန္တရားကြီးများဖြင့် ရေမြောင်းများပြန်လည်တူးဖော်ပေးခဲ့သည်။ မကြာမီရက်ပိုင်းအတွင်းက (Y.C.D.C)စည်ပင်သာယာအမှတ်တံဆိပ်ကပ်ထားသော ပုဂ္ဂလိကအုတ်၊ သဲ၊ ကျောက်တင်ယာဉ်အချို့က ဆောက်လုပ်ရေးလုပ်ငန်းခွင်များမှ စွန့်ပစ်မြေကြီးများကို သတ်မှတ်နေရာများသို့ သွားရောက်စွန့်ပစ်ရမည့်အစား အထက်ပုစွန်တောင်မြို့နယ် စက်ဆန်းလမ်းမကြီး ဝဲယာဘေး ရေမြောင်းအနီးတို့တွင် ညအချိန်တိတ်တဆိတ်လာရောက်စွန့်ပစ်ပုံနေကြရာ အချို့နေရာများ၌ ရေမြောင်းထဲသွန်ချခဲ့၍ ရေမြောင်းပိတ်ဆို့နေသည်ကို အောက်တိုဘာ ၂ ရက်က မြင်တွေ့ရသည်။

စက်ဆန်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်ထွဋ်က "အရင်တစ်ခါပုံတုန်းလည်း အဲဒီလိုဘဲ လမ်းဘေးမှာ ညအချိန်မတော် မြေကြီးတွေလာပုံတယ်။ ဘယ်သူပုံမှန်းလည်းမသိဘူး။ ရေမြောင်းထဲကျပြီး မြောင်းပိတ်သွားလို့ မြေကြီးတွေကို ရပ်ကွက်သားတွေဝိုင်းပြီး ကိုယ့်စားရိတ်နဲ့ကိုယ် ရေမြောင်း ပြန်လည်တူးဖော် ရှင်းလင်းလိုက်ရတယ်။ ကားလမ်းပေါ်က မြေကြီးတွေကိုတော့ စည်ပင်ကလာသယ်သွားတယ်။ အခုတစ်ခါလည်း ဒီပုံစံလာပြန်ဖြစ်နေပြီ။ စက်တင်ဘာ ၂၂ ရက် ည ၁၀ နာရီခွဲက စာတမ်းရေးဆွဲချိတ်ထားတဲ့ မစ်ဆူဘီရှိ မြေသယ်ကားက လမ်းဘေးမြေလာပုံတော့ မြို့နယ်စည်ပင်ဥက္ကဋ္ဌကို ဖုန်းနဲ့သတင်းပို့တယ်။ စည်ပင်ဥက္ကဋ္ဌ ကိုယ်တိုင်လိုက်လာပြီး လမ်းပေါ်မြေကြီးလာချတဲ့ အလုပ်သမားလေးဦးနဲ့ ယာဉ်မောင်းသူကို ညတွင်းချင်းပဲ ကားနဲ့အတူ မင်္ဂလာတောင်ညွန့် ရဲစခန်းကို ပို့အပ်တယ်။ ရဲစခန်းက စည်ပင်နဲ့ဆိုင်တယ်။ စည်ပင်ကိုပို့ပါဆိုလို့ စည်ပင်ကိုပို့တယ်။ ဒဏ်ငွေရိုက်ပြီး ပြန်လွှတ်လိုက်တယ်လို့ ပြောတယ်။ အခုလည်း ကားလမ်းဘေးမှာ မြေကြီးတွေ လာပုံနေပြန်ပါပြီ။ အောက်တိုဘာ ၁ ရက်နေ့ညကလည်း လာပုံသွားပြန်ပြီ။ ခြောက်ပုံလောက်ရှိတယ်။ တချို့လည်း ကားလမ်းပေါ်မှာ ပြန့်ကြဲနေတယ်။ တချို့လည်း ရေမြောင်းထဲသွန်ချခဲ့လို့ ရေမြောင်းပိတ်နေတာမြင်တဲ့အတိုင်းပါဘဲ။ ရေမြောင်းပိတ်လို့ ရေမစီးတော့ဘဲ အမဲရောင်ရေတွေဖြစ်ပြီး ရေပုပ်နံ့တွေထွက်နေတယ်" ဟု ရှင်းပြပြောဆိုသွားသည်။ ရပ်ကွက်သားတစ်ဦးကလည်း "စွန့်ပစ်မြေကြီးတွေ သတ်မှတ်နေရာမှာ သွားသွန်ရမှာဝေးတော့ ခေါက်ရေပိုရအောင် လစ်ရင်လစ်သလို လာပုံသွားတာဖြစ်လိမ့်မယ်"ဟု သူ့အမြင်ကို ဝင်ရောက်ပြောဆိုသွားသည်။ အဆိုပါဖြစ်စဉ်ကို ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ ဓာတ်ပုံရိုက်မှတ်တမ်းတင်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးသို့ သတင်းပို့ထားကြောင်း သိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

# ရေနံချောင်းမြို့တွင် ရုတ်တရက် ချောင်းရေလျှံမှုဖြစ်

**ရေနံချောင်း အောက်တိုဘာ ၅**

ရေနံချောင်းမြို့၌ အောက်တိုဘာ ၄ ရက် နံနက် ၂ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချောင်းနိမ့်ချောင်း ရုတ်တရက်ရေလျှံခဲ့ကာ ရေနံချောင်းမြို့ မြေနိမ့်ပိုင်းရပ်ကွက်များသို့ ချောင်းရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရုတ်တရက် ချောင်းရေလျှံခဲ့ခြင်းကြောင့် ရေနံချောင်းမြို့ မြေနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် အိုးဘိုဒိုင်နယ်အတွင်း စည်ပင်သာတောင်နှင့် စည်ပင်သာမြောက်ရပ်ကွက်အတွင်း နေအိမ်အချို့သို့ ရေဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ ရေမှာအချိန်တိုအတွင်း ပြန်ကျသွားခဲ့သဖြင့် ရေဝင်ရောက်မှုကြောင့် အိမ်သုံးပစ္စည်းအချို့ မျောပါခြင်း၊ ရေစိုခြင်းများ ရှိခဲ့သော်လည်း ပျက်စီးဆုံးရှုံးမှုမှာ အနည်းငယ်သာရှိခဲ့ကြောင်း အိုးဘိုရပ်ကွက် အုပ်ချုပ်ရေးမှူးက ပြောသည်။

နံနက် ၂ နာရီခန့်က လျှံတက်ခဲ့သော ချောင်းရေသည် နံနက် ၅ နာရီခန့်တွင် ပြန်ကျဆင်းသွားခဲ့ပြီး ရေဝင်ရောက်ရာ လမ်းတစ်လျှောက်တွင် တင်ကျန်ခဲ့သော အမှိုက်သရိုက်များ၊ နုန်းများကို စည်ပင်သာယာရေးအဖွဲ့က လိုက်လံရှင်းလင်းလျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



# သီတင်းကျွတ်မီးပုံးပျံလွှတ်ပွဲကျင်းပနိုင်ရေးကြိုတင်ပြင်ဆင်မှုများဆောင်ရွက်လျက်ရှိ

**မုံရွာ အောက်တိုဘာ ၅**

မြန်မာတို့၏ (၁၂)လရာသီ ပွဲတော်များအနက် သီတင်းကျွတ် မီးထွန်းပွဲ၊ မီးပုံးပျံလွှတ်ပွဲသည်လည်း တစ်ခုအပါအဝင်ဖြစ်ပြီး ဒေသအသီးသီးတွင် ရိုးရာမပျက် ယနေ့တိုင် ဆင်နွှဲလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် သာစည်ကျေးရွာ မဟာစေတီလှုဘုရားကြီးတွင်လည်း နှစ်စဉ်ကျင်းပမြဲဖြစ်သော သီတင်းကျွတ်လပြည့်နေ့ မီးပုံးပျံလွှတ်ပွဲအတွက် မီးပုံးပျံပြင်ဆင်မှုများကို မဟာစေတီလှုဘုရားကြီးဝင်း အတွင်းရှိ နှစ်(၈၀၀) ပြည့်မွှာရုံကြီးတွင် ပြုလုပ်လျက်ရှိကြောင်း သိရသည်။

"အဘတို့ကျေးရွာမှာက မီးပုံးပျံလွှတ်ပွဲကို နှစ်စဉ်ကျင်းပလာတာ ခေတ်အဆက်ဆက်ပဲ။ အဘတို့လက်ထက်မှာလည်း ဆက်ပြီးကျင်းပတာပါ။ ဟိုတုံးကတော့ ဆင်ရုပ်၊ ဖိုးသူတော်ရုပ်တွေချိုးပြီး လုပ်ကြတယ်၊ အခုနောက်ပိုင်းမှာ ကမ္ဘာလုံးပုံပဲချိုးပြီး လွှတ်ကြတော့တယ်။ မီးပုံးပျံရဲ့ အရွယ်အစားကတော့ အထက်စက်ဝိုင်း ၁၈ တောင်၊ အောက်စက်ဝိုင်း ၁၇ တောင်၊ ခါးဆက်အလျား ၁၁ တောင်၊ ခါးဆက်အနံ ၆ ချပ်၊ ဒွါရအကျယ် ၄ တောင်၊ မိုင်းကိုင်စက္ကူအချပ်ရေ ၁၂၀၀ ချပ်၊ ပိတ်အုပ် ၈၈ တောင်၊ ရေနံချေး ၁၅ ပိဿာ၊ ဒီဇယ်ဆီ နှစ်ဂါလံ၊ မီးစာချည်စ သုံးပိဿာခွဲ၊ ကော်မှုန့် ခြောက်ပိဿာကုန်တယ်။ မီးပုံးပျံတစ်လုံးကို လူ ၁၀ ဦးကနေပြီး ၃၀ လောက်နဲ့ နေပူရင် ၁၀ ရက်လောက်လုပ်ရတယ်။ လွှတ်ဖို့အထိ ဆိုရင်တော့ ၁၅ ရက်လောက်ကြိုပြီးပြင်ဆင်ရတယ်၊ သီတင်းကျွတ်လပြည့်နေ့ရောက်ရင် မီးပုံးပျံလွှတ်ပွဲနဲ့အတူ မြန်မာရိုးရာ နဂါးအကတွေလည်းပါတယ်။ နဂါးအကကတော့ ဟိုတုန်းက နှစ်ရွာလောက်လာကတယ်။ အခုတော့ ညောင်ဒူးကျေးရွာတစ်ရွာပဲ လာပြီးကတော့တယ်။ မီးပုံးပျံလွှတ်ပွဲကို သာစည်ကျေးရွာနယ်ပိုင် ၆၄ ရွာက ပြည်သူတွေလာကြတယ်။ အခုကျတော့ မြို့နယ်တစ်ခုလုံးကလာကြပါတယ်။ ဒေသရဲ့ ရိုးရာအစဉ်အလာပွဲတစ်ခုလို ဖြစ်နေပါပြီ"ဟု သာစည်ကျေးရွာမှ မီးပုံးပျံပွဲဖြစ်မြောက်ရေး အဖွဲ့ဝင်တစ်ဦးက ပြောသည်။

သာစည်ကျေးရွာ မဟာစေတီလှုဘုရားကြီး၏ သီတင်းကျွတ်လပြည့်နေ့ မီးပုံးပျံလွှတ်ပွဲကို သီတင်းကျွတ်လပြည့်နေ့ အောက်တိုဘာ ၂၈ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**



# သီပေါမဟာမြတ်မုနိဘုရား ဗုဒ္ဓပူဇနိယပွဲတော်စည်ကားစွာကျင်းပမည်

**သီပေါ အောက်တိုဘာ ၅**

သီပေါမြို့၏ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် သီပေါမဟာမြတ်မုနိဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်၊ (၁၂၀)ကြိမ်မြောက် သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် မြို့နယ်လုံးကျွတ် သံဃဒါနဆွမ်းကြီးလောင်းလှူပွဲကို စည်ကားစွာကျင်းပသွားမည်ဖြစ်ပြီး ဘုရားပွဲတော်နှင့် ဆွမ်းကြီးလောင်းလှူပွဲ ကျင်းပရေးအတွက် ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၃ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် ပွဲတော်ကျင်းပရေး ဦးစီးကော်မတီနာယကမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က သီပေါမဟာမြတ်မုနိဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်သည် ရှမ်းပြည်နယ်တွင် အထင်ကရ အစည်ကားဆုံး ဘာသာရေးပွဲတော် ဖြစ်သည်နှင့်အညီ ပွဲတော်အတွင်း မူးယစ်သောက်စားမှုကင်းရှင်းရေး၊ ရိုးရာယဉ်ကျေးမှုနှင့်အညီ ယဉ်ကျေးသိမ်မွေ့စွာ ဝတ်ဆင်ကြရေးနှင့် ကောင်းမွန်သော အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းကြရေး အမှာစကားပြောကြားသည်။



သီပေါမဟာမြတ်မုနိဘုရားကြီး။

ထို့နောက် မြို့မိမြို့ဖများက ပဒေသာပင်များကို လှည့်လည် ရာတွင် စည်းကမ်းတကျ လှည့်လည်ရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုများမဖြစ်စေရေးအတွက် ကြိုတင်ဆောင်ရွက်ရမည့် ကိစ္စများကို အကြံပြုဆွေးနွေးခဲ့သည်။

ယမန်နှစ်က မဟာမြတ်မုနိဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်နှင့်သံဃဒါနဆွမ်းကြီးလောင်းလှူပွဲတွင် ရဟန်းသာမဏေ ၁၄၅၉ ပါးတို့အား ပဒေသာပင်ဆက်ကပ်လှူဒါန်းမှုမှာ ငွေကျပ် သိန်း ၁၀၀၀ ကျော်တန်ဖိုးရှိပြီး ယခုနှစ်တွင်လည်း ဘုန်းတော်ကြီးကျောင်းပေါင်း ၇၉ ကျောင်းမှ ရဟန်း ၃၉၂ ပါးနှင့် ရှင်သာမဏေ ၁၀၆၇ ပါး စုစုပေါင်းရဟန်းသာမဏေ ၁၄၅၉ ပါးတို့အား စာရေးတံမဲဖောက်၍ ပဒေသာပင်များပြုလုပ်ကာ ရိုးရာယဉ်ကျေးမှုမပျက် လှူဒါန်းပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။

သီပေါ မဟာမြတ်မုနိဘုရားကြီးကို မန္တလေးမဟာမြတ်မုနိဘုရားကြီး၏ ပုံတော်အတိုင်း သီပေါစော်ဘွားကြီး စောကြာခိုင်နှင့် ဆွေတော်မျိုးတော်များက လွန်ခဲ့သည့် ၁၂၃ နှစ်ခန့်က စတင်သွန်းလောင်း၍ ကိုးကွယ်ခဲ့ခြင်းဖြစ်ကာ ရှေးဟောင်းသမိုင်းဝင်ဘုရားတစ်ဆူဖြစ်ပြီး သီပေါမြို့၏ ကျက်သရေဆောင်လည်းဖြစ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# သီးနှံမျိုးပင်နှင့်ဥယျာဉ်ခြံမျိုးပင်များ အခမဲ့ဖြန့်ဝေ

**ပိုင်ကျုံ အောက်တိုဘာ ၅**

ကရင်ပြည်နယ် ဘားအံခရိုင် ပိုင်ကျုံမြို့ အမှတ်(၁)ရပ်ကွက်၌ ဒေသခံပြည်သူများ စားသောက်နိုင်ရန်နှင့် ခြံထွက်သီးနှံများမှ ဝင်ငွေရရှိစေရန်အတွက် ရာသီပေါ်သီးနှံမျိုးပင်များနှင့် ဥယျာဉ်ခြံစိုက် နှစ်ရှည်သီးနှံမျိုးပင်များကို စိုက်ပျိုးရေးဦးစီးဌာနက အောက်တိုဘာ ၃ ရက်တွင် အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သီးနှံမျိုးပင်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဖြန့်ဝေပေးခြင်းဖြစ်ပြီး ရာသီပေါ်သီးနှံများနှင့် ဥယျာဉ်ခြံစိုက် နှစ်ရှည်သီးနှံမျိုးပင်များဖြစ်သော ဒန့်သလွန်၊ ကင်မွန်းချဉ်၊ သရက်၊ ပိန္နဲ၊ ကျွန်း၊ အုန်းနှင့် ငရုတ်ကောင်း မျိုးပင်များ၊ စုစုပေါင်းမျိုးပင် ၈၀၀ ကို အမှတ်(၁)ရပ်ကွက်မှ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများထံ အခမဲ့ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အကူသူနာပြုသင်တန်းဆင်းပွဲ ကျင်းပ

**မြစ်ကြီးနား အောက်တိုဘာ ၅**

ကချင်ပြည်နယ် ကုသရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သည့် အကူသူနာပြုသင်တန်းအမှတ်စဉ်(၁/၂၀၁၅)သင်တန်းဆင်းပွဲကို မြစ်ကြီးနားမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ အောက်တိုဘာ ၁ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ်ကုသရေးဦးစီးဌာနမှူး ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ငွေစံက သင်တန်းဆင်းအမှာစကားပြောကြားကာ သင်တန်းဆင်းလက်မှတ်များနှင့် ထူးချွန်ဆုရသင်တန်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းကို ဇန်နဝါရီ ၁ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး မြစ်ကြီးနား၊ ဗန်းမော်၊ မိုးကောင်းနှင့် ဝိုင်းမော်မြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများမှ အရည်အချင်းပြည့်မီသည့် သင်တန်းသူကိုးဦးတက်ရောက်ခဲ့ကာ သင်တန်းတွင် ကျန်းမာရေးစောင့်ရှောက်မှုအတတ်ပညာများကို အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများက သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**မိုးဃန်းကျ(မြစ်ကြီးနား)**

# သက်ကြီးရွယ်အိုများနေ့အခမ်းအနားကျင်းပ

**ထားဝယ် အောက်တိုဘာ ၅**

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အထိမ်းအမှတ်အဖြစ် ဘိုးဘွားများအား ထောက်ပံ့လှူဒါန်းသည့် အခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ သာသနာ့ဗိမာန်တော်၌ အောက်တိုဘာ ၁ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အတွင်းမှ အဘိုးအဘွား ၁၀၂ ဦးတက်ရောက်ခဲ့ပြီး အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက အမှာစကားပြောကြားကာ ဘိုးဘွားများအား အလှူငွေကျပ် နှစ်သောင်းစီနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။ အခမ်းအနားသို့ တက်ရောက်သည့် ဘိုးဘွား ၁၀၂ ဦးအပြင် မတက်ရောက်နိုင်သည့် ဘိုးဘွား ၃၈၇ ဦး စုစုပေါင်း ၄၈၉ ဦးအတွက်လည်း ထောက်ပံ့ငွေနှင့် ပစ္စည်းများကို လှူဒါန်းခဲ့ကာ အသက်အကြီးဆုံး ဘိုးဘွားများအား တစ်ဦးလျှင် ကျပ်ငါးသောင်းစီကိုလည်းကောင်း၊ ထားဝယ်နှင့် မြိတ်မြို့ ဘိုးဘွားရိပ်သာများသို့ ငွေကျပ်တစ်သိန်းစီကိုလည်းကောင်း စုစုပေါင်း အလှူငွေနှင့် ပစ္စည်းတန်ဖိုးငွေ ကျပ် ၁၁၁ သိန်းကျော်ကို လှူဒါန်းခဲ့ကြောင်း သိရသည်။ ငွေနှင့် ပစ္စည်းများလှူဒါန်းသည့်အပြင် ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုများလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

**ကယားပြည်နယ် လွိုင်ကော်မြို့ရှိ သမိုင်းဝင်ဆုတောင်းပြည့် မြို့နာမ်ရွှေစေတီတော်မြတ်ကြီးသို့ လာရောက်ဘုရားဖူးကြသော ဘုရားဖူးဧည့်သည်များ၊ နိုင်ငံရပ်ခြား ဧည့်သည်များ စိတ်ချမ်းမြေ့စွာဘုရားဖူးနိုင်ရေးအတွက် စေတီတော်ပရိဝုဏ်၌ ပြည်နယ် ဒေသကွပ်ကဲမှု စစ်ဌာနချုပ်မှ ဗိုလ်မှူးချုပ်အေးလွင် ဦးစီးသော တပ်ရင်းတပ်ဖွဲ့ မိသားစုများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို အောက်တိုဘာ ၃ ရက်က ဆောင်ရွက်ကြစဉ်။**

ရဲနောင်




ခရီးစဉ်အသစ် တစ်ခု
ရန်ကုန်မြို့ ✈ ဟိုချီမင်းမြို့
(ဗီယက်နမ်)
မြန်မာကျပ်ငွေ
ပရိုမိုးရှင်း ကာလ -
နေ့လည် ၁၁း၃၀ မှ
၁း၃၀ အထိ
0
(*)
ကျပ်
သာ
www.vietjetair.com
ပျော်ရွှင်ချစ်ကြည်စွာပျံသန်းကြပါစို့။
ခေတ်သစ်လေကြောင်းလိုင်း တစ်ခုဖြစ်သော Vietjet သည် မြန်မာနိုင်ငံသို့ ရောက်ရှိလာပါပြီ။ Vietjet မှ လှပသော ဗီယက်နမ်မြို့၏ အဖိုးမဖြတ်နိုင်သော ရှေးဟောင်းအမွေအနှစ်များ ဖြစ်သည့် ကမ္ဘာ့ အကြီးဆုံးသဘာဝလိုဏ်ဂူ ဆွန်ဒွန်းဂူ (Son Doong),ဟာလောင်းဘေး (Ha Long Bay)သို့ မဟုတ် ဒါနန် (Da Nang), နာထရမ် (Nha Trang),ဖူးကျို့ (Phu Quoc) အစရှိသော ကမ်းခြေများ၏ အလှကို ခံစားနိုင်ရန် ယဉ်ကျေးပျူငှာသော အပြုံးများနှင့် နွေးထွေးစွာ ဖိတ်ခေါ်ချင်ပါသည်။
မင်္ဂလာပါမြန်မာ။ Vietjet ၏ လေကြောင်းလိုင်းစတင်ပျံသန်းခြင်း အထိမ်းအမှတ် အဖြစ် လေယာဉ်လက်မှတ် ထောင်ပေါင်းများစွာကို မြန်မာကျပ်ငွေ ၀ ကျပ်ဖြင့် စတင်ရောင်းချသွားမည် ဖြစ်ပါသည်။ ဤအထူးလက်မှတ်များကို ၂၀၁၅၊ အောက်တိုဘာ ၅ ရက်နေ့မှ ၇ ရက်နေ့အထိ ၃ ရက်သာ ရောင်းချသွားမည်ဖြစ်ပြီး www.vietjetair.com တွင် ဝယ်ယူနိုင်ပါသည်။ ပျံသန်းမည့်အချိန်မှာ ၂၀၁၅၊ အောက်တိုဘာလ ၁၅ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ဖြစ်ပါသည်။ ရန်ကုန် - ဟိုချီမင်း (ဗီယက်နမ်) လက်မှတ်များကို ရယူဖို့ အချိန်သင့်နေပြီ ဖြစ်ပြီး ဗီယက်နမ် ပြည်တွင်းလေကြောင်း ခရီးစဉ်များကိုလည်း ဆက်လက် ခံစားနိုင်မည်ဖြစ်ပါသည်။
သင့်စိတ်ကြိုက်ဖြစ်စေမည့် နောက်ဆုံးပေါ် စိတ်အချရဆုံးသော လေယာဉ်များနှင့် ပျံသန်းနိုင်မည်ဖြစ်ပါသည်။ ဇိမ်ကျသော သရေထိုင်ခုံ များတွင်ထိုင်ပြီး ထူးခြားသော လေယာဉ်တွင်း ဖျော်ဖြေမှုများကို ခံစားရင်း Vietjet ၏ ဖော်ရွေသော လေယာဉ်မယ်လေးများ တည်ခင်းဧည့်ခံသည့် အကောင်းဆုံးသော အစားအသောက်များကို လည်း သုံးဆောင်နိုင်ပါသည်။
Vietjet ၏ ထူးခြားသောအစီအစဉ် ကို www.vietjetair.com တွင် နေ့စဉ် နေ့လည် ၁၁း၃၀ မှ ၁း၃၀ ထိ ရယူပြီး ပျံသန်းလိုက်ပါ။
vietjetAir.com
လက်မှတ်အရောင်းဌာနများ
Website: www.vietjetair.com
-Mobile: http://m.vietjetair.com
-Facebook: www.facebook.com/vietjetglobal
Tab "Booking"
AVIAREPS Myanmar
အခန်း ၀၃-၀၃၊ တတိယထပ်၊ လပြည့်ဝန်းပလာဇာ၊
အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း - ၉၅-၀၁၁-၂၂၃၁၂၇
ဖက်(စ်) - ၉၅ ၁ ၃၇၁ ၃၈၃
ငွေပေးချေနိုင်သည့် နည်းလမ်း: Visa/ Master/AMEX/JCB
* Terms & conditions
ဟိုချီမင်းမြို့ ✈ ကန်တို ✈ ဒါလတ် ✈ နာတရန် ✈ ဖူကျို ✈ ဘွန်မသွတ် ✈ ကွေနှံ့ ✈ ဒါနန်း ✈ စပ် ✈ ဗင် ✈ ဟိုက်ဖွန်း ✈ ဟန္နိုင်း ✈ ထိုင်းလန် ✈ စင်ကာပူ ✈ ထိုင်ဝမ် ✈ ကိုရီးယား ✈ ရန်ကုန်

## ဂန္ထဝင်ရွှေပုဂံ Travels & Tours

| | | | | | |
|---|---|---|---|---|---|
| ဘန်ကောက် | (၆)ရက် | USD 560 | တူရကီ | (၁၁)ရက် | USD 2200 |
| စင်ကာပူ | (၄)ရက် | USD 850 | ဂျာမနီ၊ချက်၊ဟန်ဂေရီ၊ပိုလန် | (၁၀)ရက် | USD 3900 |
| ဟောင်ကောင် | (၅)ရက် | USD 1000 | ပြင်သစ်၊အီတလီ၊ဆွစ်ဇာလန် | (၁၀)ရက် | USD 3800 |
| ပီကင်း၊ရှန်ဟိုင်း | (၆)ရက် | USD 1200 | ဥရောပနိုင်ငံကြီး (၆) နိုင်ငံ | (၁၀)ရက် | USD 3800 |
| ဂယာ | (၁၅)ရက် | ၁၂ သိန်း | အမေရိကန် | (၁၅)ရက် | USD 6700 |
| လာအို | (၅)ရက် | USD 1300 | အမေရိကန် | (၁၀)ရက် | USD 4700 |
| ဗီယက်နမ် | (၆)ရက် | USD 850 | သြစတြေးလျ | (၁၁)ရက် | USD 4500 |
| ကမ္ဘောဒီးယား | (၅)ရက် | USD 700 | ဒူဘိုင်း | (၆)ရက် | USD 1700 |
| ကိုရီးယား | (၈)ရက် | USD 1900 | ဘူတန် (တင်ပူ၊ပါရို) | (၄)ရက် | USD 2300 |
| ဂျပန် | (၈)ရက် | USD 2900 | ရုရှား | (၉)ရက် | USD 3800 |

ကုမ္ပဏီ၊ အဖွဲ့အစည်းများအား Corporate နှုန်းဖြင့် ရောင်းပေးနေပါသည်။ လူကြီးမင်းတို့ သီးသန့် စိတ်ကြိုက်ပုံဖော်ခရီးစဉ်များကို ဂန္ထဝင်ရွှေပုဂံ၏ အတွေ့အကြုံများဖြင့် အမှန်ကန်ဆုံး လမ်းကြောင်းရွေးပေးပါသည်။ ကမ္ဘာအနှံ့ခရီးစဉ်များနှင့် ပတ်သက်၍ မိမိသိလိုသမျှကို အချိန်မရွေး မေးမြန်းနိုင်ပါသည်။

အမှတ် ၆၇၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်။ ရန်ကုန်မြို့။
Ph - 01 500191, 510491, 2304645,09-252281456
အမှတ် ၈၁၊ ၃၃ နှင့် ၃၄ လမ်းကြား၊ မန္တလေးမြို့။
Ph - 09 31693339, 09 730 13856

Hot Line
09 - 73003772

## ATTOLLO အက်တို(လ်)လို အဆင့်မြင့်ခရီးသွားကုမ္ပဏီ

| | | | |
|---|---|---|---|
| ထားဝယ်–မောင်းမကန်–ကန်ချနာပူရီ | OCT 26 | မော်လမြိုင်–ဇင်းကျိုက် | OCT 9,10 |
| စစ်တွေ–မြောက်ဦး | OCT 28 | ဘားအံ–ဆဒ္ဒန်ဂူ | OCT 31 |
| ကော့သောင်း–သူဌေးကျွန်း–ရနောင်း | OCT 28 | ဗန်ကောက်–ပတ္တရား | OCT 28 |
| တောင်ငူ–သံတောင်–မိုးကျားဆင်စခန်း | OCT 17 | ဗီယက်နမ် | OCT 27 |
| Find us : www.facebook.com/attollotravel | | ဥရောပ ၆ နိုင်ငံ | NOV 16 |

ကုမ္ပဏီများ နှင့် အသင်းအဖွဲ့အစည်းများအတွက် ခရီးစဉ်များကို ဈေးနှုန်းချိုသာစွာဖြင့် စီစဉ်ပေးနေပါပြီ...
Ph : 01-389187, 09-32109138, 09-795418474

## iStock® ကုန်ပစ္စည်းထိန်းကွန်ပျူတာစနစ်

- ကုန်ရောင်း/ကုန်ဝယ်စာရင်း
- ငွေစာရင်း
- ကုန်လက်ကျန်စာရင်း
- ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
- အကြွေးစာရင်း
- လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း

Contact Us ...
YGN 09-43029798, 09-43064181, 09-252424002
MDY 09-257333214, 09-978030881
NPT 09-974432762, 09-974432763
Galaxy Software Co.,Ltd.
www.galaxy.com.mm

## ၂၀၁၅–၂၀၁၆ Student's Review

အမှတ်ပေးစည်းမျဉ်းနှင့်အညီပြုစုထားသော
Grade 5 စတုတ္ထတန်း
ခန့်မှန်းမေးခွန်း
(၅)စုံ
Grade 9 အဋ္ဌမတန်း

ဦးထွန်းသန်း (ပါမောက္ခ–ငြိမ်း)
UTA (ရန်ကုန်တက္ကသိုလ်)
Dr. TW(Maths.)
ဒေါက်တာမေမြင့် (ရန်ကုန်တက္ကသိုလ်)
ခင်စုမေ (သမိုင်းဌာန)
ဒေါက်တာနီ
ဦးထွန်းထွန်း

ကောရီစာပေ C/၃၄၊ နေကြာသာယာကုန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉၇၃၀၅၁၁၁၄၊ ၀၉၅၁ ၂၉၆၇၀၊ ၀၉၅၅၀၁၁၅၄ အမြို့မြို့အနယ်နယ်တွင်ဝယ်ယူရရှိနိုင်ပါသည်။

## 2007 MODEL (2013 FACE) MERCEDES BENZ GL 550 ရောင်းမည်

အဖြူရောင်၊ ဘယ်မောင်း၊ ခုံ ၃တန်း၊ 4500 CC ၊ 9E ၊ SERVICE CENTRE တွင် ALL CHECK လုပ်ပြီး၊ လေအိတ် ၄လုံး/ တာယာ ၄လုံး/ ဘရိတ် DISC ၄ခု/ ဘက်ထရီ/ အင်ဂျင်ဝိုင်/ ပါဝါဂန်း/ အသစ်လဲပြီး (၁၆၁)သိန်းဖိုး ပြင်ဆင်ပြီး








09 430 21001
သိန်း (၁၀၀၀)ညှိနှိုင်း

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဘုရင့်နောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၂၀/တပ်ကုန်းမြောက်၊ မြေကွက်/ဦးပိုင်အမှတ် (၂/၂)၊ ဧရိယာ ၀ဒသမ၅၈ဧကရှိ မြေကွက်အား ဒေါ်အေး (ဘ)ဦးလှဝင်း ၇/ပတတ(နိုင်)၁၀၆၆၇၂မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ယနေ့မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကိုကျော်စိုး

ရန်ကုန်မြို့တွင်း မြေကြီးအပိုရှိသည်
စက်ရုံနှင့်မြေကွက် မြေကြီးလိုအပ်သူများ
ဆက်သွယ်ပါရန်
ဖုန်း–၀၉–၂၀၁၀၀၁၆၊ ၀၉–၅၆၅၀၃၀၇၊
၀၉–၃၀၁၆၈၈၈၈

## ပန်ကြားနှိုးဆော်လွှာ

မြောင်းမြမြို့၏ မြို့တည်သမိုင်းစာတမ်းပြုစုရေးအဖွဲ့သည် မြောင်းမြမြို့၏ ခိုင်မာပြည့်စုံသော မြို့တည်သမိုင်းစာတမ်းတစ်စောင်ဖြစ်မြောက်ရန် ပြုစုလျက်ရှိပါသည်။ မြောင်းမြမြို့၏ မြို့တည်သမိုင်းဆိုင်ရာ အထောက်အထား၊ အချက်အလက်၊ စာအုပ်စာတမ်း၊ ပေပုရပိုက်၊ ကျမ်းဟောင်း၊ ရှေးဟောင်းပစ္စည်းများ၊ အသုံးအဆောင်များကို မည်သူမဆို လက်ဝယ်ပိုင်ဆိုင်ထားရှိသူများမှ ငှားရမ်း၊ ပေးလှူ၊ ကြည့်ရှုလေ့လာခွင့်ပြုပေးပါရန် ပန်ကြားနှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန် – မြောင်းမြမြို့တည်သမိုင်းစာတမ်းပြုစုရေးအဖွဲ့
၀၉–၃၆၃၆၈၉၁၈ / ၀၉–၇၉၁၁၀၀၁၄၈

## ပျောက်ဆုံးကြောင်း

ကျွန်မနန်းမွေနွံ (ဘ)ဦးစိုင်းလှမောင်၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၂၅၂၀၇၉၇၆

## ပျောက်ဆုံးကြောင်း

ကျွန်တော် ပီတာဝင်း ၂/ဖရဆ(နိုင်) ၀၁၅၃၅၆ ၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၇၈၀၅၂၁၇၄၈

## ပျောက်ဆုံးကြောင်း

ကျွန်မ ငြိမ်းငြိမ်းဖြူ (ခ) နှင်းနှင်းဖြူ ၂/လကန(ဧည့်)၀၀၀၂၈၂၏ နိုင်ငံကူးလက်မှတ် MA 950932 1 18.Nov.2014သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၉၇၇၉၂၀၂၀၃

## ပျောက်ဆုံးကြောင်း

ကျွန်မ မန္တေးအိအိလွင် ၉/မထလ(နိုင်) ၂၅၁၆၉၈၏ PP No.MA 046792 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၂၅၆၀၀၂၃၅၀

## အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်းအကြောင်းကြားစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ–၃၇၃)
မုံရွာခရိုင်တရားရုံး
၂၀၁၅ခုနှစ် တရားမအထွေထွေမှုအမှတ်–၁၅

ကွယ်လွန်သူ မုံရွာမြို့၊ ထန်းတောကျွန်းဆွယ်ရပ်နေ ဦးညွန့်ဌေးတွင် ကျန်ရှိရစ်သောပစ္စည်းအကြောင်း။

ဒေါ်မြမော် **လျှောက်ထားသူ**

မုံရွာမြို့၊ ထန်းတောရပ်နေ ဒေါ်မြမော်က ကွယ်လွန်သူ ဦးညွန့်ဌေး၏ ဇနီးဖြစ်သည်ဟူ၍ မုံရွာမြို့၊ ထန်းတောရပ်ကွက်နေ ၎င်းကွယ်လွန်သူ ဦးညွန့်ဌေးမှာ ကျန်ရစ်သော ပစ္စည်းများထဲမှ ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးညွန့်ဌေးမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၅ခုနှစ် အောက်တိုဘာ ၂၇ရက် (၁၃၇၇ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ ရက်) တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်မြမော်၏ လျှောက်ထားချက်ကိုနားကြား၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စောမျိုးမျိုး)
ဒုတိယခရိုင်တရားသူကြီး
မုံရွာခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
ထားဝယ်ခရိုင်တရားမရုံးတော်၌
၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်–၄၉

ဒေါက်တာယုဝါ နှင့် ဦးသင်းဆွေ
**တရားလို** **တရားပြိုင်**

(ယခင်နေရပ်လိပ်စာ) အမှတ် ၆၈၆၊ ဘုမ္မော်ရပ်၊ ဗိုလ်ချုပ်လမ်း၊ ထားဝယ်မြို့နေ ဦးသင်းဆွေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ ဒေါက်တာယုဝါက မြေကွက်အရောင်းအဝယ်စာချုပ်အသစ်ချုပ်ဆိုရန် မှတ်ပုံတင်ပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၆ ရက် (၁၃၇၇ ခုနှစ် သီတင်းကျွတ်လဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်ကိုယ်တိုင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သန်းသန်းလွင်)
ခရိုင်တရားသူကြီး
ထားဝယ်ခရိုင်တရားရုံး

## ကြော်ငြာစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ–၂၈၃)
မန္တလေးခရိုင်တရားရုံးတော်
၂၀၁၅ခုနှစ် တရားမထွေထွေမှုအမှတ်–၈၆

ဦးသန်းထိုက် **လျှောက်ထားသူ**
၃၃ × ၈၈ လမ်းထောင့်၊ အကွက် ၂၆၈၊
ပြည်ကြီးပျော်ဘွယ်အနောက်ရပ်၊ မန္တလေးမြို့။

ကွယ်လွန်သူ ဦးသိန်းတန်၊ ဒေါ်ဝင်းစိန်၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်၊ ၃၃×၈၈လမ်းထောင့်၊ အကွက် ၂၆၈ ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးသိန်းတန်နှင့် ဒေါ်ဝင်းစိန်တို့၏ ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် လျှောက်ထားသူ ဦးသန်းထိုက်က အမွေဆက်ခံခြင်းဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၃ ရက် (၁၃၇၇ ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးသိန်းတန်နှင့် ဒေါ်ဝင်းစိန်တို့၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၁၅ခုနှစ် အောက်တိုဘာ ၂၃ ရက် (၁၃၇၇ ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးသန်းထိုက်၏လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၁၅ခုနှစ် စက်တင်ဘာ ၂၉ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဝင်းဆောင်)
တွဲဖက်ခရိုင်တရားသူကြီး(၄)
မန္တလေးခရိုင်တရားရုံး

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဝုန်ဖေးထန်
### အသက်(၈၈)နှစ်

မော်လမြိုင်တက္ကသိုလ်၊ ငွေစာရင်းဌာနမှ ဌာနခွဲမှူး(ဘဏ္ဍာ) ဒေါ်ညောင်ဟောက်လွန်း၏မိခင် ဒေါ်ဝုန်ဖေးထန် အသက်(၈၈)နှစ်သည် ၂-၁၀-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အင်ဂျင်နီယာဌာန**
**မော်လမြိုင်တက္ကသိုလ်**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်နု(ခ)ဒေါ်တင်အေး (နေပြည်တော်)
### အသက်(၈၁)နှစ်

သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သက်- ဒေါ်တင်တင်မြတို့၏မိခင် ဒေါ်နု(ခ)ဒေါ်တင်အေးသည် ၅-၁၀-၂၀၁၅ရက်တွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်**
**နှင့် ဝန်ထမ်းများ**
**သတ္တုတွင်းဦးစီးဌာန**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်နု(ခ)ဒေါ်တင်အေး (နေပြည်တော်)
### အသက်(၈၁)နှစ်

သတ္တုတွင်းဦးစီးဌာန၊ ဓာတ်သတ္တုဖွံ့ဖြိုးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးကျော်သက်-ဒေါ်တင်တင်မြတို့၏မိခင် ဒေါ်နု(ခ)ဒေါ်တင်အေးသည် ၅-၁၀-၂၀၁၅ရက်တွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းများ**
**ဓာတ်သတ္တုဖွံ့ဖြိုးရေးဌာနခွဲ**
**သတ္တုတွင်းဦးစီးဌာန**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မာမာခင်(ညီမလေး) အသက်(၆၃)နှစ်
### B.Sc (Zoology) (1979)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် ၁၀၆ (F)နေ(ဦးဆယ်-ဒေါ်နုနု)တို့၏သမီး၊ (ဦးမောင်မောင်-ဒေါ်ကြင်မြာ)တို့၏သမီးချွေးမ၊ ဦးကျော်ဘုန်းလင်း(သတ္တဗေဒဌာန)၏ချစ်လှစွာသောဇနီး၊ ဦးမျိုးသူရကျော်-ဒေါ်တင်တင်စိုးတို့၏ချစ်လှစွာသောမိခင်၊ မောင်ဟိန်းတေဇာ (ထ-၆၊ ဗိုလ်တထောင်)၊ မဂုဏ်ရည်သင်း(ထ-၄၊ ဗိုလ်တထောင်)တို့၏အဘွား၊ ဒေါ်ခင်ညွှန့်၊ (ဦးကျော်ခင်)-ဒေါ်ခင်ရီ၊ ဦးတင်ဦး-ဒေါ်ခင်ကြည်၊ ဦးခင်မောင်ညို-(ဒေါ်ကြင်ကြင်)၊ (ဦးဆန်းထွန်း)-ဒေါ်ခင်စီ၊ (ဦးခင်မောင်စိန်)၊ (ဒုတိယဗိုလ်မှူးကြီးဘလှိုင်)-ဒေါ်ခင်ခင်စိန်၊ (ဦးခင်မောင်ထွန်း)-ဒေါ်နှင်းမြင့်တို့၏ညီမသည် ၅-၁၀-၂၀၁၅ရက် (တနင်္လာနေ့)ညနေ ၃း၅၀ နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မာမာခင် (ညီမလေး)
B.Sc (Zoology) (1979)
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် ၁၀၆ (F)နေ(ဦးဆယ်-ဒေါ်နုနု)တို့၏သမီး၊ (ဦးမောင်မောင်-ဒေါ်ကြင်မြာ)တို့၏သမီးချွေးမ၊ ဦးကျော်ဘုန်းလင်း(သတ္တဗေဒဌာန)၏ချစ်လှစွာသောဇနီး၊ ဦးမျိုးသူရကျော်-ဒေါ်တင်တင်စိုးတို့၏ချစ်လှစွာသောမိခင်၊မောင်ဟိန်းတေဇာ(အထက-၆၊ ဗိုလ်တထောင်)၊ မဂုဏ်ရည်သင်း (အထက-၄၊ ဗိုလ်တထောင်)တို့၏အဘွား၊ (ဦးမြင့်-ဒေါ်ညွှန့်ညွှန့်ခင်)၊ ဒေါက်တာဦးကျော်စိန်-(ဒေါ်တင်တင်ဝင်း)၊ ဦးဝင်းခိုင် - (ဒေါ်တင်တင်နွဲ့)၊ ဦးသန်းမြင့် - ဒေါ်သန်းသန်းဝင်းတို့၏ ညီမသည် ၅-၁၀-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၃း၅၀နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### အထူးကျေးဇူးတင်ရှိပါကြောင်း
## ဒု-အရာခံဗိုလ်ဝင်းဦး (MGTI-1992)
### ကပ-၉၈၇၁၆၉၊ အပတ်စဉ်(၁၀၅)
### အသက်(၅၃)နှစ်

၂၇-၉-၂၀၁၅ရက် နံနက် ၈း၃၀နာရီတွင်ကွယ်လွန်ခဲ့သော ဒု-အရာခံဗိုလ်ဝင်းဦး၏ နာရေးကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးပါသော ဆအတ-၄မှ တပ်ရင်းမှူးကြီးနှင့်တကွ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကွယ်လွန်ချိန်မှ ရက်လည်ဆွမ်းကျွေးပြီးသည်အထိ ကိုယ်ရောစိတ်ပါ ဝိုင်းဝန်းကူညီပေးပါသော မိတ်ဆွေများအား အထူးကျေးဇူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု၊ အောင်လံမြို့**

## မောင်ထိန်လင်းအောင်
## အသက် (၂၆)နှစ်
### (လှိုင်သောက်ရေသန့်)
### ပျဉ်းမနားမြို့

နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ (၈) လမ်း၊ အိမ်အမှတ်(၇/၃)နေ ဦးဇော်မင်းအောင် (ကြေးမုံသတင်းထောက်)-(ဒေါ်တင်လှိုင်) တို့၏သား၊ ညောင်ပင်သာကျောင်းထိုင်ဆရာတော် ဦးနန္ဒာစာရ၊ ညောင်ပင်သာရွာနေ ဦးဘို-ဒေါ်သန်းစိန်၊ ဦးစိန်မြင့်တို့၏ တူ၊ မောင်ဆက်ပိုင်မှူး-မသဲစုလှိုင်၊ ဒေါက်တာစိုးမိုးကျော်- မလှိုင်စပယ်အောင်တို့၏မောင် မောင်ထိန်လင်းအောင် (လှိုင်သောက်ရေသန့်) သည် ၄-၁၀-၂၀၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၅း၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ညောင်ပင်သာသုသာန်တွင် ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၈-၁၀-၂၀၁၅ ရက် (ကြာသပတေးနေ့) နံနက် ၆ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်ညွှန့် (ဂန့်ဂေါမြို့)
### အသက်(၉၂)နှစ်

ဂန့်ဂေါမြို့၊ မြို့မရပ်နေ(ဦးချစ်မြ)၏ဇနီး၊ ရန်ကုန်မြို့နေ ဦးကျော်ဇေယျ-ဒေါ်ခင်စန်းမြင့်၊ ဦးခင်မောင်ဝင်း-ဒေါ်စန်းစန်းအေး၊ ပျော်ဘွယ်မြို့နေ ဦးမောင်မောင်လွင်-ဒေါ်နုနုအေး၊ (ဒေါက်တာညီညီကြိုင်)-ဒေါက်တာမြင့်မြင့်သန်း၊ (ဦးမောင်မောင်မြင့်)တို့၏မိခင်၊ ဒေါက်တာကုမုဒြာကျော်၊ ဒေါ်ပဒုမ္မာကျော်၊ ဦးကျော်စံလင်း-ဒေါ်အေးအေးခိုင်၊ မောင်စိုးထက်ဝင်း၊ မခိုင်ဝါလွင်၊ မောင်စည်သူလွင်၊ မောင်မြင့်မိုရ်ညီညီတို့၏အဘွားသည် ၃၀-၉-၂၀၁၅ရက် နံနက် ၇ နာရီတွင် ပျော်ဘွယ်မြို့၊ မြင်းဘက်ရပ်၊ အမှတ် ၁၈၅ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၅ရက် ညနေ ၄နာရီတွင် မန်ကျည်းပင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ဝင်းစိန်
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ အရှေ့ရန်ကင်း၊ တိုက် ၂၆၅၊ အခန်း ၄နေ ဒေါ်ကြည်ညွှန့်-(ဦးဇေယျ)တို့၏သမီး၊ မုံရွာမြို့နေ (ဦးလှထွန်း-ဒေါ်တင်ညွှန့်)တို့၏ချွေးမ၊ [ဦးသိန်းမြင့်ထွန်း(ညွှန်မှူး၊ ငြိမ်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)]၏ဇနီး၊ ဦးသာထက်လင်း - ဒေါ်သူဇာမြင့်(မြန်မာ့မျက်သွယ်ရောင်းဝယ်ရေး)၊ ဦးဥက္ကာမြင့်-ဒေါ်မာမာသွယ်တို့၏ဖခင်၊ မောင်ကောင်းမြတ်ကိုကို(Grade-8, I)၊ မောင်ကောင်းထက်ညီညီ(Grade-2, F အထက-၁၊ ဒဂုံ)၊ မမေသွယ်ခိုင်(Grade-7,A)၊ မောင်ညီမိုးစေအောင်(Grade-3, A အထက-၂၊ အင်းစိန်)တို့၏အဘွားသည် ၄-၁၀-၂၀၁၅ရက်(တနင်္ဂနွေနေ့) ည ၁၁း၂၀နာရီတွင် နှင်းဆီကုန်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်သိန်း (ရုံးအုပ်၊ ငြိမ်း)
### မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ ဒလမြို့နယ်၊ ညောင်ကုန်းရပ်ကွက်နေ(ဦးကျော်ညွှန့်-ဒေါ်ကြီးမြင့်)တို့၏သမီး၊ ဦးအုန်းမြင့်-ဒေါ်ခင်မြမြတို့၏ညီမ၊ ဦးစံမောင်၊ ဦးဘအောင်၊ ဦးကျော်နိုင်-ဒေါ်ကြည်ကြည်နွယ်၊ ဦးမြင့်ဇော်၊ ဦးကိုကိုတို့၏အစ်မ၊ ကိုထွန်းအောင်ကျော်-မနှင်းဝတ်ရည်၊ ကိုသီဟတို့၏မိခင်၊ တိုက် ၅၇၊ အခန်း ၁၂၊ ဖဆပလရပ်ကွက်နေ ဦးရဲမင်း(ရုံးအုပ်၊ငြိမ်း)၏ချစ်လှစွာသောဇနီးသည် ၄-၁၀-၂၀၁၅ရက် (တနင်္ဂနွေနေ့) ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၅ရက်(အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၀-၂၀၁၅ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ချိုချို
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ အမှတ် ၁၃ (၂-က)နေ (ဦးအေး-ဒေါ်သန်းစိန်)တို့၏သမီး၊ (ဦးစိုးတင်- ဒေါ်သန်းငွေ)တို့၏သမီးချွေးမ၊ ဒေါ်အေးအေးသန်း(ဒုတိယညွှန်ကြားရေးမှူး၊ ငြိမ်း၊ လဝက)၊ ဦးထွန်းထွန်း-ဒေါ်ငွေငွေရီတို့၏ညီမ၊ ဦးတင်ဝင်း-ဒေါ်ခင်မာဆွေတို့၏အစ်မ၊ ဦးအောင်မင်း (တပ်မတော်-ရေ၊ ငြိမ်း)၏ဇနီး၊ ဒေါ်သန္တာအောင်-ဦးတင်ထွန်းရင်၊ ဦးချမ်းငြိမ်းအောင်တို့၏မိခင်၊ မနှင်းထက်ရင်၏အဘွားသည် ၃-၁၀-၂၀၁၅ရက်တွင်ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၁၅ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း
## မောင်ထိန်လင်းအောင်
### အသက်(၂၆)နှစ်

မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ်အမှုဆောင် ဦးဇော်မင်းအောင်၏သား မောင်ထိန်လင်းအောင် အသက်(၂၆)နှစ်သည် ၄-၁၀-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌနှင့် အမှုဆောင်များ**
**မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်**

### အထူးဝမ်းနည်းကြေကွဲခြင်း
## မောင်ထိန်လင်းအောင်
### အသက်(၂၆)နှစ်

ဇေယျာရွှေမြေဘောလုံးအသင်း အထွေထွေမန်နေဂျာ ဦးဇော်မင်းအောင်၏သား မောင်ထိန်လင်းအောင် အသက်(၂၆)နှစ်သည် ၄-၁၀-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**အုပ်ချုပ်/နည်းပြ/ဘောလုံးသမားများ**
**ဇေယျာရွှေမြေဘောလုံးအသင်း**

### အထူးဝမ်းနည်းကြေကွဲခြင်း
## မောင်ပြည့်စုံဦး(ခ)ဂူဂူး
### အသက်(၂၁)နှစ်

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးသိန်းထိုက်ဦး(ငြိမ်း)-ဒေါ်သန်းသန်းဝေတို့၏ချစ်လှစွာသောသား မောင်ပြည့်စုံဦး(ခ)ဂူဂူးသည် ၃-၁၀-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၇)မှ သူငယ်ချင်း**
**မိသားစုများ**

### ဝမ်းနည်းကြေကွဲခြင်း
## မောင်ပြည့်စုံဦး(ခ)ဂူဂူး
### အသက်(၂၁)နှစ်

ဒုတိယဗိုလ်မှူးကြီးသိန်းထိုက်ဦး(ငြိမ်း)-ဒေါ်သန်းသန်းဝေတို့၏ ချစ်လှစွာသောသား မောင်ပြည့်စုံဦး(ခ)ဂူဂူးသည် ၃-၁၀-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**B.D.S (35) မှ သူငယ်ချင်းများ**

## ဒေါ်သာနု (စစ်တွေ)
### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ ၈လမ်း၊ အမှတ် (၂၂၆-ခ)နေ(ဦးစိန်ထွန်းဦး-ဒေါ်မိုးစိန်ဦး)တို့၏သမီး၊ (ဦးကောင်းစံဝေ)-ဒေါ်နုစိန်တို့၏ညီမ၊ (ဦးသာထွန်းအောင်)-ဒေါ်ညာစိမ်းဖြူ၊ ဦးယဉ်-ဒေါ်မရှင်တို့၏အစ်မ၊ (ဦးကွမ်ချုပ်)၏ဇနီး၊ ဦးလှမောင်-ဒေါ်စောညွှန့်ဦး၊ ဦးလှမျိုး-ဒေါ်စံလှမေ၊ ဦးသာထွန်း-ဒေါ်မင်းမင်းအေး၊ ဦးစိန်လှမောင်-ဒေါ်တင်တင်ဦး၊ ဦးသိန်းထွန်း-ဒေါ်ခင်အေးသိန်းတို့၏မိခင်၊မြေး ၁၁ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၄-၁၀-၂၀၁၅ရက် ညနေ ၄း၂၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၅ရက် နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးစံလွင် (ထားဝယ်မြို့)
### ကုန်သွယ်/လယ်ယာ(ငြိမ်း)
### အသက်(၇၇)နှစ်

ထားဝယ်မြို့၊ဇရစ်ရပ်နေ(ဦးဘဟန်-ဒေါ်အင်ကြူ)တို့၏သား၊ သင်္ဘောဆိပ်ရပ်နေ (ဦးငွေလှိုင်-ဒေါ်စန်းမြင့်)တို့၏သားသမက်၊ သင်္ဘောဆိပ်ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် ၂၆၄/၂၅၈ နေ ဒေါ်ရီတာ၏ခင်ပွန်း၊ ဦးစိန်လွင်-ဒေါ်ငွေငွေမြင့် (ခေတ္တ - စင်ကာပူ)၊ ဦးကျော်ဘုန်းမြင့် (လ/ထ ပညာရေးမှူး၊ ရေဖြူ) - ဒေါ်အေးအေးသန့် (အထက-၁၊ ထားဝယ်)၊ ဦးစိုးမိုး-ဒေါ်ယုယုခိုင်၊ ဦးကျော်ကျော်မိုး-ဒေါ်ဥမ္မာလှိုင်၊ ဦးအောင်သစ်-ဒေါ်ငွေငွေသစ် (ရွှေနေ-မီဒီယာ)တို့၏ဖခင်၊ မြေး ၁၁ ယောက်တို့၏အဘိုးသည် ၄-၁၀-၂၀၁၅ရက်(တနင်္ဂနွေနေ့)ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးမျိုးမြင့်(ခ)ဦးအောင်စံ
### အမှတ်(၉၆၂)ဆောက်လုပ်ရေး အင်ဂျင်နီယာတပ်ခွဲဝန်ထမ်း(ငြိမ်း)
### အသက်(၆၈)နှစ်

စစ်တွေမြို့၊မင်းဂံရပ်ကွက်၊ ဝန်ထမ်းအိမ်ရာ၊ အကွက်(၁)နေ (ဦးရွှေလှအောင်-ဒေါ်အခိုင်)တို့၏သား၊ ဒေါ်ဦးသိန်းခင်၏ခင်ပွန်း၊ ဦးပါရမီ (မင်္ဂလာရာမကျောင်း၊ မင်းဂံရပ်ကွက်၊ အကွက်-၆)၏ဖခမည်းတော်၊ ဦးသာထွန်း(GE)၊ ဦးသာကျော်(မြေစာရင်း)၊ မခင်သန်းမြင့်(ကုန်သည်)၊ မခင်စန်းရီ (မြန်မာ့စီးပွားရေးဘဏ်)၊ မမြသန်းနွယ် (စာရင်းစစ်)တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၄-၁၀-၂၀၁၅ရက်(တနင်္ဂနွေနေ့)ညနေ ၆နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် စစ်တွေမြို့ အာဂျိုက်တော်ကုန်းသုသာန်၌သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဝဏ္ဏ B.Sc (Phys)
## ၁၉၇၇ (R.A.S.U)
### အထက(၁)ရန်ကင်း
### ကျောင်းသားဟောင်း(၁၉၇၃)
### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ ၈၉လမ်း၊ အမှတ် ၁၄၊ ခြောက်လွှာ(A)နေ(ဦးခင်မောင်လေး-ဒေါ်တင်ကြည်)တို့၏သား၊ (ဦးထွန်းရီ - ဒေါ်တင်ဦး)တို့၏ သားသမက်၊ ဒေါ်နွဲ့နွဲ့အေး(ငြိမ်း၊ ပြည်တွင်းအခွန်)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးမောင်မောင်သက်မင်း (Chief Officer Uniteam)-ဒေါ်ဝင့်အိမွန်၊ ကိုရန်နိုင်ထွန်း (Uniteam) - မသန္တာလှိုင်၊ ကိုထွန်းပြည့်ဖြိုးအောင် (Uniteam)တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မေသံစဉ်ချို၊ မောင်ရန်ရှင်းသန့်၊ မအမရာသက်မင်း(ခ)လန်းလန်းတို့၏ ဘိုးဘိုးသည် ၅-၁၀-၂၀၁၅ရက်နံနက် ၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၁၅ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တကုန္ဒာစာရ (ပေါင်းတည်၊ အင်းကြီး)
### ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၇၊၈၊၉)ရပ်ကွက်၊ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကျိုက်ပွန်ဘုရားကြီးနှင့် ရွှေဂူကြီးစေတီတော်ဩဝါဒစရိယ ကျောက်ဖျာကျောင်းတိုက်ကြီး၏ဦးစီးပဓာနနာယကဆရာတော်၊ပဲခူးမြို့ သက်တော်(၆၀)၊ သိက္ခာတော်(၄၁)ဝါ

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၇၊၈၊၉)ရပ်ကွက်၊ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ကျိုက်ပွန်ဘုရားကြီးနှင့်ရွှေဂူကြီးစေတီတော် ဩဝါဒစရိယ၊ ကျောက်ဖျာကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တကုန္ဒာစာရ မထေရ်မြတ်သည် (၁၃၇၇ခုနှစ် တော်သလင်းလပြည့်ကျော် ၂ရက်) ၃၀-၉-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၄၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၇ခုနှစ် သီတင်းကျွတ်လဆန်း ၇ရက်) ၂၀-၁၀-၂၀၁၅ ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် အန္တိမအင်္ဂါစျာပန ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။[၁၃၇၇ခုနှစ် တော်သလင်းလကွယ်နေ့ ၁၃-၁၀-၂၀၁၅ရက် (အင်္ဂါနေ့)တွင် စံကျောင်းချပူဇော်မည်ဖြစ်ပါသည်။]

စျာပနကျင်းပရေးကော်မတီ

### ဘုရား၊ ရဟန်း ဒါယကာကြီး
## ဦးလှဝင်း အသက်(၇၂)နှစ်
### သစ်လုပ်ငန်း(ငွေစာရင်းဌာန၊ ငြိမ်း)

ရန်ကုန်မြို့၊ စက်မြေရပ်ကွက်၊ ထီးတန်း ၃လမ်း၊ အမှတ် ၁၆(မြေညီ-ခြေရင်းခန်း)နေ (ဦးဖီးယား)-ဒေါ်ကျင်မေတို့၏သား၊ ဦးစိုးဝင်း-ဒေါ်ကျင်နုတို့၏ညီ၊ ဦးကောက်၊ ဒေါ်တင်ကြည်၊ ဒေါ်ဟုန်၊ ဦးအောင်မြင့်-ဒေါ်မြင့်မြင့်ငြိမ်းတို့၏အစ်ကို၊ ဒေါ်စန်းဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ကိုထွန်းအောင်ဝင်း၊ မဇင်မာလွင်(ခေတ္တ-ဂျပန်)၊ ကိုသက်အောင်ဝင်း-မဇင်မာမျိုး၊ မမေသန်းဝင်းတို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၄-၁၀-၂၀၁၅ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၅ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၀-၂၀၁၅ရက်(စနေနေ့)နံနက် ၇နာရီတွင်အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလှကျော်ဇော(ခ)ဦးငမဲလှ
### ဦးစီးအရာရှိ(ငြိမ်း)၊ သမဝါယမဦးစီးဌာန (ပလက်ဝမြို့)
### အသက်(၇၀)

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နေ (ဦးမောင်ကျော်-ဒေါ်စောလှ)တို့၏သား၊ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်နေ (ဦးသာဇံလှ-ဒေါ်သာမဦး)တို့၏သားသမက်၊ ရန်ကုန်မြို့နေ (ဦးသာလှဦး)-ဒေါ်သံဒါဖြူ၊ (ဦးစံလှဘော်)-ဒေါ်စံမြိုင်၊ ဦးလှရွှေ-ဒေါ်ငွေငွေ၊ ဦးလှဘော်သူ-ဒေါ်မြင့်မြင့်သန်း၊ (ဦးသိန်းရွှေမောင်)-ဒေါ်တင်ရွှေ၊ (ဦးလှရွှေမောင်-ဒေါ်မာရီမြင့်)၊ ဦးသိန်းထွန်း-ဒေါ်အေးမြိုင်၊ ဒေါ်စန်းစန်းမြင့်တို့၏အစ်ကို/မောင်၊ လှိုင်သာယာမြို့နယ်၊ (၉)ရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ် ၆၇၃/ကနေ ဦးစန်းငွေ-ဒေါ်ခိုင်ခိုင်ကျော်၊ ဦးကျော်ဇောခိုင်-ဒေါ်မြသူဇာ၊ ဦးအောင်ဇော်လတ်-ဒေါ်ခိုင်ခိုင်ညို၊ ဦးကျော်သူရ-ဒေါ်ခိုင်ခိုင်စုတို့၏ဖခင်၊ မချောမြတ်နိုးငွေကျော်၊ မမေတွယ်တာငွေကျော်၊ မောင်ကောင်းမြတ်ကျော်၊ မမြယွန်းဝတီကျော်၊ မောင်မင်းဘုန်းသန့်တို့၏အဘိုး၊ ဒေါ်လှငွေခိုင်၏ချစ်လှစွာသောခင်ပွန်းသည် ၄-၁၀-၂၀၁၅ရက်(တနင်္ဂနွေနေ့) ညနေ ၃း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၀-၂၀၁၅ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်သန်းရီအေး
### (အထက်တန်းသူနာပြု၊ ငြိမ်း)
### (မြောင်းမြမြို့)
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊ (၃) ရပ်ကွက်၊ဗိုလ်ချုပ်လမ်း၊အမှတ် ၃၇/ဈ နေ (ဦးထွန်းအေး-ဒေါ်နယ်လီ)တို့၏သမီး၊ (ဦးထွန်းရှိန် - ဒေါ်ကျင်လှိုင်)တို့၏သမီးချွေးမ၊ (ဦးခင်စိုး)၏ချစ်လှစွာသောဇနီး၊ (ဒေါ်သန်းကြည်အေး)၊ ဒေါ်ခင်မေအေး၊ ဒေါ်ပရီစေးလာအေး၊ ဒေါ်ပူစီအေး၊ ဒေါ်ညိုညိုအေး၊ (ဒေါ်ချိုချိုအေး)တို့၏အစ်မကြီး၊ ဦးအောင်သန်းစိုး-နော်စီးလယာထွန်း၊ ဦးမြင့်စိန် - ဒေါ်သန်းသန်းစိုးတို့၏ချစ်လှစွာသောမိခင်၊ စောစဆိန်ဖန်း၊ စောရှဲလ်မိုင်း၊ စောဆန်းထွန်းအောင်၊ နော်အိုင်လင်း၊ နော်ဆိုဂေမူး၊ မောင်ယုဒမင်းထက်ပိုင်တို့၏အဘွား၊ နော်ဂရိတ်မိုး၊ နော်ဟန်းဘဲရီးတို့၏ ဘွားဘွားကြီးသည် ၅-၁၀-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၈း၅၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၇-၁၀-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### မြိတ်မြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်ရှုလွှမ် (မြိတ်)
### အသင်းဝင်အမှတ်(၃၀၀၀)
### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပွဲစားလမ်း၊ အမှတ် ၁၄နေ ဦးမျိုးကြည် (မြိတ်အသင်းရုံး အဖွဲ့မှူးဟောင်း)၏ဇနီးသည် ၃-၁၀-၂၀၁၅ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။(မြိတ်အသင်းမှကားများမွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

## ဗိုလ်ကြီးထွန်းထွန်းနိုင်(ခ) ငယ်ငယ် (ငြိမ်း)
### (တောင်ငူမြို့)
### အသက်(၃၈)နှစ်

တောင်ငူမြို့၊ ၁၆/၈၂၊ ဗိုလ်မှူးဖိုးကွန်းလမ်း၊ တောင်ငူမြို့နေ (ဦးသိန်းဆွေ) - မသန်းသန်းနွဲ့(ခ)မသူဇာတို့၏သား၊ (ဦးငွေသန်း)-ဒေါ်သန်းသန်းလှ၊ ဦးသန်းထွဋ်-ဒေါ်မြင့်မြင့်သန်း၊ ဒေါ်ခင်မာလာ၊ဦးစိုးဝင်း-ဒေါ်မြင့်မြင့်သန်း၊ ဒေါက်တာကြည်ကြည်စိန်၊ ဦးအောင်တင့် - ဒေါ်ကြွယ်ကြွယ်စိန်တို့၏တူသည် ၅-၁၀-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၁၀-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် တောင်ငူမြို့ အနောက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးထွန်းထွန်းနိုင်(ခ) ငယ်ငယ် (ငြိမ်း)
### (တောင်ငူမြို့)
### အသက်(၃၈)နှစ်

တောင်ငူမြို့၊ ဗိုလ်မှူးဖိုးကွန်းလမ်း၊ အမှတ် ၁၆/၈၂နေ (ဦးကျော်စိန်-ဒေါ်သန်းရီ)၊ (ဦးစိန်မောင်-ဒေါ်ကျင်မြ)တို့၏မြေး၊ (ဦးသိန်းဆွေ)-ဒေါ်သန်းသန်းနွဲ့(ခ)မသူဇာတို့၏သား၊ ဦးသန်းလွင် - ဒေါ်အေမ်းကြည်တို့၏သားသမက်၊ (ကိုမျိုးဇော်)-မတင်မင်းခိုင်တို့၏ညီ၊ကိုစည်သူသိန်း-မခင်မျိုးလွင်၊ ကိုအောင်သူသိန်း၊ မနန်းနွေးနွေးခမ်းတို့၏အစ်ကို၊ မဝေဇာလှိုင်း၏ခင်ပွန်း၊ ဆွေစင်ရွှန်းလဲ့ဝေ၊ မောင်ဖုန်းကြည်ထွန်းတို့၏ဖခင်၊ တူ/တူမ လေးယောက်တို့၏ဦးလေးသည် ၅-၁၀-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင်တောင်ငူမြို့ အနောက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

# မိဘပြည်သူများသို့ ရေဒီယိုမှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မိန့်ခွန်းပြောကြားမည်

**နေပြည်တော်　အောက်တိုဘာ　၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှ တစ်ဆင့် ပြောကြားမည့်မိန့်ခွန်းအား မြန်မာ့အသံ၊ မန္တလေး FM၊ ပဥ္စဝတီ FM၊ ရွှေ FM၊ ချယ်ရီ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ သဇင်အသံလွှင့်ဌာနနှင့် Yangon City FM တို့မှ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၆ ရက်နှင့် ၇ ရက်တို့၌ နံနက် ၇ နာရီ၊ နံနက် ၁၁ နာရီ၊ ညနေ ၆ နာရီနှင့် ည ၈ နာရီတို့တွင် တစ်ရက်လျှင် လေးကြိမ်စီ ထုတ်လွှင့်သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

# မြန်မာယူ-၁၉အသင်း အာရှခြေစစ်ပွဲအောင်ရန် ဗီယက်နမ်ကို အနိုင်ကစားရမည်

**သတင်း-ညီမြတ်သော်တာ ➤ ဓာတ်ပုံ-ဖိုးသော်ဇင်**

**ရန်ကုန်　အောက်တိုဘာ　၅**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိသည့် ၂၀၁၆ အာရှယူ-၁၉ ခြေစစ်ပွဲအုပ်စု G နောက်ဆုံးနေ့ပွဲစဉ်များကို အောက်တိုဘာ ၆ ရက် **(ယနေ့)**တွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။ အိမ်ရှင်မြန်မာအသင်းသည် သုံးပွဲကစားအပြီးတွင် ခုနစ်မှတ်သာ ရရှိသေးသောကြောင့် ခြေစစ်ပွဲအောင်မြင်ရန်ယနေ့ ယှဉ်ပြိုင်ရမည့် ဗီယက်နမ်အသင်းကို မဖြစ်မနေ အနိုင်ကစားရမည်ဖြစ်သည်။

နောက်ဆုံးနေ့ပွဲစဉ်များအဖြစ် ညနေ ၃ နာရီခွဲတွင် ဟောင်ကောင်

*စာမျက်နှာ ၁၄ ကော်လံ ၁* ○




ကမ္ဘာ့ဆရာများနေ့အား ဂုဏ်ပြုသောအားဖြင့် အခြေခံပညာကျောင်းသားကျောင်းသူများက ရည်မှန်းချက်ပန်းတိုင် တေးသရုပ်ဖော်ဖြင့် ကပြတင်ဆက်စဉ်။
(သတင်း၊ စာမျက်နှာ-၆) ဓာတ်ပုံ-ကျော်ဇေယျ

# တစ်မူထူးခြားစည်ကားသိုက်မြိုက်ခဲ့သည့် (၁၃၂)ကြိမ်မြောက် ဖောင်တော်ဦးစေတီပုဒ္ဓပူဇနီယပွဲတော်ကြီး



မိတ္ထီလာမြို့ မြို့မရပ်ကွက်တွင် အလောင်းစည်သူမင်းကြီးတည်ထား ကိုးကွယ်ခဲ့သည့် ရှေးဟောင်းသမိုင်းဝင်ဖောင်တော်ဦးစေတီ ပုဒ္ဓပူဇနီယ ပွဲတော်ကို နှစ်စဉ်တော်သလင်းလဆန်း ၈ ရက်မှ တော်သလင်းလပြည့်နေ့ အထိကျင်းပမြဲဖြစ်သည်။ ယခုနှစ်တွင် (၁၃၂)ကြိမ်မြောက် ရှေးဟောင်းသမိုင်းဝင် ဖောင်တော်ဦးစေတီ ပုဒ္ဓပူဇနီယပွဲတော်ကြီးအား ယခင်နှစ်များနှင့်မတူ တစ်မူထူးခြားစွာ တော်သလင်းလဆန်း ၈ ရက်မှ တော်သလင်းလပြည့်ကျော် ၂ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ခဲ့သည်။

ဖောင်တော်ဦးစေတီ ပုဒ္ဓပူဇနီယပွဲတော်ကို ၂၀၁၃ ခုနှစ်တွင် မကျင်းပနိုင်ခဲ့ပါ။ ၂၀၁၄ ခုနှစ်တွင်လည်း ပြန်လည်တည်ငြိမ်အေးချမ်းသာယာခဲ့ပြီဖြစ်သော မိတ္ထီလာတွင် ဖောင်တော်ဦးစေတီပုဒ္ဓပူဇနီယပွဲတော်ကို ကျင်းပခြင်း မရှိခဲ့ပါ။

*စာမျက်နှာ ၁၂ ကော်လံ ၁* ✻




မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNEWS

## ရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာများ




ဒါတွေလုပ်ပါ
- ဆန္ဒပြုရာတွင် အမှန် (✓) အမှတ်အသား ပါရှိသည့် တံဆိပ်တုံးကို ထင်ရှားစွာ ရိုက်နှိပ်ပါ။




**မဲဆန္ဒရှင်တိုင်း မဲပေးသင့်သည်။**




ရွေးကောက်ပွဲကျင်းပရန်
**၃၃**
ရက်သာလိုတော့သည်။











# ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးဆောင်ရွက်မှုအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၅**

နေပြည်တော် ကောင်စီနယ်မြေ နေပြည်တော် ရဲတပ်ဖွဲ့မှူးရုံး၌ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး ဆောင်ရွက်မှု လုပ်ငန်းညှိနှိုင်းစည်းဝေးကို အောက်တိုဘာ ၂ ရက်က ကျင်းပသည်။



အစည်းအဝေးတွင် နေပြည်တော် ကောင်စီနယ်မြေလုံခြုံရေးတာဝန်ခံ ဗိုလ်မှူးကြီး မင်းနောင်က ဌာနဆိုင်ရာများအနေဖြင့် မိမိဆောင်ရွက်ရမည့် ပါတီစုံ အထွေထွေရွေးကောက်ပွဲ ကျင်းပမည့်အချိန်၊ မိမိဌာနမှ ပေးအပ်ထားသော တာဝန်များကို သတ်မှတ်စံနှုန်းနှင့် ပြည့်မီအောင် အချိန်မီဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပြည်သူများ အကျိုးစီးပွားအတွက် ရှေးရှုလုပ်ဆောင်ရန်နှင့် တာဝန်ရှိသူများအနေဖြင့် ပြည်သူများနှင့် လက်တွဲညှိနှိုင်းလုပ်ဆောင်ရန် လိုအပ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ နေပြည်တော် ရဲတပ်ဖွဲ့မှူး ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင်က ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို မြို့နယ်အလိုက် တစ်မြို့နယ်ချင်း လုံခြုံရေး၊ လမ်းပန်းဆက် သွယ်ရေး၊ အထူးရဲများ ခန့်အပ်ထားရှိမှု အခြေအနေနှင့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးတို့အတွက် လုံခြုံရေးများ အထူးစီမံချမှတ်ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြဆွေးနွေးသည်။

အဆိုပါ လုံခြုံရေးဆောင်ရွက်မှု အစည်းအဝေးသို့ နေပြည်တော် တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး မျိုးမင်း၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌများနှင့်သတင်းမီဒီယာသမားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်မျိုးနိုင်**

# ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းဆွေးနွေး

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၅**

လပွတ္တာခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် မော်လမြိုင်ကျွန်းမြို့နယ်နှင့် လပွတ္တာမြို့နယ်တို့မှ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ အောင်မြင်ပြီးပြတ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၃ ရက်က လပွတ္တာခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် လပွတ္တာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲရင့်လှိုင်က အမှာစကားပြောကြားပြီး လပွတ္တာခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးလေးအောင်က ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ အောင်မြင်ပြီးပြတ်ရေးကို လည်းကောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဌေးမြင့်ဦးက ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံချက်ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသော မော်လမြိုင်ကျွန်းမြို့နယ်နှင့် လပွတ္တာမြို့နယ်တို့မှ ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ်လျှပ်စစ်မှူးများ၊ ဆက်သွယ်ရေးတာဝန်ခံများနှင့် မြို့နယ်မီးသတ်စခန်းတာဝန်ခံများက ဆန္ဒမဲ လက်မှတ်နှင့် မဲရုံသုံးပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် လုံခြုံမှုရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ တယ်လီဖုန်းဆက်သွယ်ရေးနှင့် မီးဘေးလုံခြုံရေးကိစ္စများကို ပြန်လည်ဆွေးနွေးတင်ပြကြသည်။

ဆက်လက်ပြီး မော်လမြိုင်ကျွန်းမြို့နယ်နှင့် လပွတ္တာမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌများက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်ပြီး လိုအပ်သည်များကို ဆွေးနွေးတင်ပြကြကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**

# ရှမ်းပြည်နယ်အရှေ့ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၅

**ရှမ်းပြည်နယ်အရှေ့ပိုင်းဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းဟောင်ခမ်းက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၅ ရက်ညပိုင်းက ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**လေးစားအပ်ပါသော မိဘပြည်သူများခင်ဗျား-**

ကျွန်တော်ကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းဟောင်ခမ်းဖြစ်ပါတယ်။ ပါတီထူထောင်ရခြင်း၏အကြောင်းအရင်း၊ ပါတီ၏ရည်မှန်းချက်နဲ့မူဝါဒများ မတင်ပြခင် ရှမ်းပြည်နယ်အရှေ့ပိုင်းရဲ့သမိုင်းကြောင်းကို ဦးစွာတင်ပြလိုပါတယ်။

ရှမ်းပြည်နယ်အရှေ့ပိုင်းဟာ (၁၃)ရာစုနှစ်အလယ်လောက် လားနား (Lanna)ရှမ်းအင်ပါယာထူထောင်စဉ်တုန်းက ချင်းမိုင်၊ ချင်းရိုင်း၊ ကျိုင်းဟုန်တို့နဲ့အတူပါဝင်ခဲ့တဲ့ဒေသဖြစ်ပါတယ်။ (၁၆) ရာစုနှစ် လားနားအင်ပါယာ (Lanna Empire)ပြိုကွဲပြီး ကိုယ့်ဒေသကိုယ်အုပ်ချုပ်သော စော်ဘွားခေတ်မှ ဗြိတိသျှကိုလိုနီအဖြစ် ဝင်ရောက်သိမ်းပိုက်သော(၁၈၉၀-၁၈၉၁) ခုနှစ်အထိ ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံနယ်ဟာ မြန်မာမင်းများအားဘဏ္ဍာဆက်သရသောစော်ဘွားနယ်မဟုတ်ခဲ့ပါ။ မြန်မာမင်းအဆက်ဆက်တို့နှင့် တန်းတူဆက်ဆံကာ နိုင်ငံရေး၊ စစ်ရေးမှာအပြန်အလှန်ကူညီကြတဲ့ မဟာမိတ်များဖြစ်ကြကြောင်းသမိုင်းအထောက်အထားများရှိပါတယ်။ ဗြိတိသျှကိုလိုနီခေတ်ရောက်တဲ့အခါ ရှမ်းပြည်နယ်အရှေ့ပိုင်းဟာ Federated Shan States ထဲပါဝင်လာခဲ့ပါတယ်။

ရှမ်းပြည်နယ်အရှေ့ပိုင်းဟာ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု ခိုင်မာမြင့်မားစွာရှိပြီး ပြင်ပယဉ်ကျေးမှုစိမ့်ဝင်မှုအနည်းဆုံး ဒေသလည်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်အရှေ့ပိုင်းမှာ အသုံးပြုလျက်ရှိတဲ့ ဂုံရှမ်းစာပေဟာ သက္ကဋ္ဌဘာသာခွဲပရဝစာပေမှဆင်းသက်လာသောကြောင့် ပါဠိဘာသာကိုမူရင်းအသံထွက်အတိုင်း မှန်ကန်စွာရေးသားနိုင်တဲ့ စာပေဖြစ်ပါတယ်။ ဒီဂုံရှမ်းစာပေနဲ့ရေးသားပြုစုထားတဲ့ ထေရဝါဒဗုဒ္ဓကျမ်းစာများကို ရှမ်းပြည်နယ်မြောက်ပိုင်းနဲ့ရှမ်းပြည်နယ်တောင်ပိုင်းအပါအဝင် ရှမ်းပြည်နယ်တစ်ဝန်းလုံး အလောင်းဘုရားလက်ထက်အထိအသုံးပြုခဲ့ကြောင်း သမိုင်းမှတ်တမ်းများရှိပါတယ်။ ဆင်ဖြူရှင်ဘုရင်လက်ထက်မှစ၍ ရှမ်းပြည်နယ်မြောက်ပိုင်းနဲ့ ရှမ်းပြည်နယ်တောင်ပိုင်းတို့ ဗုဒ္ဓဘာသာစာပေကို မြန်မာဘာသာနဲ့ ရေးသားထားတဲ့ ဗုဒ္ဓစာပေကျမ်းဂန်များကို အစားထိုးသုံးစွဲနေပေမယ့်လည်း ရှမ်းပြည်နယ်အရှေ့ပိုင်းဟာ ယခုအချိန်အထိ မိမိကိုယ်ပိုင်စာပေနဲ့ ရေးသားထားတဲ့ ထေရဝါဒဗုဒ္ဓဘာသာကျမ်းဂန်များကိုသာ သုံးစွဲလျက်ရှိနေပါတယ်။

ဒါ့ကြောင့် ဒီလိုခိုင်မာတဲ့ဘာသာ၊ စာပေနဲ့ယဉ်ကျေးမှုတွေကိုထိန်းသိမ်းစောင့်ရှောက်ကာကွယ်ဖို့ကတစ်ကြောင်း၊ ပြည်သူလူထုအတွက် အေးချမ်းတည်ငြိမ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်လိုအပ်လာသည်ကတစ်ကြောင်း စသောအကြောင်းကြောင်းကြောင့် ရှမ်းပြည်နယ်အရှေ့ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီကို ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့မှာ စတင်တည်ထောင်ခဲ့ရခြင်းဖြစ်ပါတယ်။ ပါတီတည်ထောင်ရခြင်းအကြောင်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။

၁။ မူလဌာနေတိုင်းရင်းသားများဖြစ်ကြသော ဂုံရှမ်း၊ လိရှမ်း၊ တိုင်းနေရှမ်း၊ တိုင်းလွယ်ရှမ်း၊ တိုင်းလျှမ်းရှမ်း၊ ရှမ်းကြီး(ခေါ်) တိုင်းလုံရှမ်း၊ လားဟူ၊ အာခါ၊ 'ဝ'၊ 'လ'၊ ပလောင်၊ အားခေ၊ လီရှော ခေါ် လီဆူး၊ အဲန်စသော တိုင်းရင်းသားများအပြင် ပြည်ထောင်စုတစ်ဝန်းလုံးရှိ တိုင်းရင်းသားများ၊ တရုတ်နှင့်အိန္ဒိယနွယ်ဖွားများသည် ရှမ်းပြည်နယ်အရှေ့ပိုင်းဖြစ်သော ဤဒေသတွင် ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်လာခဲ့ကြပါသည်။

၂။ ဤဒေသတွင် ဘာသာရေးအားဖြင့် ကြည့်မည်ဆိုလျှင်လည်း ဗုဒ္ဓဘာသာ၊ အစ္စလာမ်ဘာသာ၊ ကက်သလစ် ခရစ်ယာန်ဘာသာ၊ နှစ်ခြင်းခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ ဆစ်ခ်ဘာသာနှင့်ရိုးရာနတ်ကိုးကွယ်သော ဘာသာဟူ၍ ရှိပါသည်။

၃။ ဤသို့ဘာသာကွဲ၊ လူမျိုးကွဲများစုပေါင်းနေထိုင်နေသော ရှမ်းပြည်နယ်အရှေ့ပိုင်းသည် ဘာသာရေး၊ လူမျိုးရေးပဋိပက္ခမဖြစ်ကြဘဲ ညီရင်းအစ်ကိုသဖွယ် ချစ်ခင်ရင်းနှီးစွာ အတူယှဉ်တွဲနေထိုင်လာခဲ့ကြသောကြောင့် ပြင်ပပယောဂဖြစ်သော အနိုင်ကျင့်မှုများ၊ စစ်မီးများသာမရှိပါက ငြိမ်းချမ်း၍ ပျော်စရာကောင်းသော ဘုံဗိမာန်ဖြစ်မည်မှာမလွဲပေ။

၄။ ယခုအခါ မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်လမ်းကြောင်းပေါ်သို့ တက်လှမ်းလာပြီဖြစ်သောကြောင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတွင်လည်း နိုင်ငံရေးပါတီများ အလုအယက်ဝင်လာကြပါသည်။ နိုင်ငံရေးပါတီကြီး၊ နိုင်ငံရေးပါတီလတ်၊ နိုင်ငံရေးပါတီငယ်ဟူ၍ နိုင်ငံရေးပါတီအမျိုးမျိုးရှိကြသော်လည်း ၎င်းပါတီများထဲတွင် ပြည်ထောင်စုဝါဒီ (Unionist)များသည် လူနည်းစုသာဖြစ်ပြီး အမျိုးသားဝါတီ(Nationalist) များသာ ကြီးစိုးကာနေရာယူထားသည်ကို တွေ့ရပါသည်။

၅။ ဤသို့အမျိုးသားဝါဒီ (Nationalist) များနေရာယူထားသော လက်ရှိပါတီများသည် မတူကွဲပြားသော လူမျိုးရေး၊ ဘာသာရေးများရှိနေသော ရှမ်းပြည်နယ်အရှေ့ပိုင်းအတွက် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်လိမ့်မည်ဟု မယုံကြည်ပေ။

၆။ ထို့ကြောင့် ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ မူလဌာနတိုင်းရင်းသားများနှင့် အခြားပြည်ထောင်စုသားများ၏ အကျိုးစောင့်ရှောက်ကာကွယ်ရေး၊ အခွင့်အရေးများတောင်းဆိုနိုင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးစသည်တို့ကို ဆောင်ရွက်ရန်အတွက် ဌာနေဒေသ နိုင်ငံရေးပါတီတစ်ခုရှိရန် လိုအပ်လာပြီဖြစ်ပါသည်။

**လေးစားအပ်ပါသောမိဘပြည်သူများ ခင်ဗျား-**

ရှမ်းပြည်နယ်အရှေ့ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီရဲ့ ရည်မှန်းချက်နဲ့ ပါတီရဲ့နိုင်ငံရေးမူဝါဒများကို တင်ပြပါမယ်။

**ပါတီ၏ရည်မှန်းချက်**

၁။ ဒီမိုကရေစီနိုင်ငံရေးစနစ်ဖြစ်ထွန်းရေး။

၂။ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်ကျင့်သုံးရေး။

၃။ ရှမ်းပြည်နယ်အရှေ့ပိုင်း မူလဌာနေတိုင်းရင်းသားတို့၏ စာပေနှင့်ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ထိန်းသိမ်းစောင့်ရှောက်ရေး။

၄။ မတူကွဲပြားသော ဘာသာရေးနှင့် လူမျိုးများစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး။

၅။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြေပေါ်မြေအောက်သယံဇာတများ ပြည်သူလူထုအတွက် အကျိုးပြုစေရေး။

၆။ ရှမ်းပြည်နယ်အရှေ့ပိုင်း တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေး။

၇။ ပြည်သူလူထုလူနေမှုစနစ်မြင့်မားရေးနှင့် တိုးတက်ဖွံ့ဖြိုးရေး။

**ပါတီ၏နိုင်ငံရေးမူဝါဒများ**

**၁။ အုပ်ချုပ်ရေးမူဝါဒ။** ဒီမိုကရေစီစနစ်နှင့်အညီအုပ်ချုပ်ပြီး တိုင်းနှင့်ပြည်နယ်အသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် လမ်းစဉ်မူဝါဒ (Federalism) ကို ကျင့်သုံးမည်။

**၂။ တရားစီရင်ရေးမူဝါဒ။** လွတ်လပ်ပြီး သန့်ရှင်းသော တရားစီရင်ရေးစနစ်ကိုကျင့်သုံးမည်။

**၃။ စီးပွားရေးမူဝါဒ။** လွတ်လပ်သောစီးပွားရေးဝါဒ (Economic Liberalism) နှင့်ဈေးကွက်စီးပွားရေးစံနစ် (Market Oriented Economic System) ကို ဦးတည်ဆောင်ရွက်မည်။

**၄။ ဘတ်ဂျက်မူဝါဒ။** ဘတ်ဂျက်ခွဲတမ်းချမှတ်ရာတွင် အခြေခံအဆောက်အအုံ (Infrastructure) တည်ဆောက်ရေးအတွက် ဦးစားပေးပြီးပညာရေးနှင့်ကျန်းမာရေးအတွက် ဘတ်ဂျက်တိုးမြှင့်နိုင်ရန်သုံးသပ်မည်။

**၅။ ပညာရေးမူဝါဒ။** နိုင်ငံတကာနှင့်ယှဉ်၍ သင်ရိုးညွှန်းတမ်းများ ပုံမှန်စိစစ်ခြင်း၊ မူလတန်းအထိတိုင်းရင်းသားစာပေများလည်း ကျောင်းချိန်အတွင်း သင်ကြားခြင်း၊ အထက်တန်းအထိ အခမဲ့ပညာသင်ကြားရေးနှင့် မူလတန်းကျောင်းအထိပညာမသင်ကြားရသူမရှိစေသော အလုံးစုံမူလတန်းပညာသင်ကြားရေး (Universal Primary Education) ကို ထောက်ခံကျင့်သုံးမည်။

**၆။ ကျန်းမာရေးမူဝါဒ။** ပြည်သူလူထုတတ်နိုင်သောစရိတ်ဖြင့် အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှု (Affordable and Quality Health Care)ကို ဆောင်ရွက်မည်။ ထိုမှတစ်ဆင့် အလုံးစုံအခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ် (Universal Health Care System)သို့ တက်လှမ်းမည်။

**၇။ တန်းတူညီမျှရေးမူဝါဒ။** ဘာသာရေးအားဖြင့်သော်လည်းကောင်း၊ လူမျိုးရေးအားဖြင့် သော်လည်းကောင်း၊ အသက်အရွယ်အားဖြင့်သော်လည်းကောင်း၊ လိင်အားဖြင့်သော်လည်းကောင်း၊ ခန္ဓာအစိတ်အပိုင်း ပြည့်စုံမှုအားဖြင့်သော်လည်းကောင်း ခွဲခြားမှုမရှိစေရ။ အခွင့်အရေးနှင့်ပတ်သက်၍ အားလုံးတန်းတူခံစားခွင့်ရှိသောမူဝါဒ (Egalitarianism)ကို ကျင့်သုံးမည်။

**၈။ လူမှုဖူလုံရေးမူဝါဒ။** မသန်စွမ်းများ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များအား ကူညီထောက်ပံ့ခြင်း (Social Security Service) ကို ထောက်ခံမည်။

**၉။ စွမ်းအင်မူဝါဒ။** စွမ်းအင်ထုတ်လုပ်ရေးတွင် သဘာဝပတ်ဝန်းကျင်ကိုမထိခိုက်စေသော အစိမ်းရောင်စွမ်းအင် ( Green Energy) ကိုသာ ထောက်ခံအားပေးမည်။

**၁၀။ စိုက်ပျိုးရေးမူဝါဒ။** စိုက်ပျိုးရေးဆိုင်ရာ သုတေသနလုပ်ငန်းကို မြှင့်တင်ခြင်း၊ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲခြင်းနှင့် အော်ဂဲနစ်စိုက်ပျိုးရေးစနစ် (Organic Agricultural System) ကို တိုးမြှင့်လုပ်ဆောင်ခြင်းများ ဆောင်ရွက်မည်။

**လေးစားအပ်သော မိဘပြည်သူများခင်ဗျား-**

ကျွန်တော်တို့ဟာ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံရေးပါတီကို နောက်ကျမှ ထူထောင်ရပေမယ့်လည်း လုံးဝအားမငယ်ပါ။ ကျွန်တော်တို့နဲ့အတူ ရှမ်းပြည်နယ်အရှေ့ပိုင်းမှ ပြည်သူများ ကိုယ့်ဒေသ၊ ကိုယ့်လူမျိုးဘာသာအတွက် ရပ်တည်ထောက်ခံလိမ့်မည်ဟု ခိုင်မာစွာယုံကြည်လျက်ရှိနေသောကြောင့်ဖြစ်ပါတယ်။ မတူကွဲပြားသောဘာသာရေးနှင့်လူမျိုးများစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်လိုသူတိုင်း၊ မိမိတို့ရဲ့ဘာသာ၊ စာပေနဲ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ထိန်းသိမ်းစောင့်ရှောက်လိုသူတိုင်း၊ ကိုယ့်ဒေသကို ကိုယ်တိုင်အုပ်ချုပ်နိုင်တဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုမြတ်နိုးသူတိုင်း၊ တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးကိုလိုချင်သူတိုင်း ကျွန်တော်တို့ရဲ့ ရှမ်းပြည်နယ်အရှေ့ပိုင်းဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီကိုထောက်ခံမဲပေးကြပါရန်တိုက်တွန်းနှိုးဆော်ရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## ရွေးကောက်ပွဲကော်မရှင်သင်တန်းဖွင့်

**မန္တလေး အောက်တိုဘာ ၅**

မန္တလေးအောင်မြေသာစံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့မှ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၄ ရက်က ပြည်ကြီးကျက်သရေအနောက် အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း ဧသီတာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်အောင်ဝင်းနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိန်ဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် မြို့နယ်ဥပဒေအရာရှိ ဒေါ်ချိုချိုသင်းက လွှတ်တော်၏ရွေးကောက်ပွဲဥပဒေများအကြောင်းကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင်က ရပ်ကျေးလုပ်ငန်းလမ်းညွှန်ချက်များကိုလည်းကောင်း၊ ကော်မရှင်အတွင်းရေးမှူး ဦးဇော်အောင်လေးက ရွေးကောက်ပွဲအကြောင်း သိကောင်းစရာများကို အသေးစိတ်ပို့ချဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(၀၂၆)

## တောင်ပိုင်းခရိုင်တွင် မဲရုံပေါင်း ၁၇၂၀ ဖွင့်လှစ်မည်



**ရန်ကုန် အောက်တိုဘာ ၅**

၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၃ ရက်က သန်လျင်မြို့ရှိ ရှင်စောပုခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ခရိုင်လုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦးက တောင်ပိုင်းခရိုင်အတွင်းကျင်းပမည့် ရွေးကောက်ပွဲတွင် ပါတီ ၁၇ ခုမှ ကိုယ်စားလှယ်လောင်း ၁၄၇ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်၍ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုံခြုံရေးအစီအစဉ်များ စနစ်တကျ ဆောင်ရွက်သွားရန် တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ခရိုင်လုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကြည်လွင်က ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ခရိုင်အတွင်း ရဲစခန်း ၃၁ ခု၊ တပ်ဖွဲ့ဝင် ၉၈၁ ဦးဖြင့် လုံခြုံရေးစီစဉ်ထားရှိမှုအား ပရိုဂျက်တာဖြင့် အသေးစိတ်ရှင်းလင်းတင်ပြသည်။ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၉၉၆၃၀၇ ဦးရှိပြီး မဲရုံပေါင်း ၁၇၂၀ တွင် မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းသာစွာ ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# မဟာမိတ်တောင်သူလယ်သမားပါတီက
# ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၅

**မဟာမိတ်တောင်သူလယ်သမားပါတီဗဟိုကော်မတီဥက္ကဋ္ဌ ဦးဆန်းလင်းက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို အောက်တိုဘာ ၅ ရက် ညပိုင်းက ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူအပေါင်းတို့ခင်ဗျား ကိုယ်စိတ်နှစ်ဖြာ ကျန်းမာလန်းဖြာကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ မဟာမိတ်တောင်သူလယ်သမားပါတီဗဟိုကော်မတီဥက္ကဋ္ဌ ဦးဆန်းလင်းဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးကို စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီနိုင်ငံတော်ကြီး ထူထောင်ရာတွင် အုတ်တစ်ချပ်သဲတစ်ပွင့်ပမာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက် မဟာမိတ်တောင်သူလယ်သမားပါတီကြီးကို ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် တည်ထောင်ခွင့်လျှောက်ထားခဲ့ပြီး ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့တွင် ပါတီမှတ်ပုံတင်အမှတ် -၉၂ ဖြင့် ပါတီတည်ထောင်ခွင့်ရရှိခဲ့ပြီး ဖြစ်ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

မဟာမိတ်တောင်သူလယ်သမားပါတီ၏ မူဝါဒ၊ သဘောထားများကို တင်ပြရပါလျှင်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာသည် ပြည်သူလူထု၏ ဒီမိုကရေစီစနစ်ကိုအခြေခံပြီး ထူထောင်မှုအပေါ် အလေးထားရပ်တည်ပါမည်။

(ခ) သဘောထားကွဲလွဲမှု၊ သာတူညီမျှမရှိမှု၊ လူမှုအခွင့်အရေးဆုံးရှုံးမှုစသည့် အမျိုးမျိုးသော စိန်ခေါ်မှုပြဿနာများကို တွေ့ဆုံဆွေးနွေးညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုရယူနိုင်မည်ကို အလေးအနက်ထားဆောင်ရွက်ပါမည်။

(ဂ) နိုင်ငံသားအားလုံး၏ ရသင့်ရထိုက်သော အခွင့်အရေးများ တန်းတူရရှိရေးအတွက် ဥပဒေနှင့်ညီညွတ်သော လိုလားချက်များအတိုင်း ဖော်ဆောင်ပေးပါမည်။

(ဃ) ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဥပဒေဘောင်အတွင်းမှ ရပ်တည်ဆောင်ရွက်သွားပါမည်။

(င) ပါတီစုံဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် အစိုးရအဖွဲ့အစည်းများ၊ အခြားသော နိုင်ငံရေးပါတီအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စည်းလုံးညီညွတ်မှုကို အခြေခံကာ လက်တွဲဆောင်ရွက်သွားပါမည်။

(စ) နိုင်ငံသားများ၏ လူမှုအခွင့်အရေးနစ်နာဆုံးရှုံးမှုများကို ဥပဒေနှင့်အညီ ကူညီဆောင်ရွက်သွားပါမည်။

**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

မဟာမိတ်တောင်သူလယ်သမားပါတီသည် တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ အခြေခံလူတန်းစားများ၏ အကျိုးစီးပွားအတွက် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်သွားမည် ဖြစ်ပါတယ်-

(က) နိုင်ငံတော်မှ ပြဋ္ဌာန်းထားသော လယ်ယာမြေဥပဒေပါ အခွင့်အရေးများကို တောင်သူလယ်သမားများအား ပြည့်ပြည့်ဝဝ ကူညီဆောင်ရွက်ပေးရေး၊

(ခ) လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရေးတွင် လိုအပ်သည့်နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊

(ဂ) နိုင်ငံတော်က ဖွဲ့စည်းပေးထားသည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ မြေယာအသုံးချမှု ကော်မတီအစရှိသည့် မြေယာနှင့်ပတ်သက်သော အဖွဲ့အစည်းများတွင် တောင်သူလယ်သမားအဖွဲ့အစည်းများမှ အသိပညာရှင်၊ အတတ်ပညာရှင်များ ပါဝင်ဆောင်ရွက်ရေး၊

(ဃ) မြေယာမှုခင်းများ ဖြေရှင်းဆောင်ရွက်ရာတွင် အမှုသည်များကိုယ်စား တတ်သိနားလည်သော ကိုယ်စားလှယ်များ၊ အကျိုးဆောင်များဖြင့် ဖြေရှင်းဆောင်ရွက်ခွင့်ရရှိရေး၊

(င) နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေနည်းဥပဒေနှင့်အညီ တိကျစွာကျင့်သုံးလိုက်နာဆောင်ရွက်စေရေး၊

(စ) အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲလာသော အခြေအနေများအပေါ် အခြေပြု၍ လယ်ယာမြေဥပဒေတွင် ဖြည့်စွက်ပြဋ္ဌာန်းဆောင်ရွက်ရေး၊

(ဆ) ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အခြားသော နိုင်ငံရေးပါတီအဖွဲ့အစည်းများ၊ လူမှုအသင်းအဖွဲ့များ အစရှိသည်တို့နှင့် မဟာမိတ်ပြုလက်တွဲဆောင်ရွက်ရေး၊

(ဇ) တောင်သူလယ်သမားများ၏ နစ်နာဆုံးရှုံးမှုများကို ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးရေး၊

(ဈ) တောင်သူလယ်သမားများ အသိပညာတိုးတက်ရေးအတွက် သင်တန်းများဖွင့်လှစ်ခြင်း၊ ပညာပေးစာစောင်များ၊ ဂျာနယ်များ ထုတ်ဝေခြင်း၊ စည်းရုံးဟောပြောခြင်းများ ဆောင်ရွက်ပေးရေး၊

(ည) ခေတ်မီစိုက်ပျိုးမှုနည်းစနစ်များ ထွန်းကားရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ဆက်သွယ်ခြင်း၊ အခြားနိုင်ငံများသို့ လေ့လာရေးခရီးစေလွှတ်ခြင်းများ ဆောင်ရွက်ရေး၊

(ဋ) ပါတီစုံဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာတွင် လူမျိုးဘာသာမခွဲခြားဘဲ နိုင်ငံသားအားလုံးတက်ညီလက်ညီ တည်ငြိမ်အေးချမ်းစွာ ပူးပေါင်းဆောင်ရွက်ရေး၊

(ဌ) ပါတီစုံဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာ၌ နိုင်ငံသားများ၏ စားဝတ်နေရေး၊ စီးပွားရေး၊ ပညာရေး၊ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေး၊ လူမှုဆက်ဆံရေး၊ လယ်ယာစိုက်ပျိုးရေးစသည့် ရေးရာကိစ္စအဝဝတွင် ဦးဆောင်ဦးရွက်ပြု ပါဝင်ဆောင်ရွက်ရေး စသည်တို့ဖြစ်ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူအပေါင်းတို့ခင်ဗျား-**




မဟာမိတ်တောင်သူလယ်သမားပါတီအနေဖြင့် လွှတ်တော်တွင် နိုင်ငံရေးလှုပ်ရှားမှုနှင့် လွှတ်တော်ပြင်ပနိုင်ငံရေး လှုပ်ရှားမှုကိုလည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲ့ဒီလိုအခြေအနေ ၂ရပ် လှုပ်ရှားမှုတွေမှာ ပြည်သူ့အသံကို နားထောင်ပြီး ပြည်သူများရဲ့ အဓိကလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့ မူဝါဒများ၊ စီမံကိန်းများရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အဓိကအားဖြင့် လယ်သမားအရေး ဦးစားပေးဆောင်ရွက်ရင်းဖြင့် ပါတီစုံဒီမိုကရေစီနိုင်ငံ ထူထောင်ရေးမှာ ရည်ရွယ်ချက်တူညီမယ်၊ ဦးတည်ချက်တူညီမယ်၊ လုပ်ဆောင်ချက်တူညီမယ်ဆိုရင် မည်သည့်ပါတီ၊ မည်သည့်အဖွဲ့အစည်းနှင့်မဆို မဟာမိတ်ပြုလက်တွဲဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှ ပေါ်ပေါက်လာမယ့် အစိုးရသစ်အနေဖြင့် ပါတီစုံဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်ရမှာဖြစ်တဲ့အတွက် အဲ့ဒီအစိုးရကို ဖွဲ့စည်းမယ့်လွှတ်တော်ထဲမှာ ပါတီစုံမှ လွှတ်တော်ကိုယ်စားလှယ်များရှိသင့်တယ်လို့ ကျွန်တော့်ပါတီအနေနဲ့ ယူဆပါတယ်။

မည်သည့်ပါတီမဆို အတ္တမကင်းနိုင်ကြပါဘူး။ ကိုယ့်ပါတီက ကိုယ်စားလှယ်လောင်းတွေသာ လွှတ်တော်အမတ်ဖြစ်ရေး ကြိုးစားကြတာဖြစ်ပါတယ်။ ကိုယ့်ပါတီက လွှတ်တော်အမတ်တွေချည်း အစိုးရအဖွဲ့ဖွဲ့ဖို့ ဆန္ဒပြင်းပြရှိကြပါလိမ့်မယ်။ လွှတ်တော်အတွင်းမှာ အမတ် ၅၀ ရာခိုင်နှုန်းကျော်ရှိမယ့်ပါတီဟာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစတဲ့မဏ္ဍိုင်သုံးရပ်စလုံးကို ပါတီအကြိုက် စီမံဆောင်ရွက်တော့မှာဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ အဲဒီအစိုးရသက်တမ်းအတွင်းမှာ ကောင်းမွေစံပြီး ဆိုးမွေခံရတော့မှာပဲ ဖြစ်ပါတယ်။

မဲဆန္ဒရှင်များဟာ နိုင်ငံတော်ရဲ့ ကံကြမ္မာ၊ တိုင်းသူပြည်သားများရဲ့ ကံကြမ္မာကို ဖန်တီးပေးရမယ့်သူတွေ ဖြစ်ပါတယ်။ ပါတီစွဲ ပုဂ္ဂိုလ်စွဲတွေနဲ့ မဲမပေးကြပါနဲ့၊ ငါ့ပါတီက ကိုယ်စားလှယ်တွေ၊ ငါ့မိတ်ဆွေနဲ့ ပတ်သက်တဲ့ ကိုယ်စားလှယ်တွေ အနိုင်ရရင်ပြီးရောဆိုပြီး မဲမပေးကြဖို့ လိုပါတယ်။ ဒီမိုကရေစီနိုင်ငံတော် ထူထောင်နေတဲ့ နေရာမှာ မည်သည့်ပါတီကမဆို လူမှန်နေရာမှန်ဖြစ်မယ့် အရည်အချင်းရှိတဲ့ ကိုယ်စားလှယ်လောင်းတွေကို ရွေးချယ်စိစစ်ပြီး မဲပေးသင့်ပါတယ်။

ဒါ့ကြောင့် မဲဆန္ဒရှင်များအနေဖြင့် စည်းကမ်းပြည့်ဝပြီး စစ်မှန်သော ပါတီစုံဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ပေါက်လာရေးအတွက် ပါတီစွဲ ပုဂ္ဂိုလ်စွဲမထားဘဲ အရည်အချင်းရှိသော ကိုယ်စားလှယ်လောင်းများကိုသာ မဲပေးကြပါလို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

မိဘပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

## ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေး



**လားရှိုး အောက်တိုဘာ ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ အောက်တိုဘာ ၃ ရက်က လားရှိုးခရိုင် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှု ကော်မတီမှ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် လုံခြုံရေးဆိုင်ရာ အသိပညာပေး တွေ့ဆုံဆွေးနွေးပွဲကို လားရှိုးမြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လားရှိုးခရိုင်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ လားရှိုးခရိုင် အုပ်ချုပ်ရေးမှူး ဦးမြတ်မိုးက အမှာစကားပြောကြားခဲ့ပြီး လားရှိုးခရိုင်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး၊ လားရှိုးခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီးသန့်ဇင်က ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ အစီအမံများကို လားရှိုးခရိုင်အတွင်းရှိ မြို့နယ်များအားလုံးတွင် စီမံထားရှိမှုများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

ထို့နောက် လားရှိုးခရိုင် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်ဖြစ်သော လားရှိုးခရိုင် ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌဖြစ်သည့် ဦးတင်မောင်ရွှေက ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး အသိပညာပေး ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**လင်းလင်း(လားရှိုး)**

## ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းဖွင့်

**ပဲခူး အောက်တိုဘာ ၅**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်စည်ပင်သာယာခန်းမ၌ အောက်တိုဘာ ၃ရက်က ရွေးကောက်ပွဲဆိုင်ရာပညာပေးသင်တန်းများ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစောဘိသိန်းက အမှာစကားပြောကြားခဲ့ပြီး ပဲခူးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ခရိုင်ရွေးကောက်ပွဲကော်မရှင်အရာရှိ ဦးမင်းသက်နောင်က မြို့နယ်ကော်မရှင်နှင့် ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ပညာရေးဌာနမှ ရွေးကောက်ပွဲတွင် မဲရုံမှူးနှင့် ဒုမဲရုံမှူးများ၊ အဖွဲ့ဝင်များအဖြစ် တာဝန်ယူဆောင်ရွက်မည့် ဆရာ ဆရာမ ၄၀၄ ဦးတို့ကို နှစ်ရက်ကြာသင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၃၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

## ညောင်ဦးခရိုင် မဲပေးပိုင်ခွင့်ရှိသူ လေးသိန်းကျော်ရှိ

**မန္တလေး အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်အတွင်း ညောင်ဦးမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ် နှစ်မြို့နယ်ပါဝင်ပြီးဖြစ်သည်။ ညောင်ဦးမြို့နယ်တွင် ၁၈နှစ်ပြည့်ပြီး မဲပေးပိုင်ခွင့်ရှိသူ ၁၉၀၀၀၀ကျော်နှင့် ကျောက်ပန်းတောင်းမြို့နယ် ၁၈ နှစ်အထက် မဲပေးပိုင်ခွင့်ရှိသူ ၂၂၀၀၀၀ ကျော် စုစုပေါင်း ညောင်ဦးခရိုင်တွင် မဲပေးပိုင်ခွင့်ရှိသူ လေးသိန်းကျော်ရှိကြောင်း သိရသည်။ လာမည့် ၂၀၁၅ ရွေးကောက်ပွဲတွင် ညောင်ဦးခရိုင်မှ ပါတီသုံးခု၊ လွှတ်တော်ကိုယ်စားလှယ် ၂၁ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဟု ခရိုင်ကော်မရှင်ဥက္ကဋ္ဌထံမှ သိရသည်။

**ကျော်ဌေး(ညောင်ဦး)**

## ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး ဆွေးနွေး

**ဟိုပန် အောက်တိုဘာ ၅**

ရွေးကောက်ပွဲဆိုင်ရာအသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာလနောက်ဆုံးပတ်က “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူးဦးမျိုးအောင်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**နေပြည်တော် အောက်တိုဘာ ၅**

**အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနာယက ဦးမင်းညိုက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၅ ရက် ညပိုင်းက ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**လေးစားအပ်ပါသော မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း မင်္ဂလာစကားဖြင့် နှုတ်ခွန်းဆက်သအပ်ပါသည်။**

ကျွန်တော်ကတော့ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ နိုင်ငံရေး ဦးသျှောင်နာယကကြီး ဦးမင်းညိုဖြစ်ပါသည်။

ကျွန်တော်တို့ အာခါတိုင်းရင်းသားများသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) သံလွင်မြစ်အရှေ့ခြမ်းဒေသတွင်သာ ပျံ့နှံ့နေထိုင်လျက်ရှိသည့် လူမျိုးစုတစ်မျိုး ဖြစ်ပါသည်။

အာခါတိုင်းရင်းသားများသည် ဝတ်စားဆင်ယင်မှု ရိုးရာဓလေ့၊ ယဉ်ကျေးမှုအမွေအနှစ်များကို ယနေ့ထိတိုင် ထူးထူးခြားခြား၊ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော လူမျိုးစုနွယ်တစ်စုဖြစ်ပါသည်။

မိမိလူမျိုးတို့၏ အမျိုးဂုဏ်ကို ထိန်းသိမ်းမြှင့်တင်နိုင်ရန်အတွက် စုပေါင်းနှစ်သစ်ကူးပွဲတော်၊ ခါးထောင်းဖားပွဲတော်၊ ဒန်းစီးပွဲတော်၊ ကောက်သစ်စားပွဲတော် စသည့်ရိုးရာဓလေ့ကို အခြေခံသော ပွဲတော်များစဉ်ဆက်မပြတ်ကျင်းပခြင်းဖြင့် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါသည်။

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-**

အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီဟာ ၂၀၁၅ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့ နိုင်ငံရေးပါတီမှတ်ပုံတင်အမှတ် (၉၃) ဖြင့် ဖွဲ့စည်းတည်ထောင်ခွင့် ရရှိခဲ့ပါသည်။ သက်တမ်းအားဖြင့် သုံးလသာရှိသေးသော်ငြားလည်းပဲ မိမိအာခါအမျိုးသားများ၏ စည်းလုံးညီညွတ်မှုအားဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာ အင်အားအသင့်အတင့်ရှိသော ပါတီတစ်ရပ်အဖြစ် ရပ်တည်နိုင်ပြီဖြစ်ပါသည်။

ပါတီ၏ ဆောင်ပုဒ်၊ ပါတီ၏ အလံ၊ ပါတီ၏အမှတ်တံဆိပ်တို့ကို ရှင်းပြပေးလိုပါသည်။ ပါတီ၏ဆောင်ပုဒ်မှာ မိမိတစ်ဦးချင်းစီ၌ရှိသော အရည်အချင်းများစုပေါင်း၍ မိမိအမျိုးဂုဏ်ကို မြှင့်တင်ကြစို့ဟူ၍ ဖြစ်ပါသည်။ အဓိပ္ပာယ်ကတော့ မိမိလူမျိုး၊ မိမိဒေသနှင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်မှာ နိုင်ငံသားတိုင်းမှာ တာဝန်ရှိသည်ဟု ဖော်ဆောင်ပါသည်။ ပါတီ၏အလံမှာ အလယ်ဗဟိုတွင် အနီရောင်ရှိပြီး ပတ်ပတ်လည်မှာ ဝါ၊ စိမ်း၊ ဖြူ ပြာ ဝိုင်းရံနေတာကို မြင်တွေ့ရမှာဖြစ်ပါသည်။ အဓိပ္ပာယ်ကတော့ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများသည် နေမင်းကြီး၏ အောက်မှာ တန်းတူညီမျှအခွင့်အရေးရှိသည်ဟု ဖော်ဆောင်ပါသည်။
ပါတီ၏အမှတ်တံဆိပ်မှာ ဒန်းပုံဖြစ်ပြီး အာခါရိုးရာဓလေ့မှ စည်းလုံးညီညွတ်ခြင်းဟူသော အဓိပ္ပာယ်ကို ဖော်ဆောင်ပါသည်။

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-**

နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံရေးပါတီများပေါ်တွင် မှီတင်းနေပါသည်။ နိုင်ငံရေးပါတီ အဖွဲ့အစည်းများကသာလျှင် နေရာဒေသအနှံ့အပြား အောက်ခြေလူထုအထိ ထဲထဲဝင်ဝင် ထိတွေ့ဆက်ဆံနိုင်မည်ဖြစ်ပြီး လူထု၏ လိုအပ်ချက်အမှန်တရားကိုလည်း သိရှိနိုင်မည်ဖြစ်ပါသည်။

အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ စတင်ဖွဲ့စည်းစဉ်ကတည်းကပင် မူဝါဒများချမှတ်ပြီး ဖွဲ့စည်းခဲ့ပါသည်။ မူဝါဒအချို့ကို တင်ပြရမည်ဆိုလျှင်-

**အာခါအမျိုးသားရေး**

မိမိတို့အာခါအမျိုးသားများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးစသည့် အခြေခံလိုအပ်ချက်များကို အာခါလူမျိုးများသာလျှင် ပိုမိုရှာဖွေတွေ့ရှိနိုင်ပြီး နားလည်ပေးနိုင်သလို ကူညီဆောင်ရွက်မှုအပိုင်းမှာလည်း အာခါလူမျိုးများက ပိုမိုကျယ်ပြန့်ထိရောက်စွာ တာဝန်ယူကူညီနိုင်မည်ဟု ယုံကြည်ပါသည်။ အာခါအမျိုးသားများ၏ ရိုးရာဓလေ့၊ စာပေအနုပညာ ယဉ်ကျေးမှုစသည်များကို အာခါလူမျိုးများသာလျှင် ပိုမိုဖော်ထုတ်ထိန်းသိမ်းနိုင်မည်ဟု ယုံကြည်ပါသည်။ အာခါလူမျိုးများ၏ လူမှုရေးပြဿနာများကိုလည်း အာခါလူမျိုးများသာလျှင် ကူညီဖြေရှင်းနိုင်မည်ဟု ယုံကြည်ပါသည်။

**တိုင်းရင်းသားအရေး**

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးစု ၁၃၅ မျိုးကျော် စုပေါင်းနေထိုင်ပါသည်။ တိုင်းရင်းသားများ၏ တန်းတူညီမျှရေး၊ လူမျိုးစုငယ်များ၏ အခွင့်အရေးများကိုလည်း တိုင်းရင်းသားများ အချင်းချင်းသာလျှင် ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါသည်။ပြည်တွင်းငြိမ်းချမ်းရေး ၊ တိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ်ရေး ၊ နိုင်ငံတော်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၊ တပ်မတော်၊ တိုင်းရင်းသားလူမျိုးစုအားလုံး နားလည်မှု၊ ယုံကြည်မှုတည်ဆောက်နိုင်မှသာလျှင် အောင်မြင်မည်ဟု ယုံကြည်ပါသည်။ လူမျိုးစုများ၏ အမျိုးအမည်နေထိုင်ရာအရပ်ဒေသ ကွဲပြားခြားနားသကဲ့သို့ လူမျိုးစုတစ်စုစီ၏ မတူကွဲပြားသော နိုင်ငံရေးအယူဝါဒများကို သိရှိနားလည်အလေးထားမှသာလျှင် ၎င်းလူမျိုးစုအသီးသီး၏ဂုဏ်ကို မြှင့်တင်နိုင်မည်ဟု ယုံကြည်ပါသည်။

**ပြည်ထောင်စုအရေး**

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားရမည်။ ၂၀၀၈ ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းရင်းသားလူမျိုးစုရေးရာ ကိုယ်စားလှယ်များသည် တိုင်းရင်းသားလူမျိုးစုများ၏ လိုအပ်ချက်များကို ဖော်ဆောင်နိုင်ရန် ပြည်ထောင်စုအဆင့် ဥပဒေပြုနိုင်သည့် ကိုယ်စားလှယ်များအဖြစ် ပါဝင်နိုင်ရေး အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ရည်မှန်းပါသည်။ ပါတီစုံပါဝင်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်နိုင်ရန် နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုတပ်မတော်၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ အပြန်အလှန်ယုံကြည်မှုဖြင့် ပူးပေါင်းဆောင်ရွက်မှု မူဝါဒကို အခြေခံမှသာလျှင် အောင်မြင်နိုင်မည်ဟု ယုံကြည်ပါသည်။

**တပ်မတော်၏အခန်းကဏ္ဍ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ကမ္ဘာ့အလယ်မှာ ထည်ဝါစွာရပ်တည်နိုင်ရန် တိုင်းရင်းသားအချင်းချင်း ငြိမ်းချမ်းရေးရယူပြီး ပြည်ထောင်စုတပ်မတော် တစ်ရပ်တည်း ရှိရမည်ဟု ယုံကြည်ပါသည်။ ထာဝရငြိမ်းချမ်းရေး အစဉ်တည်တံ့နိုင်ရန်လည်းကောင်း၊ ပြည်ပရန်ကို ကာကွယ်ရန်လည်းကောင်း၊ နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ရန် လည်းကောင်း၊ ခေတ်မီတပ်မတော် တည်ဆောက်ရမည်ဟု ယုံကြည်ပါသည်။

လက်ရှိနိုင်ငံတော်၏ အခြေအနေအရ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုရရှိနိုင်ရန်၊ နိုင်ငံရေးပြုပြင်ပြောင်းလဲရေးဖြစ်စဉ်၌ တပ်မတော်သည် အရေးကြီးသည့်အခန်းကဏ္ဍမှ အချိန်ကာလတစ်ခုထိ ပါဝင်ရမည်ဟု ယုံကြည်ပါသည်။

**လုပ်ငန်းစဉ်**

အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရာ၌ အာခါတိုင်းရင်းသားတို့သည် ပြည်ထောင်စုဖွားညီအစ်ကိုတိုင်းရင်းသားလူမျိုးစုများနှင့်အတူ ချစ်ကြည်ရင်းနှီးစွာဖြင့် အတူလက်တွဲပြီး လိုအပ်သော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာရန် ဦးတည်၍ လုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံကျသော

၁။ အခြေခံစစ်တမ်းကောက်ယူခြင်း ( Data Collection )
၂။ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် သုံးသပ်ခြင်း (Analysis )
၃။ မဟာဗျူဟာနှင့် နည်းဗျူဟာများ ရေးဆွဲခြင်း (Strategic Plan )
၄။ လုပ်ငန်းများအကောင်အထည်ဖော်ခြင်း (Activity )

များကို စနစ်တကျ အဆင့်ဆင့်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မဲဆန္ဒရှင် မိဘပြည်သူများနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ တိုင်းရင်းသားညီနောင်များခင်ဗျား -**

အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီသည် ၂၀၁၅ ပါတီစုံ အထွေထွေရွေးကောက်ပွဲတွင် အာခါအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ ကိုယ်စားလှယ်လောင်း ခြောက်ဦး ပါဝင်အရွေးကောက်ခံသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အမျိုးဂုဏ်၊ ဒေသဂုဏ်၊ နိုင်ငံ့ဂုဏ်ကို တစ်ထောင့်တစ်နေရာမှ ဖော်ဆောင်မည်ဖြစ်သော အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ဒန်းပုံအား ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ တိုင်းရင်းသားညီနောင်များ၊ အာခါတိုင်းရင်းသားများ ပါဝင်ထောက်ခံမဲပေးကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါသည်။ (နီဆားအိုလုဦး- အေးချမ်းပါစေ)

**စည်းလုံးခြင်းဖြင့် အမျိုးဂုဏ်ကို မြှင့်တင်စို့**

၁။ အာခါအမျိုးသားတို့ စုရုံးကြ၊ ပူးပေါင်းကြ၊ စည်းရုံးကြ တို့လူမျိုး တို့အနာဂတ် သင်းကွဲရင် ကျားဆွဲ၊ မျိုးကွဲရင် လူမျိုးပျောက် ဘိုးဘေးတို့ဆိုစကား၊
၂။ ဘိုးဘေးတို့ကျေးဇူး အာခါအမျိုးသားတို့ ဆုံစည်းကြ၊ စည်းရုံးကြ တိုင်းရင်းသားအချင်းချင်း တစ်အူထုံ့ဆင်း ညီအစ်ကိုများ အနာဂတ်သို့ ချီတက်ကြ၊
၃။ ဘိုးဘေးတို့ကျေးဇူး အာခါအမျိုးသားတို့ မြေပြန့်တောင်ပေါ် မခွဲခြား၊ စည်းလုံးခြင်းဖြင့် အမျိုးဂုဏ်ကို မြှင့်တင်ကြ စုပေါင်းညီညာ ချီတက်ကြ။

# မဲရုံမှူး၊ ဒုမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ ဆင့်ပွားသင်တန်းဖွင့်

**ပြင်ဦးလွင် အောက်တိုဘာ ၅**

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲရုံးမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ အခန်းကဏ္ဍမှာ အရေးပါသောကြောင့် သတ်မှတ်ထားသည့် လုပ်ငန်းတာဝန်များ၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ၊ မဲရုံအလိုက်လိုအပ်မည့် စာရင်းဇယားများအား သိရှိနိုင်ရန်အတွက် ခရိုင်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၃ ရက်က ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။



ရှေးဦးစွာ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဘိုရွှေနှင့် ခရိုင်ဥက္ကဋ္ဌ ဦးတင်မောင်ဦးတို့က အမှာစကားပြောကြားကြပြီး တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ၊ မဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များ၏ တာဝန်ဝတ္တရားများ၊ ကြိုတင်မဲပေးခြင်းဆိုင်ရာများ၊ မဲရုံတွင်ထားရှိရမည့်ပုံစံများ၊ မဲရုံဖွင့်လှစ်ခြင်း၊ ပိတ်ခြင်း၊ မဲရလဒ်များရေတွက်ခြင်းဆိုင်ရာများကို ဆွေးနွေးတင်ပြကြခဲ့ကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာကြသည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များက မရှင်းလင်းသည်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းတင်ပြကြပြီး မဲရုံအဖွဲ့ဝင်များ၏ တာဝန်များ၊ ပယ်မဲ၊ အတည်ပြုမဲများဆိုင်ရာ လေ့ကျင့်မှုများကို လက်တွေ့ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ (၄၃၂)